# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၁၂၆)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး ၂၀၂၀ တက်ရောက်ရန် ကိုရီးယားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီး အစည်းအဝေး ၂၀၂၀ (Peace, Security and Human Development World Summit 2020) သို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယသမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

---


မတူကွဲပြားမှုများမှသည် ပြည်ထောင်စုအောင်ပွဲဆီသို့ စာ ၆

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဖျက်သင်္ဘော အရှေ့အလယ်ပိုင်းဒေသသို့ ထွက်ခွာ စာ ၁၄

သေဆုံးမှုတွေ မြင့်တက်လာမှုနဲ့အတူ ကမ္ဘာ့စိုးရိမ်မှုတွေ ဖြစ်ပေါ်လာစေတဲ့ ကိုရိုနာဗိုင်းရပ်စ် စာ ၁၅

ဝူဟန်မြို့မှ ပြန်လည်ခေါ်ယူလာသည့် ကျောင်းသား၊ ကျောင်းသူ ၅၉ ဦး မန္တလေး ကန်တော်နဒီဆေးရုံသို့ ရောက်ရှိ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုများခံယူ စာ ၁၁





# စာနာမှု၊ လူ့ကျင့်ဝတ်၊ မေတ္တာတရားနှင့် အမြော်အမြင်ကြီးမားခြင်း

တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်သော ကိုရိုနာဗိုင်းရပ်စ် ပိုးမွှားကူးစက်မှု ကမ္ဘာအနှံ့အပြားဆီသို့ ရောက်ရှိလာသည့်အခါ နိုင်ငံတကာတွင် အရေးပေါ်အချက်ပေးခေါင်းလောင်းသံများ ကျယ်လောင်စွာ မြည်ဟည်းသွားလေသည်။ ရောဂါပိုးကူးစက်မှုပျံ့နှံ့သည်မှာ မြန်ဆန်ခြင်း၊ လူလူချင်း ကူးစက်နိုင်ခြင်း၊ ရောဂါ၏ ထိုးနှက်မှုက ပြင်းထန်ခြင်း၊ သေကျေပျက်စီးရသည်အထိ ဖြစ်လာခြင်းတို့က နိုင်ငံအသီးသီးကို ချက်ချင်းဆိုသလို နိုးကြားသွားစေ၏။

ကာကွယ်ရန်နည်းလမ်းတို့ကို အလျင်အမြန်ဆိုသလို နိုင်ငံသားတို့ သိစေရန် ထုတ်ပြန်ကြေညာ၏။ ကာကွယ်နိုင်မှု နည်းလမ်းမျိုးစုံကို အားထုတ်ကြိုးပမ်းရှာဖွေကြ၏။ အမြန်ဆုံးသက်သာပျောက်ကင်းအောင် ကုသနိုင်မည့် နည်းလမ်းမျိုးစုံကို အင်တိုက်အားတိုက် ရှာဖွေကြ၏။ နိုင်ငံအချင်းချင်းလည်း သတင်းဖလှယ်ကြ၏။

သည်အနေအထားတစ်ခုလုံးက လူသားအားလုံးနှင့် သက်ဆိုင်နေသည့် ကိစ္စဖြစ်၏။ နိုင်ငံတစ်ခု၏ သီးခြားပြဿနာတစ်ခုအနေဖြင့် မဟုတ်တော့ပြီ။ ရောဂါပြန့်ပွားမှုနှုန်းနှင့် အန္တရာယ်က ကမ္ဘာ့နိုင်ငံများအကြားတွင် ရန်သူမိတ်ဆွေမခွဲခြားဘဲ အားလုံးကို အကျပ်အတည်းတွင်းထဲသို့ပို့ရန် ဦးတည်နေပြီဖြစ်၏။ တရုတ်နိုင်ငံအတွင်းမှာ မြို့တော်တော်များများကို ပိတ်ထားပြီ။ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများမှလွဲလျှင် စက်ရုံတို့ကိုလည်း ပိတ်ထားပြီ။ ဆေးရုံများမှလွဲလျှင် အလုပ်ရုံတော်တော်များများကို ပိတ်ထားရပြီ။ ကျောင်းများ၊ ဈေးများကို ပိတ်ထားပြီ။

တရုတ်နိုင်ငံ၏ စီးပွားရေးထိခိုက်ရသလို တရုတ်နိုင်ငံနှင့် ဆက်စပ်ပတ်သက် အလုပ်လုပ်နေရသည့် ကမ္ဘာ့နိုင်ငံအများအပြား၏ စီးပွားရေးသည်လည်း သည်သို့ပင်ဖြစ်ချေမည်။ ကုန်စည်ကူးသန်းလုပ်ငန်းများမှအစ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့နှင့် ဆက်စပ်နေသည့် လုပ်ငန်းအရပ်ရပ်တို့သည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် လျော့နည်းကျဆင်းသွားဖို့ ဖြစ်နိုင်ချေများပြီ။ အတိုချုံးပြောရလျှင် တစ်ကမ္ဘာလုံး၏ စီးပွားရေး၊ လူမှုရေးစသည့် အထွေထွေကဏ္ဍအသီးသီးတွင် ကျဆင်းသွားလိမ့်မည်ဆိုသည်ကို အလွယ်တကူခန့်မှန်းလို့ရသည်။ နိုင်ငံတို့တွင် စီးပွားရေး ကမောက်ကမဖြစ်သည်ဆိုသည်နှင့် ရာဇဝတ်မှု၊ ဥပဒေစိုးမိုးရေး၊ နိုင်ငံရေး မတည်ငြိမ်မှု စသည်တို့က နောက်ဆက်တွဲပါလာတတ်သည့် ပြဿနာများ ဖြစ်ပေသည်။

စသည်တို့က ယနေ့ကမ္ဘာ၏ လက်ငင်းအနေအထားဖြစ်၏။

ဤသည်မှာ ယနေ့ကမ္ဘာ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေလည်းဖြစ်၏။ သည်လိုအခြေအနေတွင် နိုင်ငံတကာက ချက်ချင်းဆိုသလို အရေးယူဆောင်ရွက်မှုမျိုးစုံကို ကြံဆဆောင်ရွက်ကြ၏။ နိုင်ငံအလိုက်၊ အစိုးရအလိုက်သာမက လူတစ်ဦးချင်းစီကပါ ဘယ်လိုနေရာမှ ပါဝင်ဆောင်ရွက်ရမလဲဆိုသည်ကို ချင့်ချိန်ကြ၊ ဝိုင်းဝန်းကြ၏။

ယခုကဲ့သို့သော ကျန်းမာရေးဆိုင်ရာပြဿနာ ဖြစ်ပွားသည်ဆိုသော သတင်းထွက်ပေါ်လာသည်နှင့် တရုတ်နိုင်ငံနှင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ ပြိုင်ဘက်များဖြစ်ကြသော နိုင်ငံကြီးများကလည်း ချက်ချင်းဆိုသလို အကူအညီမျိုးစုံပေးရန် ကမ်းလှမ်းကြ၏။ ဆေးပညာရပ်ဆိုင်ရာ သုတေသနပြုမှုမျိုး၊ ဆေးဝါးသစ်ရှာဖွေဖော်ထုတ်ခြင်းမျိုးအစရှိသည့် အတူပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းမျိုးစုံကို ရှာဖွေကာကူညီကြ၏။

'တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်ပိုးမွှားပြဿနာကို ဝိုင်းဝန်းကူညီကြဖို့ ကမ္ဘာနှင့်အဝန်း ညီညွတ်စို့'ဟူ၍ နိုင်ငံတကာက ကြွေးကြော်စိုင်းပြင်းနေကြ၏။ ဥရောပသမဂ္ဂ၊ ကမ္ဘောဒီးယား၊ သြစတြေးလျ၊ အမေရိကန်၊ စင်ကာပူ၊ တောင်အာဖရိက စသည့်နိုင်ငံများက အကူအညီပေးမည့်ကမ်းလှမ်းကြေညာချက်များ ထွက်ပေါ်လာ၏။

မိုက္ကရိုဆော့ဖ်၊ ဒဲလ်၊ လာအိုရီးယယ်၊ ကာဂရေးလ်အစရှိသည့် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံတို့မှ ထင်ရှားသောလုပ်ငန်းကြီးများက တရုတ်နိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးတာဝန်ခံဌာနနှင့် တရုတ်ကြက်ခြေနီအဖွဲ့အစည်းတို့သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း လှူဒါန်းလိုက်သည်။ ကုသရေးနှင့် ကာကွယ်ရေးဆိုင်ရာတို့ကို ဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများအတွက် အမေရိကန်ဒေါ်လာ ငါးသန်းအပါအဝင် လက်ငင်းလိုအပ်နေသော တရုတ်နှင့်အာဖရိကနိုင်ငံများသို့ ဘီလ်ဂိတ်နှင့် မယ်လင်ဒါဖောင်ဒေးရှင်းက အမေရိကန်ဒေါ်လာ ဆယ်သန်းပေးလှူမည်ဟု ကြေညာလိုက်၏။ ဂျပန်နိုင်ငံအခြေစိုက် အီလက်ထရွန်နစ်လုပ်ငန်းကြီးဖြစ်သည့် အင်နာဂိုရာကုမ္ပဏီကလည်း ဝူဟန်မြို့နှင့် ဟူပေပြည်နယ် ပြည်သူလူထုထံသို့ နှာခေါင်းစည်းများ ကုန်သင်္ဘောဖြင့် ပေးပို့လှူဒါန်းလိုက်၏။ နှစ်ပေါင်းလေးဆယ်ကျော် ညီအစ်မမြို့များအဖြစ် ရပ်တည်ခဲ့သော ဂျပန်နိုင်ငံ အိုအိတာမြို့ကလည်း နှာခေါင်းစည်းများနှင့်အတူ 'အားတင်းထားပါ ဝူဟန်' ဟူသော စာတမ်းများရိုက်နှိပ်ထားသည့် အရေးပေါ်ကယ်ဆယ်ရေးသေတ္တာများကို ပေးပို့လှူဒါန်း၏။

ဤသည်တို့မှာ နိုင်ငံတကာမှ တရုတ်နိုင်ငံသို့ စာနာကူညီမှုအချို့ကို ကောက်နုတ်ဖော်ပြခြင်းသာ ဖြစ်ပါသည်။ များစွာသော နိုင်ငံတကာပြည်သူတို့က နည်းလမ်းအဖုံဖုံဖြင့် ကူညီနေကြသည် ဖြစ်၏။ လူသားတို့တွင်ရှိသည့် ယဉ်ကျေးမှု၊ လူသားချင်းစာနာတတ်မှု၊ ဓမ္မကိုအခြေခံသည့် လူ့ပီသမှု၊ အမှန်တရားပေါ်တွင် ယုံကြည်ခြင်းအပြည့်ဖြင့် ရပ်တည်လုပ်ဆောင်တတ်သည့် ကိုယ်ကျင့်သီလတို့သည် သာမန်အချိန်များမှာထက် အရေးကြုံလာသောအခါများတွင် ထင်ထင်ရှားရှား ပေါ်ပေါက်တွေ့မြင်ရလေသည်။ တစ်နည်းအားဖြင့် အန္တရာယ်နှင့် လက်ငင်းကြုံတွေ့နေရသူကို ကူညီခြင်းဖြင့် မိမိတို့ကိုယ်ကိုယ်လည်း ကူညီရာရောက်သည်သာပဲ ဖြစ်ပေသည်။

အများနှင့်ယှဉ်၍ အခက်အခဲအကျပ်အတည်းများ ပေါ်ပေါက်လာသည့်အခါ မိမိအတွက် ကိုယ်ကျိုးရှာမှုသက်သက်ထက် အများနှင့်စပ်လျဉ်းစဉ်းစားတတ်သည့် လေးနက်မှုဖြင့် မေတ္တာတရားတို့ကသာ မိမိနှင့်တကွသော လောကကောင်းကျိုးကို ဖော်ဆောင်နိုင်မည့် အမြော်အမြင်ကြီးမားမှု ဖြစ်ပေမည်။ ။




# ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး (၉၆) ကြိမ်မြောက် ဘုရားပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် သကျမာရဇိန်သွန်းဘုရားကြီး ဘဏ္ဍာတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၉၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၈ ရက်နေ့မှစ၍ လပြည့်ကျော် ၃ ရက်အထိ ၁၁ ရက်တိုင်တိုင် ကျင်းပသွားမည်ဟု သိရသည်။

တပေါင်းလဆန်း ၈ ရက်နေ့တွင် ပွဲတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို သကျမာရဇိန်သွန်းဘုရားကြီးမုခ်ဦး၌ နံနက်ပိုင်းတွင် ပြုလုပ်မည်ဖြစ်ပြီး လဆန်းပိုင်း ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ စတုဒိသာအလှူပွဲများ၊ ဆွမ်းဆန်တော်လောင်းလှူပွဲများနှင့် တပေါင်းလဆန်း ၁၅ ရက်နေ့နံနက်တွင် ဘုရားအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပမည်ဖြစ်သည်။ ပွဲတော်ရက်အတွင်းဖြစ်သော တပေါင်းလဆန်း ၁၁ ရက်မှ ၁၅ ရက်နေ့အထိကို ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲ၊ တုတ်ထိုး၊ မျက်လှည့်ပွဲများ စသည်တို့ကို တင်ဆက်ကပြမည်ဖြစ်သည်။

ခရမ်းမြို့သကျမာရဇိန်သွန်းဘုရားကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၉၅ နှစ်၊ ၁၂၈၆ ခုနှစ် တပေါင်းလက ရှေးဘိုးဘွားများတည်ထားကိုးကွယ်ခဲ့ကြသော ကြေးသွန်းဘုရားကြီးဖြစ်ပြီး ဘုရားကြီးမှာ သာသနိကအဆောက်အအုံများကို ၁၃၇၂ ခုနှစ်မှစတင်၍ ပြည်သူများနှင့် စေတနာရှင်များ၏ ပါဝင်လှူဒါန်းမှု ငွေကျပ်သိန်း ၉၄၀၄ သိန်းဖြင့် ဘက်စုံပြုပြင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါ သွန်းဘုရားကြီးနှင့် သာသနိကအဆောက်အအုံတို့မှာ တင့်တယ်စွာရှိနေပြီဖြစ်သည်။ ထိုသွန်းဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ထာဝစဉ်သစ်လွင်နေစေရန် ဘုရားကြီးဘဏ္ဍာတော်ဂေါပကအဖွဲ့က ဆက်လက်ပြုပြင်မွမ်းမံတည်ဆောက်နေမည်ဖြစ်ကြောင်းနှင့် စေတနာရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်ရေးဆွဲရေး လူထုသဘောထားရယူသည့် တွေ့ဆုံပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်ရေးဆွဲရေး လူထုသဘောထားရယူသည့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကင်ပွန်းတန်း စိုက်ပျိုးစီးပွား အသိပညာပေးစခန်းတွင် ကျင်းပမည်ဖြစ်သည်။

သတင်းမီဒီယာများအနေဖြင့် ယင်းအခမ်းအနားကို လာရောက်သတင်းရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒလမြို့နယ်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**ဒလ ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ပေါက်စံတည်ပရဟိတအသင်းကြီးမှ မျက်စိဝေဒနာရှင်ပြည်သူများအား ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ပါရဂူကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် သီရိဇေယျနော်ရထာခန်းမတွင် မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးကာ စားဆေး၊ မျက်စဉ်း၊ ဆေးများလိုအပ်ပါက ဆေးပေးကုသခြင်းနှင့် ခွဲစိတ်ရန်လိုအပ်ပါက ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

မျက်စိစမ်းသပ်ခွဲစိတ်ကုသလိုသူများအနေဖြင့် ပေါက်စံတည်ပရဟိတအသင်းကြီး၏ ဥက္ကဋ္ဌ ဦးနန္ဒထင်ကျော် ဖုန်း ၀၉- ၆၈၈၂၈၉၆၈၈၊ ၀၉-၂၆၃၁၁၈၈၁၃၊ ၀၉၆၉၅၉၈၃၃၂၃)နှင့် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံတွင် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

**မိုး/ဇလ**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင်အသုံးပြုနိုင်ရန် အလှူငွေများလှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လှူဒါန်းငွေကျပ် ၁ ဒသမ ၅၇၃၁ ဘီလီယံကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အော်ပရေတာများတွင် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ခြင်းမရှိသောကြောင့် ပိတ်သိမ်းလိုက်ရသည့် ဖုန်း SIM Card အရေအတွက် ၆ ဒသမ ၅၅ သန်းကျော်တွင် ကျန်ရှိသည့် လက်ကျန်ငွေကျပ် ၁ ဒသမ ၅၇၃၁ ဘီလီယံကို သုံးစွဲသူအများပြည်သူများကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ဇန်နဝါရီ ၃၁ ရက်က လာရောက် လှူဒါန်းသည်။

### ပြန်လည်အသုံးပြုနိုင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဤလှူဒါန်းငွေများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဖုန်းသုံးစွဲသည့် လူမျိုး၊ ဘာသာပေါင်းစုံမှ ထည့်သွင်းထားသော ကြိုတင်ငွေများ၏ လက်ကျန်ငွေများဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ခြင်းမရှိသောကြောင့် ပိတ်သိမ်းလိုက်ရသည့် ဖုန်း SIM Card အရေအတွက် ၆ ဒသမ ၅၅ သန်းကျော်တွင် ကျန်ရှိသည့် ပြည်သူများ၏ငွေများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအကျိုးရှိမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ပြည်သူများအတွက် အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်ရန် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

### တိုက်ရိုက်ထည့်သွင်း

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လှူဒါန်းငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေထဲသို့ တိုက်ရိုက်ထည့်သွင်းမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် ရေတို၊ ရေလတ်၊ ရေရှည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကာ ပြည်သူများအကျိုးအတွက် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းမှုသည်လည်း ပြည်သူမှပြည်သူသို့ လှူဒါန်းခြင်း ဖြစ်ကြောင်းဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လှူဒါန်းငွေကျပ် ၁ ဒသမ ၅၇၃၁ ဘီလီယံကိုပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြား





ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

"ဇီဝမျိုးစုံမျိုးကွဲ အခွန့်ရှည်ဖို့ ရေဝပ်ဒေသတွေ ထိန်းသိမ်းစို့"ဆောင်ပုဒ်ဖြင့် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မိုးယွန်းကြီးအပန်းဖြေစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမှာစကားပြောကြားရာ၌ ရေဝပ်ဒေသများတည်တံ့မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ အသက်ရှင်ရပ်တည်မှုတို့သည် အပြန်အလှန်အမှီသဟဲပြုနေပြီး ရေဝပ်ဒေသများ စဉ်ဆက်မပြတ် မပျက်မစီးတည်ရှိနေမှသာ ရေဝပ်ဒေသများတွင် နေထိုင်ကျက်စားကြသော ဇီဝမျိုးစုံမျိုးကွဲများ အခွန့်ရှည်မည်ဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်သည် ဇီဝမျိုးစုံမျိုးကွဲ သယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်၏ ဝန်ဆောင်မှုတန်ဖိုးများကို ရေရှည်တည်မြဲနိုင်ရန်အတွက် ထင်ဟပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် နိုင်ငံအဆင့် အခမ်းအနားများကို ၂၀၁၂ ခုနှစ်မှစတင်ပြီး နေပြည်တော်၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တို့တွင် တစ်လှည့်စီ ကျင်းပခဲ့ရာ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ကျင်းပခဲ့သည်မှာ လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

### ရာသီဥတုပြောင်းလဲမှု လျှော့ချ

ယခုကဲ့သို့ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသည့်အတွက် ရေဝပ်ဒေသများ အနေဖြင့် လူသားတို့အပေါ် အကျိုးပြုမှုများကို သိမြင်နိုးကြားလာကာ ဆက်စပ်ပတ်သက်သူများအနေဖြင့် ရေဝပ်ဒေသ ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်း စသည်တို့တွင် ပူးပေါင်းပါဝင်မှု အားကောင်းလာရန် ရည်ရွယ်ပါကြောင်း၊ ရေဝပ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲများအတွက်သာမက ရေသယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်များ ရေရှည်တည်မြဲစေရေး ထိန်းညှိပေးခြင်း၊ ရှားပါးမျိုးစိတ်များနှင့် ဒေသရင်းမျိုးစိတ်များအတွက် အဓိကကျက်စားရာ ဒေသများဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း စသည်ဖြင့် လူ့အဖွဲ့အစည်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော ဂေဟစနစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်း စသည့်လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း ရေဝပ်ဒေသများက အထောက်အကူ ပြုလျက်ရှိပါကြောင်း။

### ရမ်ဆာရေဝပ်ဒေသ ငါးနေရာ

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းကို ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး သစ်တောဦးစီးဌာနက ရမ်ဆာကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းအဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့အဆင့် အရေးပါသည့် ရေဝပ်ဒေသထိန်းသိမ်းရေး နယ်မြေများအဖြစ် ၂၀၀၄ ခုနှစ်တွင် မိုးယွန်းကြီးအင်း၊ ၂၀၁၆ ခုနှစ်တွင် အင်းတော်ကြီး၊ ၂၀၁၇ ခုနှစ်တွင် မိန်းမလှကျွန်းနှင့် မွန်ပြည်နယ်အတွင်းရှိ မုတ္တမပင်လယ်ကွေ့ဒေသ၊ ၂၀၁၈ ခုနှစ်တွင် အင်းလေးကန် တို့ကို ရမ်ဆာရေဝပ်ဒေသ ငါးနေရာအဖြစ် သတ်မှတ်ပြီးဖြစ်ကြောင်း၊ ရေဝပ်ဒေသများကို ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးပြုခြင်း၌ ဆက်စပ်ပတ်သက်သည့် ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှုကို မြှင့်တင်နိုင်ရန်အတွက် ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာ လုပ်ငန်းများကို ပြုစုရေးဆွဲခဲ့၍ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးများ ကြံ့ကြံ့ခံနိုင်ရန် သဘာဝကို အခြေခံသည့် ဖြေရှင်းမှုများနှင့် သဘာဝကို အခြေခံသည့် ရာသီဥတုဖြေရှင်းမှုများကို ဦးစားပေး ဆောင်ရွက်ကြရာတွင် ရေဝပ်ဒေသများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်ရာ၌ ပူးပေါင်းပါဝင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

### အမှာစကားပြောကြား

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီမှ Assistant Director General Mr. IvarMyklebust တို့က အမှာစကားပြောကြားကြသည်။

### လွှဲပြောင်း ပေးအပ်

ယင်းနောက် "ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ဖို့ ရေဝပ်ဒေသတွေထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် မိုးယွန်းကြီးဒေသရှိ စာသင်ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် မိုးယွန်းကြီးအင်း ဘေးမဲ့တောထိန်းသိမ်းရေးတွင် ပူးပေါင်းပါဝင်ခဲ့သည့် ဒေသခံကိုယ်စားလှယ် သုံးဦးတို့ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်၍ မုတ္တမပင်လယ်ကွေ့ (တိုးချဲ့) (ပဲခူးတိုင်းဒေသကြီးအပိုင်းနှင့် မွန်ပြည်နယ်အပိုင်း)ကို ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြု လက်မှတ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

### ဆွေးနွေး

မွန်းလွဲပိုင်းတွင် ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအစည်းအဝေး (၁/၂၀၂၀) ကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအတွင်း ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်း လုပ်ငန်းများနှင့် အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂**
၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆု ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဘိလိယက်၊ စနူကာနှင့် 9 Ball အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Yangon ၌ ကျင်းပသည်။

### ဝိုင်းဝန်းကူညီ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၁၉ခုနှစ် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခု ထိုက်တန်စွာဆွတ်ခူးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ရရှိခဲ့ကြသည့် အခြား အဖွဲ့ချုပ်များမှ အားကစားသမားများကိုလည်း မိမိတို့ဌာနမှ မကြာခင် အမြန်ဆုံး ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သော အာရှဘိလိယက်နှင့် စနူကာ ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် မန္တလေးမြို့တွင် လက်ခံကျင်းပခဲ့သည့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲများတွင်လည်း ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု ရရှိသည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ အားကစားသမားများ၏ အောင်မြင်မှုသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အသင်းအုပ်ချုပ်သူ၊ နည်းပြများ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် အလှူရှင်များနှင့်အတူ ဝိုင်းဝန်းပူးပေါင်းစည်းလုံးကြသည့်အတွက် ယခုလိုအောင်မြင်မှုရရှိခြင်းဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်ထားသော အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်းတွင်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 9-ball အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဘုန်းမြင့်ကျော်နှင့် အောင်မိုးသူတို့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ဘိလိယက်နှင့် စနူကာ အားကစားနည်းမပါဝင်သော်လည်း မည်သို့ပံ့ပိုးပေးရမည်ဆိုသည်ကို ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အကြံပြု ပြောကြားပေးစေလိုကြောင်းနှင့် မိမိကလည်း အကြံပြုပေးသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ယှဉ်ပြိုင်မှုနှင့် ဆုရရှိခဲ့ကြသည့် မှတ်တမ်းဗီဒီယိုရုပ်ပုံများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အကြိမ် (၃၀) မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အုပ်ချုပ်သူ၊ နည်းပြချုပ်၊ နည်းပြအနေဖြင့် ပါဝင်ခဲ့သော မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးခင်မောင်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးအေးချိုတူးနှင့် အလုပ်အမှုဆောင် ဦးအောင်ဆန်းဦးတို့အား ချယ်ရီဦးမှ နာရီများကို ပေးအပ်ချီးမြှင့်၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ဦးက စနူကာနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် ကိုထက်နှင့် သက်မင်းလင်း၊ 10-Ball အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် အေမီအောင်နှင့် သန္တာမောင်တို့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းစီ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ဘိလိယက်တစ်ဦးချင်း ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ နေသွေးဦးအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဝန်ကြီးဒေါက်တာ မြလေးစိန်က 9-ball အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဘုန်းမြင့်ကျော်အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက 9-ball အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဘုန်းမြင့်ကျော်နှင့် အောင်မိုးသူတို့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ကို အသီးသီးဂုဏ်ပြုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ KBZ Group မှ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်ထံသို့ အလှူငွေကျပ် သိန်း ၅၀၊ 9 Clup ဘိလိယက်နှင့် စနူကာမှ ကိုအေးချမ်းအောင်က ရွှေတံဆိပ်ရရှိသော ဘုန်းမြင့်ကျော်နှင့် အောင်မိုးသူတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ၊ 147 Clup ဘိလိယက်နှင့် စနူကာမှ ကိုနေအောင်က ရွှေတံဆိပ်ရရှိသော ဘုန်းမြင့်ကျော်နှင့် အောင်မိုးသူတို့အား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး KBZ Group မှ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညီမြင့် က နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားများအတွက် ဂုဏ်ပြုစကား ပြောကြားသည်။

### ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ရွှေတံဆိပ်ဆုနှစ်ဆုရရှိခဲ့သော ဘုန်းမြင့်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### အဓိကကူညီပံ့ပိုးခဲ့

အဆိုပါ ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ချယ်ရီဦးနာရီမှ ရွှေတံဆိပ်တစ်ခုလျှင် ငွေကျပ်သိန်း ၅၀၊ ငွေတံဆိပ်တစ်ခုလျှင် ငွေကျပ်သိန်း ၃၀ နှင့် ကြေးတံဆိပ်တစ်ခုလျှင် ငွေကျပ် ၁၀ သိန်းတို့အား စုစုပေါင်း သိန်း ၁၆၀ ကို အဓိကကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကော့မှူးမြို့နယ် ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းရှိ ကလေးသူငယ်များနှင့် လူငယ်များကို အားပေးစကားပြောကြားသည်။

### သင်ယူနိုင်စွမ်းရှိရန် အရေးကြီး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် သင်တန်းကျောင်းရှိ သင်တန်းသားများ နှင့်တွေ့ဆုံ၍ မိမိတို့နိုင်ငံသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းနေဆဲကာလဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးတစ်ယောက်ချင်းက ဆောင်ရွက်ပေးကြရန် တာဝန်ရှိကြောင်း၊ မိမိကိုယ်ကို အကျိုးရှိအောင်၊ ကောင်းမွန်အောင် ကြိုးပမ်းခြင်းဖြင့် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက်ပါ အကျိုးပြုလာနိုင်မည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပေးနိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းက ကိုယ့်တာဝန်ကိုယ်ယူခြင်းဖြင့် ထိုအခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်း ပညာ၊ အသက်မွေးဝမ်းကျောင်းပညာများကို လေ့လာ၊ ဆည်းပူး၊ သင်ယူကြရမည်ဖြစ်ရာ သင်ယူနိုင်စွမ်းရှိရန်လည်း အရေးကြီးပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် မိမိတို့ ကိုယ်ရည်ကိုယ်သွေးများ မြင့်မားလာအောင် ကြိုးစားဆောင်ရွက်မှုများကို ဟန့်တားနှောင့်ယှက်သည်သာမက အနာဂတ်ကို ပျက်စီးစေမည်ဖြစ်ကြောင်း။

### လေ့ကျင့်သင်ယူမှုများဆောင်ရွက်

အချိန်အကန့်အသတ်ရှိသည့် ကလေးဘဝကာလနှင့် လူငယ်ဘဝကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချရမည်ဖြစ်ကြောင်း၊ အကျိုးရှိသည့်ကိစ္စများကို ဦးနှောက်က တွေးခေါ်မှု၊ ဆင်ခြင်မှု မပြုလုပ်နိုင်အောင် မူးယစ်ဆေးဝါးက ပြောင်းလဲဖျက်ဆီးမည်ဖြစ်ကြောင်း၊ လူတိုင်းသည် မိမိတို့၏ အခွင့်အရေးများကို ရရှိခံစားရာတွင် ဥပဒေနှင့်အညီဖြစ်ရန်လိုအပ်ကြောင်း၊ ဥပဒေကို ကျော်လွန်သွားပါက အပြစ်ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းသို့ ရောက်ရှိနေသည့်ကာလကို အကျိုးရှိစွာကုန်ဆုံးစေရန် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ပံ့ပိုးပေးမည်ဖြစ်၍ လိုက်ပါကြိုးစားကြရန် တိုက်တွန်းပါကြောင်း၊ ဤသင်တန်းကျောင်းတွင် နေထိုင်ရမည့်ကာလကျော်လွန်ပြီးပါက အဆိုးကျော့သံသရာပြန်မလည်ရန်လည်း အရေးကြီးပါကြောင်း၊ မိမိတို့၏ အမှားများအတွက် ဤနေရာသို့ လာရောက်အပြစ်ခံယူသည်ဟု မမှတ်ယူဘဲ ရှေ့ဆက်ရမည့် ဘဝတစ်လျှောက် ကောင်းမွန်နိုင်ရေးအတွက် လေ့ကျင့်သင်ယူမှုများဆောင်ရွက်ကြရသည်ဟု သဘောထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းရှိ ကလေးသူငယ်များနှင့် လူငယ်များကို အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့သည် သင်တန်းကျောင်းသားများ၏ လိုအပ်ချက်များကို မေးမြန်းပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

### လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းတွင် တရားရုံးများမှ အကျင့်စာရိတ္တပြုပြင်ရန် ပေးပို့လာသည့် ကလေးသူငယ် ၅၅၃ ဦးနှင့် လမ်းပေါ်နေကလေးလူငယ် ၁၂၁ ဦး စုစုပေါင်း ၆၇၄ ဦးကို ပြုပြင်လေ့ကျင့် ပျိုးထောင်ပေးလျက်ရှိပြီး ကျောင်းပညာရေးအပြင် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။
(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။
(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

# (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး



ရန်ကုန် ဖေဖော်ဝါရီ ၂

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAO) ၏နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။ **(ယာပုံ)**

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး ၊ စောကျော်ညွန့် ၊ ဆော်လမွန်၊ နိုင်အောင်မငေး၊ ခွန်မြင့်ထွန်း၊ ဒေါက်တာစိုင်းဦးတို့ တက်ရောက်ကြသည်။

### JICM ၏ ဆုံးဖြတ်ချက်များ နှစ်ဖက်တွေ့ဆုံဆွေးနွေးမည်

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် "ကျင်းပပြီးစီးခဲ့သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေးတွင် သဘောတူညီချက် ၈ ချက် သဘောတူညီခဲ့ကြပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ၄လတာ ကာလအတွင်း ကျင်းပရေး၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ရယူရေး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း –၃ ချုပ်ဆိုနိုင်ရေး၊ NCA ပါ သဘောတူညီချက်များအရ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရမည့်အချက်များကို ဆက်လက်တွေ့ဆုံညှိနှိုင်းရေးစသည့် JICM ၏ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် နှစ်ဖက်တွေ့ဆုံဆွေးနွေးကြမည် ဖြစ်ပါကြောင်း၊ (၈) ကြိမ်မြောက် JICM အစည်းအဝေးအပြီးတွင် JICM သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာတွင် JICM ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ဆွေးနွေးပွဲများပြုလုပ်မည့် အချိန်ဇယား Timeline ကို အစိုးရဘက်က အဆိုပြုခဲ့ပြီး ယနေ့အစည်းအဝေးတွင် နှစ်ဖက်ပြန်လည်ညှိနှိုင်းကြမည် ဖြစ်ပါကြောင်း။

JICM အစည်းအဝေးတွင် ဆုံးဖြတ်ထားသည့်အတိုင်း ညီလာခံကို ၂၀၂၀ အစောပိုင်း ၄ လတာကာလအတွင်း ကျင်းပနိုင်ရန်ဆိုပါက ညီလာခံလုပ်ငန်းစဉ်များကို အမြန်ဆုံးစတင်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နှစ်ဖက်လုံး၏ တူညီသည့်ပန်းတိုင်ဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရရှိစေနိုင်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် မိမိတို့အားလုံး စိတ်တူကိုယ်တူ အလုပ်များ လုပ်ဆောင်ကြမှသာ ခရီးရောက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် NCA ကတိကဝတ်ပါ မျှော်မှန်းချက်များအပြင် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို မည်ကဲ့သို့ သဘောတူညီချက်များ ချမှတ်မည်ဆိုသည်ကိုလည်း မိမိတို့အကြား အကျေအလည်ဆွေးနွေးညှိနှိုင်းကြရမည် ဖြစ်ပါကြောင်း၊ ယနေ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများမှနေ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို ၂၀၂၀ ရွေးကောက်ပွဲအလွန်အထိ မျှော်မှန်းချမှတ်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း၊ အပစ်ရပ်လုပ်ငန်းစဉ်ခိုင်မာရေးအပြင် NCA စာချုပ်ပါ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကို မည်သို့မည်ပုံ အဆင့်လိုက် စဉ်းစားဆောင်ရွက်ကြမည်ဆိုသည်ကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုအပ်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုရှိရှိ အပေးအယူအလျှော့အတင်းများဖြင့် သဘောတူညီချက်များ ရယူပေးရန် လိုအပ်ပါကြောင်း။

### အဆင့်လိုက် လုပ်ငန်းစဉ်များ ကျေကျေလည်လည်ညှိနှိုင်းရန် လိုအပ်

တစ်ဖက်တွင် နိုင်ငံရေးအခြေခံမှုများအတွက် ဆွေးနွေးညှိနှိုင်းရမည်ဖြစ်သလို တစ်ဖက်တွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးမှနေ၍ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးအထိ ဆွေးနွေးညှိနှိုင်းသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ (၂၁) ရာစု ပင်လုံညီလာခံက ဆုံးဖြတ်ထားသည့် သဘောတူညီချက်များကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြမည်ကို NCA စာချုပ်တွင် လက်မှတ်ရေးထိုးကတည်းက မိမိတို့နှစ်ဖက် သဘောတူ ကတိကဝတ်ပြုခဲ့ကြပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပိုင်း၊ တပ်ပိုင်း ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်မည့် အဆင့်လိုက် လုပ်ငန်းစဉ်များကို ကျေကျေလည်လည် ညှိနှိုင်းသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အစိုးရနှင့် NCA–S EAO တို့၏ နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးခိုင်မာအောင်လုပ်ဆောင်ခြင်း ၊ ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကိစ္စ ၊ ၂၀၂၀ နှင့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးဆိုင်ရာ ဆက်လက်အကောင်အထည်ဖော်မှုများကိစ္စ ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာနိုင်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း NCA –S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၏ပြောကြားချက်အရ သိရသည်။

NCA–S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် "နှစ်ဖက်ထိပ်သီးခေါင်းဆောင်တွေက နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေ ဆွေးနွေးညှိနှိုင်းရမယ့် အကြောင်းအရာတွေကို ချမှတ်သက်မှတ်ပေးပြီးဖြစ်လို့ ချမှတ်ပေးထားတဲ့ အချက်တွေကို အောင်မြင်အောင် ၊ ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့က နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ကြီးလေးတဲ့ တာဝန်ပဲဖြစ်ပါတယ်။ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ စိတ်ပိုင်းဖြတ်ပြီး ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သွားမယ်ဆိုရင် အားလုံးလိုလားတောင့်တတဲ့ အဖြေကောင်းတွေ ရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တချို့အကြောင်းအရာတွေဟာ တစ်ကြိမ်နှစ်ကြိမ် ဆွေးနွေးရုံနဲ့ မပြီးပြတ်နိုင်တဲ့အတွက် နှစ်ဖက်ညှိနှိုင်းဖို့ အဆင်သင့် မဖြစ်သေးတဲ့ အကြောင်းအရာတွေကို နောက်နောင် အစည်းဝေးတွေမှာဖြစ်ဖြစ်၊ အလွတ်သဘော တွေ့ဆုံခြင်းမှာဖြစ်ဖြစ် ဆက်လက်ညှိနှိုင်းသွားဖို့ လိုကောင်းလိုအပ်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အချိန်ဇယားညှိနှိုင်းရာမှာ အချိန်အကန့်အသက်ရှိလို့ နှစ်ဖက်စလုံးအတွက် လူးသာလွန့်သာဖြစ်စေတဲ့ အချိန်ဇယား Timeline ဖြစ်အောင် ဝိုင်းဝန်းညှိနှိုင်းသွားရမှာ ဖြစ်ပါတယ်။

### ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်လေးစားအသိအမှတ်ပြုမှု ညှိနှိုင်းဆွေးနွေး

ငြိမ်းချမ်းရေးအသီးအပွင့်တွေ၊ ငြိမ်းချမ်းရေး အရသာစစ်စစ်ကို ပြည်ထောင်စုသားပြည်သူလူထုတစ်ရပ်လုံး စံစား၊ ခံစားနိုင်ရေးအတွက် မိမိတို့ညှိနှိုင်းရေးအဖွဲ့တွေက စွမ်းအားရှိသမျှ အားကုန်ထုတ် ကြိုးပမ်းလုပ်ဆောင်သွားကြဖို့ တာဝန်ရှိကြပါတယ်။ ဒီတာဝန်က ကြီးလေးသလို ကြီးမြတ်ပါတယ်။ ငြိမ်းချမ်းရေးသမိုင်းတွင်မယ့် မော်ကွန်းတင်နိုင်မယ့် အခွင့်အရေးကို မိမိတို့အားလုံး လက်မလွှတ်မိစေဘဲ မိမိရရဆုပ်ကိုင်နိုင်ဖို့ လိုအပ်ပါတယ်။ နှစ်ဖက်ခေါင်းဆောင်တွေက ယုံကြည်အားကိုးကြလို့ ဒီကြီးလေးတဲ့တာဝန်တွေကို နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေဆီ အပ်နှံခဲ့တာ ဖြစ်ပါတယ်။ မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေအနေနဲ့ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်လေးစားအသိအမှတ်ပြုမှု ၊ တန်းတူမှု၊ အများအကျိုးဦးထိပ်ထားမှုတို့နဲ့ ချစ်ချစ်ခင်ခင် ၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်းနဲ့ ညှိနှိုင်းဆွေးနွေးသွားရင် ပြီးမြောက်အောင်မြင်တဲ့၊ အားလုံးအတွက် အနိုင်ရပီတိဖြစ်စေတဲ့ ညှိနှိုင်းအစည်းအဝေးဖြစ်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

အစိုးရနှင့် NCA–S EAO ၏ နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

သတင်း..ရဲခေါင်ညွန့်
ဓာတ်ပုံ.ဖိုးထောင်

# မတူကွဲပြားမှုများမှသည် ပြည်ထောင်စုအောင်ပွဲဆီသို့

ဒေါက်တာ မြတ်မိုး

**မိသားစုတစ်စု အတွင်းမှာပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအသိုက်အမြုံ တစ်ခုမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခု ဒေသတစ်ခုမှာပဲဖြစ်ဖြစ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြလျှင်ဖြင့် အရေးအရာမှန်သမျှ အနေအထိုင်အယှက်ကင်းကင်းနဲ့ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ အောင်မြင်တတ်ကြပါတယ်။ တိုးတက်ဖွံ့ဖြိုးမှုလည်း ရရှိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နဲ့ ဒီလိုဖန်တီးနိုင်တဲ့ အရည်အချင်းတွေ ရရှိနေလို့ပဲဖြစ်ပါတယ်။ မြန်မာတိုင်းရင်းသားအပေါင်းဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရချင်လို့ နိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။**

လွတ်လပ်ရေးအတွက် အာမခံချက်တစ်ခုဖြစ်တဲ့ "တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြစ်မယ်" ဆိုတဲ့ ခံယူချက်နဲ့အတူ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ တိုင်းရင်းသားခေါင်းဆောင်များဟာ တစ်နိုင်ငံလုံး စည်းလုံးညီညွတ်ရေးကို တာဝန်ယူ တည်ဆောက်ခဲ့ကြတယ်။ လွတ်လပ်ရေးမရရှိမီ ချုပ်ဆိုနိုင်ခဲ့တဲ့ ၂၀ ရာစုပင်လုံ သဘောတူညီချက်ရဲ့ လားရာက လွတ်လပ်တဲ့ ပြည်ထောင်စုနိုင်ငံကြီးတစ်ခု ထူထောင်ဖို့ ဖြစ်ခဲ့ပြီး ယနေ့အထိတိုင်လည်း တိုင်းရင်းသားအားလုံးဟာ အမိမြန်မာနိုင်ငံအတွင်း အေးအတူပူအမျှ မှီတင်းနေထိုင်ကြလျက်ရှိကြသလို ယနေ့မျိုးဆက်သစ်ခေါင်းဆောင်များ ကြိုးပမ်းထမ်းဆောင်နေတဲ့ အဓိကတာဝန်တစ်ရပ်က လည်း နောင်သားစဉ်မြေးဆက် မိမိနိုင်ငံမျိုးဆက်တွေ အတွက် ထားရစ်ခဲ့ရမယ့် ထာဝရတည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းရေးပဲ ဖြစ်နေပါတယ်။

**ပြင်းပြတဲ့ စိတ်ဓာတ်များထားရှိရန် တစ်ဦးချင်းစီမှာ တာဝန်ရှိ**

ဒီငြိမ်းချမ်းရေး တာဝန်ကြီးကို ယနေ့ မျိုးဆက်မှာပဲ ပြီးပြတ်အောင်မြင်စေချင်တဲ့ စေတနာနဲ့ တာဝန်ယူမှုကို ကျင်းပပြီးစီးခဲ့တဲ့ ၂၁ ရာစုပင်လုံအစည်းအဝေးများက သက်သေပြသနေပါတယ်။ ယနေ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်တဲ့ အစည်းအဝေးမှန်သမျှအပေါ်မှာ မြန်မာပြည်သူတွေအားလုံးရဲ့ တောက်ပတဲ့ မျှော်လင့်ချက်တွေရှိနေသလို နောင်လာမယ့် ငါတို့မျိုးဆက်တွေအတွက် မှန်ကန်တဲ့အမွေတွေ ထားရစ်ပေးနိုင်မလားဆိုတဲ့ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေကိုလည်း မြင်တွေ့နေရပါတယ်။ ယခုလို မျှော်လင့်ချက်တွေ အစဉ်ရှင်သန်နေစေရန်မှာ ပါဝင်သက်ဆိုင်သူအားလုံးအတွက် အဓိကကျတဲ့ တာဝန်ကြီးတစ်ရပ် ဖြစ်လို့နေပါပြီ။ ကျွန်တော်တို့ဟာ "ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေကိုလည်း တန်ဖိုးထားတယ်။ တိုင်းရင်းသားအချင်းချင်း အပေါ်မှာလည်း လေးစား ယုံကြည်ကြတယ်။ ကိုယ့်ပြည်ထောင်စုကြီးကိုလည်း ချစ်တယ်။ ပြည်ထောင်စုကြီးအတွင်းမှာပဲ ဥမကွဲ သိုက်မပျက် နေလိုကြတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လက်တွဲတည်ဆောက်ပြီး တို့ပြည်နယ်၊ တို့ဒေသ၊ တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်သန်တယ်၊ မျှော်ကိုးတယ်" ဆိုရင် ဒီနိုင်ငံကြီးတည်ငြိမ်ဖို့၊ ဒီဒေသတည်ငြိမ်အေးချမ်းဖို့ တို့အားလုံးမှာ တာဝန်ရှိလာပြီလို့ ခံယူရမှာဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်း အနေနဲ့ ငြိမ်းချမ်းချင်တဲ့စိတ်၊ အရှိန်အဟုန်နဲ့ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လိုတဲ့ စိတ်ဓာတ်တွေ ရင့်ကျက်ဖို့ဆိုတာ အင်မတန် အရေးကြီးလာပါတယ်။

**မတူကွဲပြားမှုတွေဆိုတာ နေရာတိုင်းမှာအမြဲရှိ**

နိုင်ငံသား တစ်ဦးချင်းစီမှာ ပြည်ထောင်စုစိတ်ဓာတ် ဖြစ်ထွန်းဖို့၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် "ငြိမ်းချမ်းရေးကို ဦးစွာတည်ဆောက်ရမယ်" ဆိုတဲ့ ဘုံရည်မှန်းချက်ရှိကြတယ်ဆိုရင် ငြိမ်းချမ်းရေး အတွက် အဓိကပြဿနာတွေက ဘာလဲ။ သဘောထား မညီမျှမှုတွေ၊ အခြေအနေ မတူကွဲပြားခြားနားမှုတွေ၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့အကြား မယုံကြည်မှုတွေ၊ နားလည်မှုမပေးနိုင်တဲ့အချက်တွေ၊ အာဃာတအငြိုးအတေးတွေ၊ အဲဒီကမှတစ်ဆင့် ထိပ်တိုက်တွေ့မှုတွေနဲ့ ပဋိပက္ခဖြစ်စဉ်တွေရဲ့ အကြောင်းအရင်းတွေကို ညှိနှိုင်းအဖြေရှာ ပေါင်းစပ်ဖြေရှင်းနိုင်ဖို့ လိုပါတယ်။ ပဋိပက္ခတွေက တစ်ဖန် တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား သင်္ကာမကင်းမှု၊ စိုးရိမ်မှုတွေ တိုးပွားစေပြန်ပါတယ်။ မတူကွဲပြားမှုတွေ ဆိုတာ ပြည်ထောင်စုကြီးအတွင်းမှာ မပြောနဲ့၊ မိသားစု တစ်စုထဲမှာတောင် အမြင်မတူကြတာတွေ အများကြီး ရှိနိုင်ပါတယ်။ မိသားစု တစ်စုထဲမှာတောင် မိဘတွေရဲ့ အမြင်နဲ့ သားသမီးတွေရဲ့အမြင် တထပ်တည်းမကျနိုင်ပါဘူး။ အဖွဲ့အစည်းတွေအတွင်းမှာလည်း ထို့အတူပါပဲ။

တစ်ဦးချင်းအယူအဆတွေ ခြားနားနိုင်သလို အုပ်စုအဖွဲ့ အလိုက်လည်း သဘောထားတွေ ညီတူညီမျှ မရှိနိုင်ပါဘူး။ နောက်ခံအကြောင်းတရား အမျိုးမျိုးတွေကြောင့် မြို့တစ်မြို့၊ ဒေသတစ်ခု၊ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့ တစ်မျိုးအကြားမှာ မတူကွဲပြားမှုတွေရှိမယ်ဆိုတာ လက်မခံလို့မရပါဘူး။ မတူကွဲပြား ခြားနားမှုတွေဆိုတာ ပြဿနာမဟုတ်ပါ။ ဒီလိုကွဲပြားခြားနားမှုတွေ၊ သဘောထားချင်း မထင်ဟပ်မှုတွေ၊ အယူအဆမတိုက်ဆိုင်မှုတွေကို ဘယ်လိုညှိယူကြမလဲ၊ ဘယ်လို ပေါင်းစပ်ယူကြမလဲ၊ စေ့စပ်ညှိနှိုင်းနိုင်မှု စွမ်းပကားတွေကသာ အခရာကျပါတယ်။ နောက်ဆုံး ဒီလိုမတူညီမှုတွေ၊ ကွဲပြားမှုတွေကို ပေါင်းစပ်ညှိနှိုင်းနိုင်မှု အရည်အချင်းကပဲ အောင်မြင်ဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ကြဉ်းနိုင်တယ်ဆိုတဲ့ ယုံကြည်



ချက်ရှိလာတာနဲ့အမျှ ယခုလို မတူကွဲပြားမှုတွေကို လက်ခံနိုင်တဲ့၊ လက်ခံရဲတဲ့ ခံယူချက်တွေ ရှိလာမှာလည်း ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးအတွက် အဓိပတိအင်အားများ**

အရေးကြီးတာက ငြိမ်းချမ်းရေးရချင်တဲ့ ထက်သန်တဲ့ စေတနာနဲ့ ပြင်းပြတဲ့စိတ်ဆန္ဒက အဓိကဖြစ်ပါတယ်။ ငြိမ်းချမ်းမှုကို အောင်ပွဲတစ်ခုအဖြစ် ဆာလောင်မွတ်သိပ်နေဖို့ပဲဖြစ်ပါတယ်။ ဆန္ဒနဲ့စိတ်ဓာတ် ပြင်းပြနေပြီဆိုရင်တော့ စဉ်ဆက်မပြတ် အားသွန်ခွန်စိုက်ဆောင်ရွက်လိုတဲ့ ဝီရိယကအလိုလို နောက်ကလိုက်ပါလာမှာပါပဲ။ ဆန္ဒ၊ စိတ်ဓာတ်နဲ့ဝီရိယကို အခြေခံပြီး ညှိနှိုင်းပေါင်းစပ်နိုင်မှု စွမ်းပကားနဲ့ ပညာဉာဏ် အရည်အချင်းကိုပါ ပေါင်းစပ်လိုက်ရင်တော့ မိမိတို့လိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်နိုင်မှာမလွဲပါဘူး။ ဒီအဓိပတိ လေးပါးဟာ တစ်ဦးချင်းအတွက်ရော အဖွဲ့လိုက်ပါ အောင်မြင်မှုအတွက် အရေးကြီးတဲ့ ခွန်အားတွေ၊ သော့ချက်ကျတဲ့ မောင်းနှင်အားတွေလည်း ဖြစ်ပါတယ်။ ဒီတွန်းအားတွေ ရင့်သန်အားကောင်းလာရင်တော့ မိမိတို့ထံပါး အစဉ်ကိန်းအောင်းနေတဲ့ ငြိမ်းချမ်းရေးရဲ့

ရန်သူဖြစ်တဲ့ အတ္တနဲ့ မာန်မာနများဟာလည်း လျော့ပါးသွားမှာ အမှန်ဖြစ်ပါတယ်။ အတ္တနဲ့ မာန်မာနဟာ ဘယ်အရာမှာမဆို အဆိုးဘက်သို့သာ ဦးတည်တဲ့ အခြင်းအရာတွေပဲမို့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း ဘယ်လိုပဲ ငြိမ်းချမ်းမှုကို လိုလားနေဦးတော့ ဒီအဆိုး သံသရာတွေကြောင့်ပဲ မိမိတို့ နှလုံးသားထဲဝယ် ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်ဖို့ ခဲယဉ်းနေတတ်ပြီး ငြိမ်းချမ်းရေးလည်းရရှိဖို့ အလှမ်းဝေးဆဲ ဖြစ်နေနိုင်ပါတယ်။

**ရန်ဘက်မှ မိတ်ဆွေအဖြစ်သို့**

ပြည်ထောင်စုကြီးအတွက်၊ ငြိမ်းချမ်းရေးအတွက်ဆိုတဲ့ စေတနာနဲ့ စိတ်ဓာတ်ခွန်အားတွေလည်း တိုးပွားလာပြီ။ ကိုယ့်အတွက်၊ ကိုယ့်အဖွဲ့အတွက်၊ ကိုယ့်ဒေသအတွက်ပဲ ဆိုတဲ့ ကွက်ကွက်လေးပဲမြင်တဲ့ အတ္တနဲ့ "ငါမရှိရင်မဖြစ်" ဆိုတဲ့ မာနတွေလည်း လျှော့ချနိုင်လာပြီဆိုရင်တော့ ကိုယ်နဲ့ မတူခြားနားတဲ့သူတွေ၊ ကိုယ်နဲ့ ပဋိပက္ခဖြစ်ရသူတွေ အပေါ်မှာ ရန်ဘက်လို့မမြင်တော့ဘဲ ကိုယ့်ရဲ့တကယ့် မိတ်ဆွေတွေပဲ၊ ကိုယ့်ရဲ့ညီနောင်သားချင်းတွေပဲ၊ ကိုယ့်ရဲ့ ညီအစ်ကိုမောင်နှမတွေပဲ၊ ကိုယ့်ရဲ့ မိသားစုတစ်စုပဲဆိုတဲ့ အမြင်တွေနဲ့ ရှုမြင်နိုင်တဲ့ အခြေအနေသို့ ရောက်ရှိလာပါပြီ။ ရန်ဘက်မှ မိတ်ဆွေအဖြစ် ကူးပြောင်းနိုင်ပြီဆိုရင်တော့ အားလုံးမှာ မယုံရဲ ယုံရဲနဲ့ ထွေးပိုက်ထားရတဲ့ သင်္ကာမကင်းမှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေလည်း လျော့နည်းသထက်လျော့နည်းလာမှာ အသေအချာပါပဲ။ ဒီအချက်တွေကို ဖြေလျှော့နိုင်ပြီဆိုရင်တော့ ငြိမ်းချမ်းရေးအောင်ပွဲနဲ့လည်း အလှမ်းမဝေးတော့ပါဘူး။ ကိုယ့်အပေါ်မှာ စိုးရိမ်မှုတွေ လျော့ပါးစေတဲ့၊ အာဃာတတွေ ပြေလျော့စေတဲ့ မည်သူကိုမဆို လေးစားတန်ဖိုးထား တတ်ကြတာ လူ့သဘောသဘာဝပဲ ဖြစ်ပါတယ်။ ဆိုလိုတာက ယခင် ပဋိပက္ခ ရန်ဘက်တွေအကြားမှာ အပြန်အလှန် လေးစားမှု၊ အပြန်အလှန် တန်ဖိုးထားမှုတွေ တိုးပွားလာနိုင်တယ် ဆိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒီအခြေအနေမှာ သူ့ရဲ့အမြင်၊ သူတို့ရဲ့အယူအဆကို လက်ခံနိုင်တယ်၊ ကြိုဆိုနိုင်တဲ့ အပေါင်းလက္ခဏာဆောင်တဲ့ အနေအထားကိုလည်း မြင်နေရပါပြီ။ ကိုယ့်ရဲ့ရန်သူအဖြစ်မှ မိတ်ဆွေအဖြစ် လက်ခံနိုင်မှုတော့ ယုံကြည်မှုလည်းတိုး၊ နားလည်မှုလည်း တည်ဆောက်ပြီးသားဖြစ်ပြီပေါ့။ မတူကွဲပြားမှုတွေကြားမှာ လက်တွေ့တည်ဆောက်ဖို့ ခဲယဉ်းနေတဲ့ နားလည်မှုနဲ့ ယုံကြည်မှုများ တိုးပွားလာခြင်းဟာ ပြည်ထောင်စုစိတ်ဓာတ်မှတစ်ဆင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအပါအဝင် ဘယ်အရာမှာမဆို အရေးကြီးတယ်ဆိုတာ အားလုံးကလက်ခံပြီးသားလည်း ဖြစ်ပါတယ်။ ဆိုခဲ့သလို နားလည်မှုနဲ့ အခြေခံထားတဲ့ ညှိနှိုင်းစေ့စပ်မှုများက ရန်ဘက်မှမိတ်ဆွေအဖြစ်သို့ ကူးပြောင်းနိုင်သလို ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မြဲဖို့အတွက်လည်း ပဓာနကျတဲ့ အချက်တွေပဲဖြစ်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

**မျှတမှုသည် ညှိနှိုင်းမှုတွင်ပဓာနကျ**

တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား နားလည်မှုရှိလာပြီ၊ ယုံကြည်မှု ခိုင်မာလာပြီ၊ အပြန်အလှန်လေးစား တန်ဖိုးထားမှုတွေ ရှိလာပြီဆိုရင်တော့ သူ့အဖွဲ့ကိုယ့်အဖွဲ့မခွဲခြား ယုံယုံကြည်ကြည်နဲ့ တာဝန်ယူပေးလိုစိတ်၊ တာဝန်ခံပေးလိုစိတ်တွေလည်း ဒွန်တွဲယှဉ်ကပ်လာမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကြောင့် စေ့စပ်ညှိနှိုင်းသူတွေအကြားမှာ အပေးအယူ အလျှော့အတင်းလုပ်ဖို့ဆိုတာလည်း အများကြီးခက်ခဲတဲ့ အရာတွေမဟုတ်တော့မှန်း ခံယူလာနိုင်ကြပါတယ်။ အပေးအယူကလည်း မျှတတဲ့အပေးအယူ ဖြစ်မယ်၊ မိမိဘက်ကလည်း "ဘာရမှ" ဆိုတာထက် ကိုယ့်ဘက်က "ဘာပေးနိုင်မလဲ" ဆိုတဲ့ ပရဟိတစိတ်ထားကို ရှေ့တန်းတင်နိုင်မှသာ မျှတတဲ့အပေးအယူလို့ ဆိုနိုင်မှာဖြစ်ပါတယ်။ မိမိဘက်က မပေးနိုင်ဘဲနဲ့ ရယူဖို့ချည်းသက်သက် ဦးစားပေးနေရင်တော့ အတ္တရဲ့အကျဉ်းသားအဖြစ်နဲ့သာ ခံယူသွားနိုင်တာမို့ ဒီ"မျှတမှု" ဆိုတဲ့ သဘောတရားကို အမြဲနှလုံးသွင်းသုံးသပ်နေဖို့ သတိပြုသင့်ပါတယ်။ မျှတမှုဟာ အားလုံးအတွက် မှန်ကန်သော အဆုံးအဖြတ်ကို ပေးစွမ်းနိုင်သလို ထားရှိအပ်တဲ့စေတနာ တရားကိုလည်း ကောင်းစွာအထောက်အပံ့ပြုနိုင်ကာ တစ်ဦးနဲ့တစ်ဦး မေတ္တာတရားကိုလည်း ပိုမိုခိုင်မာစေမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ ကျွန်တော်တို့နိုင်ငံဟာ မတူကွဲပြားတဲ့ အခြေအနေတွေအောက်မှာ များပြားလှတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းဖြစ်တည်ထားတဲ့ နိုင်ငံတော်တစ်ခုဖြစ်တဲ့အတွက် နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးရရှိရန်၊ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းသာယာရန်၊ ထာဝရတည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေစေရန်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံသူ နိုင်ငံသားတွေအကြား၊ တိုင်းရင်းသားအချင်းချင်းအကြား စည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးလှပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးအောင်ပွဲဟာလည်း တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်နေပါတယ်။ ယခုနှစ် ပြည်ထောင်စုနေ့ မတိုင်မီ ကျင်းပပြီးစီးခဲ့တဲ့ နှစ်ဦး နှစ်ကူး ငြိမ်းချမ်းရေး အစည်းအဝေးများကနေ တိုင်းရင်းသား ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးလက်ဆောင်စကားတွေလည်း ကြားနေရပြီဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအပေါင်းအနေနဲ့ ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အတူ နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုများကို အတူတိုးပွား တည်ဆောက်၍သော်လည်းကောင်း၊ ငြိမ်းချမ်းရေး ကတိကဝတ်များကို ရှေ့တိုးဖော်ဆောင်၍သော်လည်းကောင်း လက်တွဲညီညီဖြင့် ပြည်ထောင်စုအောင်ပွဲအဖြစ်သို့ ရောက်ရှိရန် မျှော်လင့်တောင့်တလျက် ရှိကြပါကြောင်း...။ ။

**"နောက်ခံ အကြောင်းတရား အမျိုးမျိုးတွေကြောင့် မြို့တစ်မြို့၊ ဒေသတစ်ခု၊ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး အကြားမှာ မတူကွဲပြားမှုတွေရှိမယ်ဆိုတာ လက်မခံလို့ မရပါဘူး။ မတူကွဲပြား ခြားနားမှုတွေဆိုတာ ပြဿနာမဟုတ်ပါ။ ဒီလိုကွဲပြားခြားနားမှုတွေ၊ သဘောထားချင်း မထင်ဟပ်မှုတွေ၊ အယူအဆမတိုက်ဆိုင်မှုတွေကို ဘယ်လိုညှိယူကြမလဲ၊ ဘယ်လိုပေါင်းစပ်ယူကြမလဲ၊ စေ့စပ်ညှိနှိုင်းနိုင်မှု စွမ်းပကားတွေကသာ အခရာ ကျပါတယ်။ နောက်ဆုံး ဒီလိုမတူညီမှုတွေ၊ ကွဲပြားမှုတွေကို ပေါင်းစပ်ညှိနှိုင်းနိုင်မှု အရည်အချင်းကပဲ အောင်မြင်ဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ကြဉ်းနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ရှိလာတာနဲ့အမျှ ယခုလို မတူကွဲပြားမှုတွေကို လက်ခံနိုင်တဲ့၊ လက်ခံရဲတဲ့ ခံယူချက်တွေ ရှိလာမှာလည်း ဖြစ်ပါတယ်။"**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ဒုတိယနေ့အခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) ပွဲတော်ကြီးကို ရန်ကုန်မြို့ရှိ ကျိုက္ကဆံအားကစားကွင်း၌ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ဒုတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာသူ ပြည်သူများ၊ တိုင်းရင်းသား အဆိုရှင်များ၊ ရိုးရာယဉ်ကျေးမှုများ၊ ညပိုင်းဖျော်ဖြေရေးအစီအစဉ်များဖြင့် အထူးစည်ကားလျက်ရှိသည်။**

ယနေ့ညပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဦးဆောင်၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များသည် တိုင်းရင်းသား ရိုးရာ ပြခန်းများကို ကြည့်ရှုလေ့လာပြီး ရခိုင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း(ဗဟို)မှ စီစဉ်ခင်းကျင်းပြသသော ရခိုင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းတွင် ရခိုင် တိုင်းရင်းသား ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံအားကစားကွင်းရှိ ဖျော်ဖြေရေးစင်မြင့်၌ တိုင်းရင်းသားအဆိုရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအကအလှ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ (ဓါတ်ပုံ)

ပွဲတော်တွင် တိုင်းရင်းသားရိုးရာပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအသောက်နှင့် အဝတ်အထည်များ၊ တိုင်းရင်းသားဒေသထုတ်ကုန်များကို ခင်းကျင်းပြသရောင်းချလျက်ရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယခုပွဲတော်ကြီးတွင် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုများ တိုးတက်ဖြစ်ထွန်းစေရန်၊ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုများ အချင်းချင်းဖလှယ်ကြရန် ရည်ရွယ်၍ ပွဲတော်ကျင်းပရခြင်းဖြစ်သည်။

**သတင်းစဉ်**

---

# “သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)” ပွဲတော် ဒုတိယနေ့ ပါဝင်ဆင်နွှဲသူများ၏ အမြင်များ

**“သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀)” ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

**ပွဲတော် ဒုတိယနေ့တွင် တိုင်းရင်းသားရိုးရာပြခန်းများ၊ ရိုးရာအဝတ်အထည်များနှင့် အစားအသောက်အရောင်းဆိုင်များ၊ ဖျော်ဖြေရေး အစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်ရာ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည့်အပေါ် ၎င်းတို့၏ အမြင်များ၊ ပီတိစကားသံများကို ဖော်ပြလိုက်သည်။**

**ဦးအောင်သိန်းနိုင်**
**ကိုးကန့်တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ**

တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံး သိုက်သိုက်မြိုက်မြိုက်နဲ့ တစ်နေရာတည်းမှာ စုစည်းနိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေကို ချပြနိုင်ဖို့နဲ့ မြှင့်တင်နိုင်ဖို့အပြင် ခရီးသွား ကဏ္ဍ မြှင့်တင်ဖို့အတွက် ဒီပွဲကြီးကို ပြုလုပ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုးကန့် တိုင်းရင်းသားတွေအနေနဲ့လည်း တစ်ထောင့် တစ်နေရာကနေ ပါဝင်ဆောင်ရွက်နေတာပါ။ တိုင်းရင်းသားအားလုံး တစ်နေရာတည်းမှာ အခုလို စုစည်းခွင့်ရတဲ့၊ တိုင်းရင်းသားတွေ တစ်ဦးနဲ့တစ်ဦး တစ်နေရာတည်းမှာ ချစ်ခင်ရင်းနှီးမှုတွေရရှိတဲ့ ထူးခြားတဲ့ပွဲပါ။ တိုင်းရင်းသားတွေအချင်းချင်း အခုလို ချစ်ချစ်ခင်ခင် နေကြမယ်ဆိုရင် ထာဝရချစ်ခင်ရင်းနှီးမှုနဲ့ မေတ္တာတွေပွားများလာမှာ ဖြစ်ပါတယ်။

**ကိုအားဆမ်**
**ကချင်တိုင်းရင်းသား**
**မိုးညှင်းမြို့**

ပထမအကြိမ်တုန်းကလည်း ကျွန်တော်တို့ ပါဝင်ခဲ့ပါတယ်။ ဒီပွဲတော်ကြီးကို လုပ်တော့ ကိုယ့်တိုင်းရင်းသားမျိုးနွယ်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ကျွန်တော်တို့ ကိုယ်တိုင်စုဆောင်းရတယ်။ ပြခန်းအတွက် အချက်အလက်နဲ့ ရိုးရာပစ္စည်းတွေကို စုဆောင်းရတော့ ကိုယ့်ရိုးရာဓလေ့တွေကို ပိုသိလာတယ်။ ပွဲတော်မှာလည်း အခြားသော တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေနဲ့ သမိုင်းကြောင်းတွေကို သိခွင့်ရတယ်။ တိုင်းရင်းသားတွေရဲ့ နယ်မြေဒေသအလိုက် ယဉ်ကျေးမှုနဲ့ ထွက်ကုန်ပစ္စည်းတွေကို တွေ့ရတာ အများကြီးအကျိုးရှိပါတယ်။ ခရီးသွားလုပ်ငန်းအတွက်လည်း အများကြီး အထောက်အကူပြုနိုင်တယ်။ ဒါတွေဟာ ဒီပွဲတော်က ကျွန်တော်တို့ကို ပေးလိုက်တဲ့ အကျိုးကျေးဇူးတွေပါ။ တိုင်းရင်းသားတွေ အားလုံးကို တစ်နေရာတည်းမှာ အတူတကွ မြင်တွေ့နိုင်ဖို့ဆိုတာ အရင်တုန်းက စာထဲမှာပဲ တွေ့ခဲ့ရတာပါ။ အခုတော့ ဒီပွဲတော်ကြီး ကြောင့် တစ်နေရာတည်းမှာ ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရတယ်။

**စခွန်းယုမောင်**
**ကယန်းတိုင်းရင်းသား**
**လွိုင်ကော်မြို့**

သွေးချင်းတို့ရဲ့ ပွဲတော်ဆီကို ဒီနှစ်မှ ရောက်ဖြစ်တာပါ။ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ အများကြီးရပါတယ်။ တိုင်းရင်းသားတွေအချင်းချင်း ယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရတဲ့အတွက် တစ်ဦးနဲ့တစ်ဦး လေးစားယုံကြည်မှုတွေပိုရှိလာနိုင်မယ်။ တိုင်းရင်းသားတွေ အချင်းချင်း ယုံကြည်မှုတွေ ပိုရှိလာမယ်။ အဲဒီကနေ တစ်ဆင့် အတူတူပူးပေါင်းဆောင်ရွက်မှုတွေ ရှေ့ဆက်လုပ်ဆောင်သွားရင် ကျွန်တော်တို့ လိုအပ်နေတဲ့ ငြိမ်းချမ်းရေးဆိုတာ မဝေးပါဘူး။ ဒီပွဲတော်ကြီးမှာ တွေ့မြင်နေရတဲ့ တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှုတွေကို အပြင်မှာလည်း လက်တွေ့ဖော်ဆောင်ဖို့ လိုတယ်။ ဒါကြောင့် ဒီလိုပွဲတွေ မကြာခဏ ကျင်းပဖို့ လိုအပ်ပါတယ်။ ဒီလိုပွဲတော်တွေကနေ တိုင်းရင်းသားအချင်းချင်း ပိုပြီးရင်းနှီးမှုတွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

**မိုင်ခင်ရတနာမိုးနိုင်**
**ချင်းတိုင်းရင်းသူ**
**ရခိုင်ပြည်နယ်**

ဒီပွဲကနေ ကိုယ့်ရဲ့ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့တွေကို ပြခွင့်ရတယ်။ တိုင်းရင်းသားတော်တော်များများက တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုကိုပဲ အဓိကသိကြတယ်။ အခု ရိုးရာပြခန်းတွေမှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရဲ့ ပြခန်းတွေပါဝင်တဲ့အတွက် ဗဟုသုတတွေ အများကြီးရတယ်။ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေဟာလည်း တစ်ဦးနဲ့တစ်ဦး တူညီတာတွေ ရှိသလို မတူကွဲပြားတဲ့၊ စိတ်ဝင်စားဖို့လည်း ကောင်းတဲ့ဟာတွေလည်း ရှိတယ်။ အခုလို တိုင်းရင်းသားအားလုံး တစ်စုတစ်စည်းတည်း ပူးပေါင်းပါဝင်နေတဲ့ ဒီပွဲတော်ကြီးဟာ ငြိမ်းချမ်းရေးကို ဦးတည်နေတယ်။ တစ်ဦးနဲ့ တစ်ဦး လေးစားမှုတွေ၊ ပေါင်းစည်းမှုတွေကို ပြသတဲ့ပွဲပါ။ ရိုးရာယဉ်ကျေးမှုတွေကိုသာပြသတဲ့ပွဲ မဟုတ်ဘဲ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်အရည်အချင်းတွေ၊ အစွမ်းအစတွေကိုလည်း ထုတ်ဖော်ပြသတာ ဖြစ်တဲ့အတွက် နောက်နှစ်တွေမှာလည်း ပိုပြီး လုပ်ဆောင်သင့်တယ်လို့ မြင်တယ်။ တိုင်းရင်းသားတွေ အချင်းချင်းဖလှယ်နိုင်မယ့် အရည်အချင်းတွေ အများကြီးရှိလာမယ်လို့ ယုံကြည်ပါတယ်။

**နော်ဖောခူမူး**
**ကရင်တိုင်းရင်းသူ**

ကိုယ့်ရဲ့ ကရင်ရိုးရာ ယဉ်ကျေးမှုနဲ့ ဓလေ့တွေကို ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူမိတယ်။ အခြားသော တိုင်းရင်းသားတွေရဲ့ ပြခန်းတွေကလည်း စိတ်ဝင်စားဖို့ တော်တော်ကောင်းတယ်။ တိုင်းရင်းသားတစ်မျိုးနဲ့ တစ်မျိုး အပြုအမူ၊ အသုံးအဆောင်တွေ ဆင်တူနေတာမျိုးတွေလည်း တွေ့ရတယ်။ ဒါတွေဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးမှုတွေ ပိုရလာသလို ခံစားရတယ်။ ဒီပွဲတော်ကနေ တိုင်းရင်းသား တစ်ဦးနဲ့တစ်ဦး ပိုပြီးချစ်ခင်ရင်းနှီးမှုတွေ ရရှိလာလို့ ဝမ်းသာမိတယ်။ ဒါတွေဟာ တိုင်းရင်းသားတွေအားလုံး မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းတွေပါပဲ။

**မအင်ကြင်းခိုင်**
**မွန်တိုင်းရင်းသူ**
**သံဖြူဇရပ်မြို့နယ်**

ဒီပွဲတော်ကြီးမှာ တိုင်းရင်းသားတွေ အားလုံးကို တစ်စုတစ်စည်းတည်း မြင်တွေ့ရတယ်။ ရိုးရာပြခန်းတွေလည်း ပြသထားတဲ့အတွက် တိုင်းရင်းသားတွေအားလုံးရဲ့ ရိုးရာယဉ်ကျေးမှုတွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတယ်။ ကိုယ်မသိသေးတဲ့ အခြားသောတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကို သိခွင့်ရတဲ့အတွက် ဗဟုသုတတွေ ရတယ်။ ဒီပွဲတော်ဟာ အခြားသော ပွဲတွေနဲ့ မတူဘဲ သွေးချင်းတွေအားလုံး စုစုစည်းစည်းနဲ့ တွေ့မြင်ရတဲ့ ထူးခြားတဲ့ပွဲပါ။

**နန်းရွှေဥ**
**ပအိုဝ်းတိုင်းရင်းသူ**
**တောင်ကြီးမြို့**

ပအိုဝ်း တိုင်းရင်းသူတစ်ဦးအနေနဲ့ လာရောက်လေ့လာတာပါ။ ကိုယ့်ရဲ့ယဉ်ကျေးမှုတွေအပြင် အခြားသော တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကိုလည်း လေ့လာခွင့်ရတယ်။ အခြားသော တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကိုလည်း တန်ဖိုးထား လေးစားလာမိတယ်။ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင် ရိုးရာဝတ်စုံတွေ၊ ဒေသထွက် အသီးအနှံတွေနဲ့ ပစ္စည်းတွေကိုလည်း သိလာတယ်။ ဒီလို ပွဲတော်မျိုးကို အခုမှ တွေ့ဖူးတာပါ။ တိုင်းရင်းသားတွေအတွက် အင်မတန်ကောင်းတဲ့ ပွဲပါ။ ဒါမျိုးပွဲတွေ များများရှိသင့်တယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**


ဦးအောင်သိန်းနိုင်


ကိုအားဆမ်


မိုင်ခင်ရတနာမိုးနိုင်


နော်ဖောခူမူး


မအင်ကြင်းခိုင်


နန်းရွှေဥ

# သွေးချင်းတို့ရဲ့ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများ(၂)

ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀) ပွဲတော်ကြီး ဒုတိယမြောက်နေ့တွင် ပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ပွဲတော်ကာလအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် 'ဝ'၊ ကိုးကန့်၊ တအာင်း၊ ပအိုဝ်း၊ နာဂ၊ ဓနု စသည့်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြခန်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ပြသထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။



ဒေါ်လင်းငြိမ်း



ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်း။

**ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း**

ချင်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုမည်ဆိုပါက ပြခန်းအရှေ့တွင် ချင်းပြည်နယ်၏ အထင်ကရနာမည်ကျော် အသည်းပုံရိဒ်ရေကန်ပုံစံငယ်ကို လှပစွာပြုလုပ်ထားသည်ကို မြင်တွေ့ရမည်။

**ချင်းရိုးရာအိမ်ကလေး**

ပြခန်းအတွင်း ဝင်လိုက်သည်နှင့် မင်္ဂလာနွားနောက်နှင့်အတူ ရှေးခေတ်ချင်းရိုးရာ တူရိယာပစ္စည်းများနှင့် ချင်းအမျိုးသမီးငယ်များ လွယ်လေ့ရှိသော ဝါးဖြင့်ရက်လုပ်ထားသည့် တောင်းများကို အိမ်ရှေ့နံရံတွင် အစီအရီချိတ်ဆွဲထားသည့် ရိုးရာအိမ်ကလေးကလည်း ချင်းလူမျိုးတို့၏ ရိုးရာနေထိုင်မှုပုံစံကို ချစ်စဖွယ်မြင်ခွင့်ရမည်ဖြစ်သည်။

"ရိုးရာအိမ်မှာဆို ရှေးခေတ်တူရိယာဖြစ်တဲ့ မောင်းတို့၊ ဗုံတို့၊ အမျိုးသမီးတွေလွယ်တဲ့ တောင်းလေးတွေ၊ နွားနောက်ကတော့ အိမ်ထောင်ပြုတဲ့အချိန်၊ အမျိုးသမီးကို တင်တောင်းတဲ့အချိန်မှာ မရှိမဖြစ်တင်ရတဲ့ မင်္ဂလာပစ္စည်းပေါ့" ဟု ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းမှ ဒေါ်လင်းငြိမ်းက ပြောသည်။

ချင်းတိုင်းရင်းသားရိုးရာ ပြခန်းအတွင်း ချင်းရိုးရာ ပါးရဲထိုး သရုပ်ပြသည့်ပြခန်းများ၊ ချင်းရိုးရာ ချည်ထည်ဆိုင်ခန်းများ၊ ချင်းပြည်နယ် ဒေသထွက်ကုန်များဖြစ်သည့် ကော်ဖီ၊ ထောပတ်သီး၊ လက်ဖက်ခြောက်၊ နွားနောက်အသားခြောက်နှင့် တောင်ဇလပ်ကို ပြုလုပ်ထားသည့် ရိုးရာခေါင်ရည်ဆိုင်များ၊ ချင်းမျိုးနွယ်စုဝင် အရှုံချင်းရိုးရာ အမှတ်တရပစ္စည်းရောင်းချသည့် အရောင်းပြခန်းများ၊ ချင်းရိုးရာအစားအစာ ဆာဘူးသီးရောင်းချသည့်ဆိုင်များကိုပါ ဖွင့်လှစ်ထားသည်။

ချင်းသမိုင်းနှင့် ယဉ်ကျေးမှုကျောင်း ပြခန်းတွင် ရှေးခေတ်ချင်းလူမျိုးတို့ သမိုင်းကြောင်းနှင့် အထင်ကရပုဂ္ဂိုလ်များကို ဓာတ်ပုံမှတ်တမ်းများဖြင့် ပြသထားသည်မှာလည်း ဗဟုသုတရစေသည့်အပြင် ချင်းရိုးရာပြခန်းပတ်လည်တွင် ချင်းပြည်နယ်၏ အထင်ကရနေရာများကိုဗီနိုင်းများဖြင့် ပြသပေးထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ချင်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းမှ ဒေါ်လင်းငြိမ်းက "ချင်းမျိုးနွယ်စုတွေမှာ မတူညီတဲ့ မျိုးနွယ်စုတွေရှိတယ်။ ပါးရဲထိုးတာကလည်း မတူညီတာတွေရှိတယ်၊ မတူညီတဲ့ပုံစံတွေကို ဒီမှာနမူနာထိုးပေးပါတယ်။ ချင်းလူမျိုးတွေရဲ့ အထင်ကရလူပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေကို ဒီပြခန်းမှာ ပြသထားတယ်၊ မသိသေးတဲ့ သူတွေသိအောင် ပြသတာဖြစ်တဲ့အတွက် လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုင်းရင်းသားများကလည်း ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသသည့်အနေဖြင့် ပြခန်းများ ပါဝင်ပြသလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံလွန်းလှသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ သွေးချင်းတိုင်းရင်းသားများကလည်း ယခုနှစ်တွင် ပထမအကြိမ် ပါဝင်ဆင်နွှဲခဲ့သည်။

"နာဂဒေသ လေရှီးမြို့နယ်က လာတာပါ။ ပထမဆုံးအနေနဲ့ ဒီသွေးချင်းတို့ရဲ့ ပွဲတော်ကို လာပြတာပါ။ အရင်နှစ်က ပြုချင်ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်ခဲ့တာပါ။ ၂၀၂၀မှာ သွေးချင်းညီအစ်ကိုတွေနဲ့ ပူးပေါင်းပါဝင်ခွင့်ရလို့ ဝမ်းသာမိပါတယ် "ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်းမှ ဦးချိန်းရေက ပြောသည်။

ပြခန်းတွင် နာဂတိုင်းရင်းသားများ၏ ဒေသထွက်ကုန် လက်မှုပစ္စည်းများ၊ ကိုယ်တိုင်ရက်လုပ်ထားသည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် အဝတ်အထည်များ၊ လွယ်အိတ်များ၊ ဝတ်စကုပ်အင်္ကျီများ၊ မာဖလာများ၊ နတ်ကတိုင်၊ ပဝါ အစရှိသည်တို့ကို ခင်းကျင်းပြသထားသည်။

**နာဂသူရဲကောင်းတို့သာဆောင်းရသည့်ဦးထုပ်**

ပြခန်းအတွင်း တစ်ဖက်တစ်ချက်စီရှိ တိုင်များတွင် စစ်တိုက်သည့်အခါ နာဂသူရဲကောင်း အဆင်တန်ဆာဖြစ်သည့် အောင်လံငှက်အမွေး ၁၂ ချောင်း တပ်ထားသည့် မျက်နှာဖုံးတွင် ကြေးပြားဖုံးအုပ်ထားသော အနီရောင်လည်ပင်းစွပ်ပုံစံရှိသည့် နာဂသူရဲကောင်းတို့သာ ဆောင်းရသည့် ဦးထုပ်ကို ပြသထားရာ စိတ်ဝင်တစားကြည့်ရှုလေ့လာသူများ၊ ဦးထုပ်ကိုဆောင်းကာ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူများ အထူးများပြားလှသည်။

"ရိုးရာမှာဆိုရင် ကျွန်တော်တို့ တကယ့်ကို တန်ဖိုးထားပြီး အသုံးပြုတဲ့အရာပေါ့။ သူရဲကောင်းတွေ ဆောင်းတဲ့ ဦးထုပ်လေးဖြစ်ပါတယ်။ အောင်လံငှက်မွေး ၁၂ ချောင်း ထောင်ထားတယ်။ မျက်နှာဖုံးနေရာမှာ ကြေးနဲ့လုပ်ထားတယ်။ အရင်တုန်းက စစ်တိုက်တဲ့အခါမှာ အဓိကသုံးတာပေါ့" ဟု ဦးချိန်းရေက ပြောသည်။

ပြခန်းအခြားတစ်ဖက်ရှိ တိုင်တွင်လည်း နာဂဘိုးဘွားများ စစ်တိုက်ရာတွင် တန်ဆာဆင်လေ့ရှိသည့် တောဝက်အစွယ်၊ အောင်လံငှက်အမွေး၊ ဝါးတို့ဖြင့် ပြုလုပ်ထားသော ခေါင်းဆောင်းနှင့် လှံနှစ်ချောင်းကို တိုင်တွင် ကြက်ခြေခတ်သဏ္ဌာန် ပြုလုပ်ထားသည့် မြင်ကွင်းမှာ မြင်နေကျထက်တစ်မျိုး ထူးခြားလှသည့်အတွက် လာရောက်လည်ပတ်သူတို့ အထူးစိတ်ဝင်တစားရှိမည့် မြင်ကွင်းပင်ဖြစ်သည်။

နာဂဒေသ၏ အထင်ကရဖြစ်သော ဆီးနှင်းများဖုံးလွှမ်းနေသည့် စာရာမေတိတောင်နှင့်အတူ သာမန်လူများခြံခွင့်မရသည့်၊ သူရဲကောင်းစစ်စစ်များသာ ခြံရသည့် စောင်ကိုနောက်ခံထားကာ ပြုလုပ်ထားသည့် နာဂတိုင်းရင်းသားတို့ နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြေပုံမှာလည်း ပြခန်း၏ စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ပြကွက်တစ်ခုအဖြစ် ရှိနေပြန်သည်။

ထိုပြခန်းအတွင်း ပြသထားသည့် နောက်ခံဗီနိုင်းများတွင် နာဂဒေသ၏ အထင်ကရနောင်ယန်းအင်း၊ နာဂဘိုးဘွားများ နေထိုင်ခဲ့ရာ ဆုတောင်းတိုင်များပါ အိမ်ငယ်၊ အောက်ချင်းငှက်၊ တောင်ယာစိုက်ပျိုးရေးလုပ်ကိုင်ရာ လှေကားထစ်စိုက်ခင်းများ၊ လယ်များ၊ စိုက်ပျိုးသီးနှံများကို သရုပ်ဖော်ပြသထားသည်။

"အရင်တုန်းက ဘိုးဘွားတွေနေခဲ့တဲ့ အဆောက်အအုံ၊ အိမ်ကလေးတွေမှာ ဆုတောင်းတိုင်လေးတွေ စိုက်ထူထားပါတယ်။ တစ်ခုခုဆိုရင် ဆုတောင်းလေ့ရှိတယ်၊ ကြွေးကြော်လေ့ရှိတယ်"ဟု ဦးချိန်းရေက ပြောသည်။

ထို့အပြင်ပြခန်းအတွင်း ခင်းကျင်းထားသည့်စင်များပေါ်တွင် ရှေးကအသုံးပြုခဲ့သည့်ဝါးဖြင့် ပြုလုပ်ထားသည့် ခွက်များ၊ သူရဲကောင်းဦးထုပ်၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများ အသုံးပြုသည့် အသုံးအဆောင်များ၊ လည်ဆွဲများ၊ လက်မောင်းပတ်များ၊ နားကပ်များ၊ အရိုးခေါင်း ဆွဲကြိုးများနှင့် ရှေးခေတ်နာဂလူမျိုးတို့ အသုံးပြုခဲ့သည့် သံဖြင့်ပြုလုပ်ထားသော ဓား၊ လှံ၊ လက်နက်များ၊ နာဂရိုးရာအမှတ်တရပစ္စည်းများကို ခင်းကျင်းပြသထားသည်။

"ပြခန်းထဲမှာ ပြသထားတဲ့ ပစ္စည်းလေးတွေနဲ့ စိတ်ဝင်စားမှုရှိအောင်၊ လေ့လာခွင့်ရအောင် တတ်နိုင်သလောက် ပြင်ဆင်ထားပါတယ်။ ပွဲတော်ရက် ၁ရက်နေ့ကနေ ၇ ရက်နေ့အတွင်း နွေးနွေးထွေးထွေးကြိုဆိုပါတယ်"ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်းမှ ဦးချိန်းရေက ပြောသည်။ ***စာမျက်နှာ ၉ သို့***





ဦးချိန်းရေ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်း။

*စာမျက်နှာ ၈ မှ*

**ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း**

မုခ်ဦးအဝင်ဝ တစ်ဖက်တစ်ချက်စီတွင် ကျက်သရေရှိလှသော ဒေါင်းပုံများဖြင့် တန်ဆာဆင်ထားသည့် ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းအပြင်အဆင်က ထူးခြားလှပစွာ ဆွဲဆောင်မှုရှိနေသည်။

**မြန်မာ့အနုပညာလက်ရာပစ္စည်းများကို ခမ်းနားထည်ဝါစွာမြင်တွေ့ခွင့်ရ**

ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၏ အလယ်တွင် ကြေးဖြင့်ပြုလုပ်ထားသည့် ကြီးမားလှသည့် အိုး၊ သစ်သားပန်းပုရုပ်တုများ၊ စောင်း စသည့် ပန်းဆယ်မျိုးတွင် ပါဝင်သည့် မြန်မာ့အနုပညာလက်ရာပစ္စည်းများကို ခမ်းနားထည်ဝါစွာ မြင်တွေ့ခွင့်ရမည်ဖြစ်သည်။

“ကြေးအိုးကြီးက ပန်းဆယ်မျိုးထဲမှာ ပါဝင်တဲ့ အနုပညာလက်ရာပစ္စည်းကို ပြသထားတာ ဖြစ်ပါတယ်။ စောင်းကတော့ မြန်မာတို့ရဲ့ အနုသုခုမအနုပညာပစ္စည်းကို ဖော်ဆောင်ထားတဲ့ အနုပညာပစ္စည်းဖြစ်တဲ့အတွက် စောင်းကိုလည်း ပြသထားတာ ဖြစ်ပါတယ်” ဟု ဗမာတိုင်းရင်းသားလုပ်ငန်းရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်းက ပြောသည်။



ဦးအောင်ကျော်ဆန်း




ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။

ထို့ပြင် ပြခန်းအတွင်း ဗမာတိုင်းရင်းသားများ ထုတ်သည့် မြန်မာမှုလက်ရာများနှင့်အတူ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးဖြစ်သည့် ပန်းပု၊ ပန်းချီ၊ ပန်းရန်၊ ပန်းတဉ်း၊ ပန်းယွန်း၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့ ဟူသည်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုလေ့လာခွင့်ရမည်ဖြစ်သည်။

“မြန်မာ့ရိုးရာ ပန်းဆယ်မျိုးဆိုတာ ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်ဆောင်ရွက်လာတာ ဖြစ်တယ်။ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးကဏ္ဍက ပျောက်လုဆဲဆဲတောင်ဖြစ်နေတယ်။ ဒီအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းချင်တဲ့အတွက် ကျွန်တော်တို့က မြန်မာ့ရိုးရာပန်းဆယ်မျိုးကို မတိမ်ကော မပျောက်ပျက်အောင် ဖော်ထုတ်ပြသတာ ဖြစ်ပါတယ်”ဟု ဗမာတိုင်းရင်းသားလုပ်ငန်းရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်းက ပြောသည်။

**ဆွဲဆောင်မှုရှိစေမည့် မောင်းမကန်ကမ်းခြေပုံစံငယ်**

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ နာမည်ကျော် မောင်းမကန်ကမ်းခြေ၏ သဘာဝတရားများကို ဖော်ထုတ်ပြသထားသည့် ပုံစံငယ်လေးတွင် ငါးလှန်းစင်၊ လှေငယ်နှင့် ကမ်းခြေတစ်လျှောက် ပြန့်ကျဲနေသည့် ခရုခွံလေးများ၊ ကမ်းခြေတွင် နားခိုနိုင်သည့် ထီးပုံစံတဲလေးများကို ပြခန်းအတွင်း ပြုလုပ်ထားရာ လာရောက်ကြည့်ရှုသူများကို ဆွဲဆောင်မှုရှိစေမည်မှာ အသေအချာပင်ဖြစ်သည်။

ပြခန်းအတွင်း မြန်မာတိုင်းရင်းဆေးဝါးများ၊ ကျန်းမာရေးသုံး ဆားခေါင်းအုံးများ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လာရောက်ပြသသည့် ကြေးသွန်းလက်ရာပစ္စည်းများ၊ ပခုက္ကူမှလာရောက်ပြသသည့် ကျန်းမာရေးညီညွတ်သည့် ဖျော်ရည်များ၊ တွံတေးမှ လာရောက်ပြသသည့် ဝါးထုတ်လုပ်မှုအနုပညာလက်ရာများ၊ ရန်ကုန်တိုင်းဒေသကြီးမှ အုန်းဖြင့်ပြုလုပ်ထားသည့် တန်ဖိုးမြင့် ထုတ်ကုန်များ၊ ကျောက်စီပန်းချီကား၊ ပယင်းနှင့် ကျောက်မျက်လက်ဝတ်ရတနာများ၊ ရိုးရာချည်ထည်များ၊ ဖိနပ်၊ အဝတ်အထည်နှင့် ငါးခြောက်ငါးခြမ်းရောင်းချသည့် ပြခန်းဆိုင်ခန်းများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

**ကရင်တိုင်းရင်းသားယဉ်ကျေးမှုပြခန်း**

ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုပြခန်းသို့ လေ့လာရန် ဝင်ရောက်လိုက်သည်နှင့် ကရင်လူမျိုးတို့ အထွတ်အမြတ်တန်ဖိုးထားရာ မင်္ဂလာဖားစည်နှင့်အတူ မိချောင်းစောင်းကောက်ကြီးက ပြခန်းဝတွင် အသင့်စောင့်ကြိုနေမည်ဖြစ်သည်။

“အဝင်ဝမှာ ကရင်တွေရဲ့တူရိယာတွေ အထူးသဖြင့် အမြတ်တနိုးထားတဲ့ ဖားစည်ကျွဲချိုတွေကို ပြထားတယ်။ အမျိုးသားအလံတွေကို ပြသထားတယ်။ ကရင်တူရိယာစောင်းကိုလည်း အဝင်မှာပြထားတယ်” ဟု ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းမှ တာဝန်ခံ စောဌေးလင်းအောင်က ပြောသည်။

**ကရင်တိုင်းရင်းသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပုံပြကွက်**

ပြခန်းအတွင်း ကရင်ရိုးရာတေးသံသာများနှင့်အတူ တောင်ပေါ်ဒေသတွင် တွေ့မြင်ရသည့် ဝါးဖြင့်ဆောက်ထားသော ကရင်ရိုးရာတဲအိမ်ကလေးတစ်လုံး၊ ထိုတဲအိမ်လေးရှေ့တွင် အရင်ဦးဆုံးမြင်ရသည်မှာ ကရင်လူမျိုးတို့ဆင်းသက်လာရာ သမိုင်းကြောင်းကို အနုစိတ်ပုံဖော်ပြသထားသည့် ကရင်တိုင်းရင်းသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပုံပြကွက်ကလည်း စိတ်ဝင်စားစရာပင်။

ကရင်တိုင်းရင်းသားရိုးရာတဲအိမ်လေးကို အိမ်ဦးခန်း၊ နားနေဆောင်၊ မီးဖိုဆောင်၊ (အတွင်းဆောင်) အပျိုဆောင်များဖြင့် လက်ရှိပြင်ပတွင် တောင်ပေါ်တိုင်းရင်းသားတို့ နေထိုင်သည့်အတိုင်း ဆောက်လုပ်ထားပြီး အိမ်ဦးခန်းတွင် ရိုးရာဖားစည်အား ပြင်ဆင်ပြသထားသည့်အပြင် တူရိယာပစ္စည်းတချို့ကိုလည်း ခင်းကျင်းပြသထားသည်။

“လာကြည့်တဲ့လူတွေ တက်ကြည့်လို့ရအောင်လည်း ဆောက်ထားတယ်။ ရည်ရွယ်ချက်က လာတာနဲ့ကရင်ရွာကို ရောက်သွားသလိုပေါ့။ ကရင်ဒေသကို ရောက်သွားသလို အဲဒီအရသာလေးခံစားစေချင်တယ်”ဟု ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းမှ တာဝန်ခံ စောဌေးလင်းအောင်က ပြောသည်။

တဲအိမ်ကလေးအောက်ဘက်တွင် ကရင်လူမျိုးတို့ လုပ်ကိုင်စားသောက်သည့် တောင်ယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆန်ကော၊ ဆန်ခါနှင့် တောင်ယာသုံး၊ လယ်ယာသုံးပစ္စည်းများ၊ ရေလုပ်ငန်းလုပ်ကိုင်ရာတွင် သုံးသည့် ငါးဖမ်းပိုက်၊ မြှုံးများ စသည့်ပစ္စည်းများ၊ တောလိုက်ရာတွင်သုံးသည့် ဒူးလေးစသည့် ပစ္စည်းများ၊ ဒေသထွက်ရှိသည့် သီးနှံများ၊ တောကောင်ပစ္စည်းများကို ချိတ်ဆွဲပြသထားသည်ကို တွေ့ရသည်။

“စပါးက အဓိကဆိုတော့ မောင်းထောင်းဆုံတို့၊ ဆန်ကောတို့ အဓိက က တောင်ပေါ်ဒေသက ဝါးနဲ့နီးစပ်တာဆိုတော့ ဝါးယဉ်ကျေးမှုကို ပိုပြီးတွေ့ရမယ်” ဟု တာဝန်ခံစောဌေးလင်းအောင်က ပြောသည်။

**ဖိဘီးယော်စပါးစောင့်နတ်သမီး**

ကရင်ရိုးရာပြခန်းအတွင်း အနောက်ဘက်တွင် စပါးမောင်းထောင်းဆုံတစ်ခုနှင့် စပါးကျီကို မြင်တွေ့ရမည်ဖြစ်ပြီး အရှေ့တစ်ဆက်တည်းတွင် ဖိဘီးယော်စပါးစောင့်နတ်သမီးကို ပူဇော်သည့် ဝင်းခြံခတ်ထားသည့် တိုင်များကိုလည်း ကရင်လူမျိုးတို့၏ ရိုးရာယုံကြည်မှုတစ်ခုအဖြစ် ဗဟုသုတဖြစ်ဖွယ် မြင်တွေ့နိုင်သည်။

“လုပ်ကိုင်စားသောက်ပြီးရင် စပါးစောင့်နတ်သမီး ဖိဘီးယော်ကို ပူဇော်ပသလေ့ရှိတယ်။ ဒီအချိန်နဲ့လည်း မတိမ်းမယိမ်းဆိုတော့ နတ်သမီးပူဇော်တဲ့ တိုင်ကိုလည်း ထောင်ထားတယ်” ဟု ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းမှ တာဝန်ခံစောဌေးလင်းအောင်က ပြောသည်။

ဖိဘီးယော်နတ်သမီးပူဇော်သည့် နေရာအနီးတွင် ရေနွေးချမ်းဝိုင်းနှင့်အတူ ထိုင်ရင်းစကားစမြည် ပြောဆိုနေဟန် ကရင်မိသားစုကို ပုံဖော်ထားသည်မှာလည်း မြင်ရသူအတွက် နွေးထွေးသော မိသားစုမေတ္တာကို အထင်အရှားမြင်တွေ့နိုင်သည်။

**ကရင်ရိုးရာတူရိယာများ**

ကရင်ပြခန်းအတွင်း ကရင်ရိုးရာတူရိယာများဖြစ်သည့် ဝါးဂီတာ၊ စောင်းကောက်၊ ဗျပ်စောင်း၊ စောင်းပဒိုး၊ မိကျောင်းစောင်းကြီး၊ သောတူ(တယော)၊ ပဒိုး(ကျွဲချို)၊ မောင်း၊ လင်းကွင်း၊ သစ်သားစည်၊ ဖားတူရိယာ၊ ဖားသုံးဆင့်၊ စောင်းကောက်၊ ဒုံးကရာတွင် သုံးသည့် အိုးစည်၊ ဘင်၊ ဖားစည်၊ သံစုံဝါးပလွေ၊ ဝါးလုံးပတ္တလား(ပေါ်ကူး) စသည့်ပစ္စည်းများကို စုံလင်စွာ တွေ့ရသည်။

**ဖားတူရိယာ**

“ဖားတူရိယာက မိုးခေါင်ရေရှားရင် မိုးရွာလာအောင် အလင်္ကာ၊ ကဗျာတွေရွတ်ဆိုပြီးတော့ တီးရင် မိုးကျလာတယ်လို့ အယူအဆတွေရှိတယ်။ ဖားသုံးဆင့်က စည်းလုံးညီညွတ်တဲ့အမှတ်တရပေါ့။ အောက်ဆုံးက အဘိုး၊ အပေါ်က အဖေ၊ အပေါ်ဆုံးက သားသမီး တစ်ဦးနဲ့တစ်ဦး ဖေးမကူညီတယ်၊ စောင့်ရှောက်တယ်ဆိုတဲ့ ရိုင်းပင်းကူညီမှုကို ပုံဖော်ထားတာပေါ့” ဟု ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းမှ တာဝန်ခံစောဌေးလင်းအောင်က ပြောသည်။

ကရင်တိုင်းရင်းသားတို့၏ ပြခန်းအတွင်း ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၊ ကရင်အရေးကို သီးသန့်ထမ်းဆောင်ခဲ့သူများ၊ မြန်မာနိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ခဲ့သည့် ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများ၊ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်းများ၊ ကရင်ပြည်နယ်၏ အထင်ကရနေရာ ဓာတ်ပုံမှတ်တမ်းများ၊ ရိုးရာဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများ၊ ယဉ်ကျေးမှုအကနှင့် ပွဲတော်များ၊ ရိုးရာကိုးကွယ်မှုများ၊ မျိုးနွယ်စုဓာတ်ပုံမှတ်တမ်းများကိုလည်း တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းမှ တာဝန်ခံ စောဌေးလင်းအောင်က “ဒီပွဲတော်လုပ်တဲ့အတွက် ကျွန်တော်တို့ပြခန်းတွေနဲ့ ထည်ထည်ဝါဝါ စုံစုံလင်လင်လေ့လာလို့ရတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုလည်း ဖော်ပြလို့ရတာပေါ့။ တိုင်းရင်းသားတစ်ယောက်နဲ့တစ်ယောက် ထိတွေ့ခွင့်ရတော့ ချစ်ကြည်မှုလည်းရမယ်လို့ ထင်ပါတယ်”ဟု ပြောသည်။



စောဌေးလင်းအောင်



ကရင်တိုင်းရင်းသားယဉ်ကျေးမှု ပြခန်း။

**စုစည်းရေးသားသူ – သီသီမင်း**
**ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)**

- ယခု ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ဆက်လက် မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ "ပထမဦးစားပေးအရေးပေါ်" ကိစ္စရပ်အနေဖြင့် အထူးဂရုပြု၍ အားထုတ်ဆောင်ရွက်
- ထူးခြားဖြစ်စဉ်သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေး

※ ကျောဖုံးမှ

ကန်တော်နဒီဆေးရုံတွင် သီးခြားထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စနစ်တကျစောင့်ကြည့်မှုလုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းမြင့်က ဦးဆောင်၍ ဆောင်ရွက်နေမှု၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၃၁ ရက်တွင် ရောက်ရှိလာသော ကွမ်ကျိုးမြို့မှ ခရီးသည်တစ်ဦးအား ကိုယ်အပူချိန် အနည်းငယ်မြင့်မားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်းနှင့် လည်ချောင်းနာခြင်း လက္ခဏာများ တွေ့ရှိရသဖြင့် သီးခြားခန်း (isolation room) တွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ထားရှိရာ (ယနေ့ နံနက်စစ်ဆေးချက်များအရ) လူနာ၏ အခြေအနေမှာ တည်ငြိမ်ကောင်းမွန်နေမှု၊ အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာများ ရယူ၍ မြန်မာနိုင်ငံတွင် စစ်ဆေးနိုင်သည်များကို စစ်ဆေးထားရှိမှု၊ အဆိုပါလူနာတွင် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ရှိ၊ မရှိကို အဆိုပါစစ်ဆေးမှုများ ပြုလုပ်နိုင်သော အတည်ပြုဓာတ်ခွဲ စစ်ဆေးနိုင်ရေးအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှတစ်ဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ညှိနှိုင်း၍ ဖေဖော်ဝါရီ ၁ ရက်တွင် ရည်ညွှန်းဓာတ်ခွဲခန်းတစ်ခုသို့ ပေးပို့ခဲ့မှု။

**ဖုန်းဖြင့် သတင်းပေးပို့ရန်ညွှန်ကြား**

ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သော လေကြောင်းခရီးသည် တစ်ဦးကို ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသော်လည်း စနစ်တကျစောင့်ကြပ်ကြည့်ရှုလျက်ရှိရာ (ယနေ့ နံနက်စစ်ဆေးချက်များအရ) အဆိုပါ ခရီးသည်၏ ကျန်းမာရေးအခြေအနေကောင်းမွန်နေမှု၊ အဆိုပါခရီးသည်နှင့် အတူလိုက်ပါလာသော ခရီးသည်များအား သက်ဆိုင်ရာ တည်းခိုနေထိုင်ရာ ဟိုတယ်များ၌ အထူးသတိထား၍ စောင့်ကြပ်ကြည့်ရှုရန်နှင့် သံသယဖြစ်ဖွယ် လက္ခဏာများ တွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်း တယ်လီဖုန်းဖြင့် သတင်းပေးပို့ရန် ညွှန်ကြားထားရှိမှု။

သက်ဆိုင်ရာ ဟိုတယ်များသို့လည်း ဤရောဂါနှင့် ပတ်သက်၍ အချက်အလက်များ ကာကွယ်နိုင်သည့်နည်းလမ်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ၊ အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် လေးခုမှ မြို့နယ် ၁၀ မြို့နယ်ရှိ တရားဝင်နယ်စပ် ဝင်၊ ထွက်ပေါက် ၂၀ တွင် ဝင်ထွက် သွားလာနေမှုများအား ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော ဆောင်ရွက်နေမှုအခြေအနေနှင့် သတင်းပေးပို့နေမှုအခြေအနေများ၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးတို့က ပူးပေါင်းပါဝင် ဆောင်ရွက်မည့်ကိစ္စများ။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကျန်းမာရေးဌာနသို့ ဖေဖော်ဝါရီ ၁ ရက်တွင် ထပ်မံကွင်းဆင်းသွားရောက်၍ လုပ်ငန်းပံ့ပိုးဆောင်ရွက်မှု၊ လေဆိပ်ကျန်းမာရေးဌာနတွင် အင်အားဖြည့်တင်းလုပ်ဆောင်နေမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ သုံးသပ်မှု၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှုအခြေအနေများ၊ ကောလာဟလသတင်းမှားများကို အချိန်နှင့် တစ်ပြေးညီ စနစ်တကျ ပြန်လည်အသိပေး ရှင်းလင်းနိုင်ရေး စသည်တို့ အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေဖန်ခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ယခု ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ဆက်လက် မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ "ပထမဦးစားပေးအရေးပေါ်" ကိစ္စရပ်အနေဖြင့် အထူးဂရုပြု၍ အားထုတ်ဆောင်ရွက်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကို အတိအကျ ဆောင်ရွက်ရန် ကိစ္စများကို ညွှန်ကြားထားပြီး ဖြစ်သဖြင့် ၎င်းအတိုင်းဆောင်ရွက်မှု ရှိ၊ မရှိကို နေ့စဉ်သုံးသပ်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ကျန်းမာရေးဌာနများ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ကျန်းမာရေးတာဝန်ရှိသူများ အနေဖြင့် နေ့စဉ် နံနက် ၁၀ နာရီထက် နောက်မကျစေဘဲ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ (Central Epidemiological Unit) သို့ ပေးပို့ရန် ညွှန်ကြားထားပြီးဖြစ်သဖြင့် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာရန်၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ ပြန်လည်ရောက်ရှိလာပြီး သီးခြားထားရှိ စောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေများကို နေ့စဉ် နှစ်ကြိမ် သတင်းရယူ၍ ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး) သို့ သတင်းပေးပို့ရန်၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် နေ့စဉ် ဆက်သွယ်ရေး ကွန်ရက် (တယ်လီဖုန်း၊ အင်တာနက်) ကို အသုံးပြု၍ ဌာနတွင်း တိုင်ပင်ဆွေးနွေးချိတ်ဆက်မှုများ၊ လုပ်ငန်းဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်ရန်။

**ပိုမိုထိရောက်မြန်ဆန်စေရန် ဆွေးနွေး**

ရောဂါဖြစ်ပွားမှုအခြေအနေများနှင့် လက်ရှိနောက်ဆုံးသတင်းအချက်အလက်များကို ပြုစု၍ ပြည်သူများသိရှိရန် နေ့စဉ် နံနက် ၁၀ နာရီ မတိုင်မီထုတ်ပြန်ပေးရန်၊ နိုင်ငံတော်သမ္မတရုံးသို့ နေ့စဉ် သတင်းပေးပို့နိုင်ရေးအတွက်ပြည်ထောင်စုဝန်ကြီးထံသို့ မူဝါဒနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ တည်းဖြတ်ပေးရန်အတွက် အမြန်ဆုံးတင်ပြရန်၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ (CEU) အနေဖြင့် ထူးခြားဖြစ်စဉ်သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ပြည်သူများထံအချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးရန်၊ ဤကိစ္စကို ဝန်ကြီးဌာန၏ eHealth ဌာနမှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဆက်သွယ်၍ ဆောင်ရွက်ရန်၊ အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းအပါအဝင် နီးနွယ်အဖွဲ့များသို့ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာအချက်အလက်များ၊ ပြည်သူများမှ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်နိုင်သည့်အချက်များကို ဖြန့်ဝေပေးအပ်ရန်၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များနှင့် နီးနွယ်အဖွဲ့များအနေဖြင့် အဆိုပါအချက်အလက်များကို ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန်၊ အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် လေးခုမှ မြို့နယ် ၁၀ မြို့နယ်ရှိ ဝင်ထွက်သွားလာနေမှုများသည် အရေးကြီးသဖြင့် ဤကိစ္စကို အမြဲတမ်းအတွင်းဝန်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မည်သို့ဆောင်ရွက်နေသည်ကို အမြန်ဆုံးသုံးသပ်၍ ယခုထက် ပိုမိုထိရောက်မြန်ဆန်စေရန် ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးထံ အမြန်ဆုံးတင်ပြရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လွန်ခဲ့သော ၁၄ ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားရာဇဝင်ရှိသူများ ရှာဖွေစုံစမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနရှိ ဌာနပေါင်းစုံမှ ပါဝင်ဆောင်ရွက်ရန်နှင့် ယခုအချိန်သည် အရေးကြီးသောအချိန်ကာလဖြစ်သဖြင့် ရောဂါနှိမ်နင်းရေးသာမက ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများကိုပါ အားဖြည့်တာဝန်ချထားပြီး အားလုံး ညီညွတ်စွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (CEU) သို့ အခြားဌာနများမှ ဝင်ရောက်ပူးပေါင်းကာ လုပ်ငန်းများဆောင်ရွက်ရန်၊ ဤရောဂါသည် လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ပိုမို ကူးစက်ပြန့်ပွားနိုင်သည်ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း တတ်နိုင်သမျှ လျှော့ချခြင်းဖြင့် ရောဂါကူးစက် ပြန့်ပွားမှုများကို ကာကွယ်လျှော့ချနိုင်မည်ဖြစ်သည် ဆိုသည့်အချက်သည် အလေးအနက်ထား ထည့်သွင်းစဉ်းစားရမည့် အချက် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နေ့စဉ်လုပ်ငန်းဆန်းစစ်သုံးသပ်မှု၊ ဆွေးနွေးတိုင်ပင်အကြံပြုမှုများ ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်)၊ ကပ်ရောဂါဗေဒဌာနမှ ပါဝင်ပြီး ဖြစ်စဉ်အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ကပ်ရောဂါဗေဒရှုထောင့်မှ ဆွေးနွေးအကြံပြုချက်များ ပေးအပ်ရန်၊ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ ဆောက်လုပ်ဆဲ နှစ်ထပ် လူနာဆောင်သစ်နှင့် သုံးထပ် လူနာဆောင်သစ်များ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနမှ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**တိကျစွာ အမြန်ဆုံးဆောင်ရွက်**

2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ အစည်းအဝေးကို အပတ်စဉ်ပြုလုပ်ဆောင်ရွက်ရန်၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသောအဆုတ်ရောင်ရောဂါ သံသယလက္ခဏာများ တွေ့ရှိပါက မဖြစ်မနေသတင်းပေးပို့ရေး (mandatory reporting) အတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးကို ထည့်သွင်းစဉ်းစားရန်၊ အထက်ပါကိစ္စရပ်များ အားလုံးကို ထည့်သွင်းစဉ်းစားရန်နှင့် ယနေ့မိမိလမ်းညွှန်မှာကြားချက်များကို တိကျစွာ အမြန်ဆုံးဆောင်ရွက်ရန် ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး)၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး)၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာ ပါမောက္ခများ၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲမှုဌာနနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**သတင်းစဉ်**

## ကိုရိုနာဗိုင်းရပ်စ်စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်လာ ခဲ့သော မြန်မာနိုင်ငံသား အသက် ၂ နှစ် ၂ လအရွယ် ကလေးငယ် (မ) တစ်ဦးသည် ဖေဖော်ဝါရီ ၁ ရက်တွင် ကိုယ်အပူချိန်မြင့်တက်ခဲ့သဖြင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ပြသခဲ့ကြောင်း။

အဆိုပါကလေးငယ်ကို အသေးစိတ်စစ်ဆေးခဲ့ရာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း၊ သို့သော်လည်း ပိုမိုသေချာမှု ရှိစေရေးအတွက် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားရှိပြီး သီးခြားခန်းတွင် ထားရှိကာ ကုသပေးလျက်ရှိရာ အဆိုပါကလေးငယ်သည် ယနေ့ ညနေ စစ်ဆေးချက်များအရ သက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အလားတူ ကိုရီးယားသမ္မတနိုင်ငံသား အသက် (၂၆)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှတစ်ဆင့် ဇန်နဝါရီ ၁၆ ရက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ချောင်းဆိုးရာ၌သွေးစ အနည်းငယ်ပါသဖြင့် ညောင်ရွှေပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ တောင်ကြီးစဝ်စံထွန်းဆေးရုံသို့ စနစ်တကျ လွှဲပြောင်းကာ သီးခြားခန်းတွင် ကုသမှုပေးခဲ့ကြောင်း။

အဆိုပါလူနာအား အသေးစိတ်စစ်ဆေးခဲ့ရာ လွန်ခဲ့သော (၁၄) ရက်အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ခရီးသွားရာဇဝင်မရှိခဲ့ခြင်း၊ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာဖြစ်ပွားသူ လူနာများအား ကုသကိုင်တွယ်သူ ကျန်းမာရေးဝန်ထမ်းများ (သို့မဟုတ်) ဓာတ်ခွဲအတည်ပြု လူနာနှင့် နီးကပ်စွာထိတွေ့ခဲ့မှုမရှိခြင်းတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) အဓိပ္ပာယ် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း သိရသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၃၁ ရက်၌ ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံတွင် အလုပ်လုပ်နေသူ တရုတ်နိုင်ငံသား အသက် (၂၉) နှစ်အရွယ် အမျိုးသားသည် ဖေဖော်ဝါရီ ၂ ရက်တွင် ကိုယ်အပူ ချိန်မြင့်မားသဖြင့် နေပြည်တော်ရှိ ပုဂ္ဂလိကဆေးခန်းတစ်ခုတွင် သွားရောက် ပြသခဲ့ရာ အဆိုပါဆေးခန်းမှ နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံ ကြီးသို့ ညွှန်းပို့ခဲ့ကြောင်း၊ အဆိုပါအမျိုးသားအား နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးရှိ သီးခြားခန်းတွင် ထားရှိ ကုသကာ အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကိုယ်အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်းနှင့် နှာစေးခြင်းလက္ခဏာများတွေ့ရှိရကြောင်း။

အဆိုပါ အမျိုးသားအား ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ရောဂါရှိ၊ မရှိ အတည်ပြုနိုင်ရန်အတွက် ၎င်းထံမှ နှာခေါင်းတို့ ဖတ်နမူနာများ ရယူပြီး ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပိုမိုသေချာမှု ရှိစေရေးအတွက် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားရှိပြီး သီးခြားခန်းတွင်ထားရှိကာ ကုသပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) သံသယလူနာများ တွေ့ရှိပါက ဆက်လက် သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြူးကွန်း(၁) ကြိုးပြင်ကာကွယ်တောအတွင်း ပုဂ္ဂလိကသစ်မာမျိုးစုံ စိုက်ခင်းဧက ၁၀၀ အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၇)အနီး ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးကွန်း(၁) ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးတည်ထောင်ထားသော ပုဂ္ဂလိကသစ်မာမျိုးစုံ စိုက်ခင်း ဧက ၁၀၀ သို့ ရောက်ရှိစစ်ဆေးသည်။ **(ယာပုံ)**



**စိုက်ခင်းအောင်မြင်ရေး**

ရှေးဦးစွာ စိုက်ခင်းစခန်းနားနေဆောင်တွင် ပုဂ္ဂလိကသစ်မျိုးစုံစိုက်ခင်း စိုက်ပျိုးတည်ထောင်သူ ဦးသက်စိုးက စိုက်ခင်းဧက ၁၀၀ အတွင်း သစ်တောသစ်ပင်များ၊ အလှပန်းပွင့်ပင်များနှင့် သစ်ခွမျိုးစိတ်များ၊ ဝါးမျိုးစိတ်များအား အကွက်အလိုက် ခွဲခြားသတ်မှတ်၍ ရက္ခဗေဒဥယျာဉ် တစ်ခုတည်ထောင်နိုင်ရန် စနစ်တကျ စိုက်ပျိုးထားရှိမှုများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထပ်မံဖြည့်စွက်စိုက်ပျိုးရန် လိုအပ်သည့်သစ်မျိုးများနှင့် စိုက်ပျိုးရန် နေရာရွေးချယ်မှုများနှင့် စပ်လျဉ်း၍ အကြံပြုပြောကြားပြီး စိုက်ခင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းအောင်မြင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၀၅)အနီး ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြီးဝိုင်း အကွက်အမှတ်(၁၃)အတွင်းရှိ မြန်မာ့သစ်လုပ်ငန်းပိုင် မှော်ယောကြီးဆင်စခန်းသို့ရောက်ရှိပြီး ဆင်စခန်းအနီးရှိ ၂၀၁၈ ခုနှစ် မိုးရွာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် မြန်မာ့သစ်လုပ်ငန်းပိုင် စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀ အောင်မြင်ရှင်သန်မှုအား ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ယောကြီး ဆင်သမားကျေးရွာနှင့် ဆင်ထိန်းသိမ်းရေး စခန်းသို့ရောက်ရှိပြီး ၂၀၂၀ မိုးရာသီတွင် စိုက်ပျိုးမည့် ကျွန်းစိုက်ခင်းဧက ၅၀ အတွက် တောတွင်းလုပ်ငန်းများနှင့် ပျိုးဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စခန်းရှိ ဆင်များအားကြည့်ရှုစစ်ဆေးကာ အစာကျွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၅၀/၅)အနီး ပဲခူးမြို့နယ် စလူကြိုးဝိုင်း အကွက်အမှတ် (၂၆၄)အတွင်း စိုက်ပျိုးတည်ထောင်ထားသော ပုဂ္ဂလိကဝါးမျိုးစုံ စိုက်ခင်းဧက ၁၀၀ အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝူဟန်မြို့မှ ပြန်လည်ခေါ်ယူလာသည့် ကျောင်းသား၊ ကျောင်းသူ ၅၉ ဦး မန္တလေး ကန်တော်နဒီဆေးရုံသို့ရောက်ရှိ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုများခံယူ

မန္တလေး ဖေဖော်ဝါရီ ၂

**နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေသည့် တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ရောက်ရှိနေသော မြန်မာကျောင်းသား၊ ကျောင်းသူ ၆၃ ဦးအနက် ၅၉ ဦးသည် ယနေ့နံနက် ၄ နာရီက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ၎င်းတို့အား သီးသန့်ထားရှိရန် အသင့်ပြင်ဆင်ထားသည့် ၆၂ လမ်းရှိ ကန်တော်နဒီဆေးရုံတွင် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

အဆိုပါ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၃ ဦးအနက် တစ်ဦးမှာ တရုတ်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်မညီညွတ်ခြင်းကြောင့် လည်းကောင်း၊ တစ်ဦးမှာ ပြည်နယ် ပြင်ပရောက်ရှိနေသောကြောင့် လည်းကောင်း၊ ကျန်နှစ်ဦးမှာ ကိုယ်အပူချိန်မြင့်မားနေသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သောကြောင့် လည်းကောင်း ချန်ထားခဲ့ရပြီး ရောက်ရှိလာသည့် ကျောင်းသားကျောင်းသူ ၅၉ ဦးကို အဖျား ရှိ၊ မရှိ တိုင်းတာစစ်ဆေးပြီးမှ သတ်မှတ်ထားသည့် ကန်တော်နဒီဆေးရုံရှိ အခန်းအသီးသီးတွင် နေရာချထားပေးခဲ့ခြင်းဖြစ်ကာ နေ့စဉ် တစ်ရက် နှစ်ကြိမ်နှုန်းဖြင့် အဖျားတိုင်း၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ၁၄ ရက်တိတိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းမြင့်ထံမှ သိရသည်။

"အခုပြန်ရောက်လာတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးက ဆေးရုံအုပ်တစ်ဦးကို ကန်တော်နဒီဆေးရုံမှာ တာဝန်ချထားပြီး သူနဲ့အတူ ဆရာဝန်တစ်ဦး၊ သူနာပြု နှစ်ဦး၊ အထွေထွေလုပ်သား နှစ်ဦးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးသွားမှာပါ။ အကယ်၍ အရေးပေါ် တစ်စုံတစ်ရာရှိခဲ့ရင် အဲဒီမှာ တာဝန်ကျနေတဲ့ ဝန်ထမ်းတွေကတစ်ဆင့် မန္တလေးဆေးရုံကြီးတွေမှာ ရှိနေကြတဲ့ အထူးကုဆရာဝန်ကြီးတွေကို သတင်းပို့ပြီး ကုသမှုလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၁၄ ရက်ပြည့်သွားရင်တော့ သူတို့နေထိုင်ရာဒေသအသီးသီးကို ပြန်ပို့မှာဖြစ်ပါတယ်။ ပြည်သူတွေကို အသိပေးချင်တာက ကျွန်မတို့ မန္တလေးက တရုတ်နိုင်ငံသားတွေ အများအပြားဝင်ရောက်တဲ့မြို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ့်ပတ်ဝန်းကျင်မှာ အဖျားရှိနေသူကို တွေ့ခဲ့မယ်ဆိုရင် ဒါမှမဟုတ် ကိုယ်တိုင်ဖျားနေတယ်ဆိုရင် ကျန်းမာရေးဌာနကို အချိန်မီသတင်းပို့ပြီး လာရောက်ကုသမှုခံယူပါလို့ ပြောကြားလိုပါတယ်" ဟု ၎င်းက ပြောကြားသည်။

ပြန်လည်ရောက်ရှိလာသည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်မြို့မှ လာရောက်ကြိုဆိုသည့် ကျောင်းသူတစ်ဦး၏ဖခင် ဦးဇော်ထွန်းဝင်းက "ကျွန်တော့်သမီးက ဝူဟန်မြို့ဆေးတက္ကသိုလ်မှာ နောက်ဆုံးနှစ် တက်နေတာပါ။ ပြန်ခေါ်တဲ့သူတွေထဲမှာ လေးဦး ကျန်ခဲ့တဲ့အတွက် ကျွန်တော့်သမီးများ ကျန်နေမလားလို့ စိုးရိမ်မိသွားတယ်။ ဒါပေမယ့် စိစစ်ပြီး လေယာဉ်ပေါ်ရောက်တဲ့အထိ ဖုန်းအဆက်အသွယ်မပြတ်တဲ့အတွက် စိတ်အေးသွားရတယ်။ ကျွန်တော်က မန္တလေးကို တစ်ရက်ကြိုပြီး လာစောင့်နေခဲ့တာပါ။ အခုလို အန္တရာယ်ကင်းကင်းနဲ့ ပြန်ရောက်လာလို့ ဝမ်းသာနေရတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် မဖြစ်ပွားစေရေးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် တိုင်းဒေသကြီးအဆင့် စောင့်ကြည့်စစ်ဆေးကုသရေးကြီးကြပ်မှုကော်မတီ (SRT)ကို ဇန်နဝါရီ ၂၇ ရက်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ရေးအတွက် လေကြောင်းလိုင်းအပြင် ကုန်းလမ်း၊ ရေလမ်းများတွင်လည်း ဝင်ထွက်ပေါက်များ၌ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုရီးယားကြက်ခြေနီလူငယ်များ သန်လျင်မြို့နယ်ရှိ ကျိုက်အင်း အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့် အတူ ကိုရီးယားကြက်ခြေနီလူငယ်များသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ကျိုက်အင်းအခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ကိုရီးယားကြက်ခြေနီလူငယ်များသည် ရိုးရာယဉ်ကျေးမှုများဖလှယ်ခြင်း၊ စုပေါင်းကစားခြင်း၊ မျက်နှာဆေးခြယ်ခြင်း၊ ကလေးများကိုယ်တိုင်ရေးဆွဲသည့် ရုပ်ပုံများကို ရင်ထိုးတံဆိပ်ပြုလုပ်ပေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးဝေခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု လက်တွေ့လုပ်ဆောင်ပြခြင်းတို့ကို ကျောင်းသား ကျောင်းသူများနှင့်အတူ ပျော်ရွှင်စွာ စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။

ကိုရီးယားလူငယ် ကြက်ခြေနီအသင်းသည် ၂၀၁၈ ခုနှစ်တွင် ကျိုက်အင်း မူလွန်ကျောင်းတွင် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဂျိုင်းလော**



## ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီ စင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ကျိုင်းတုံမြို့နှင့် မင်းကင်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-21 အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့်ပြည်နယ် U-21 အမျိုးသား(ဘောလုံး)ပြိုင်ပွဲများကို သတ်မှတ် အားကစားကွင်းများတွင် ကျင်းပသည်။

**အနိုင်ရရှိ**

ယနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားလေ့ကျင့်ရေးကွင်း(၁) တွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားလေ့ကျင့်ရေးကွင်း (၃)တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း




တိုင်းဒေသကြီးနှင့်ပြည်နယ် U-21 အမျိုးသား(ဘောလုံး)ပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အနိုင်ရရှိသည်။

**လာရောက်ကြည့်ရှုနိုင်**

ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားလေ့ကျင့်ရေးကွင်း (၁) တွင် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားလေ့ကျင့်ရေးကွင်း (၃) တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

❖ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (က)တွင် တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ပါဝင်ပြီး မြောက်ကိုရီးယားအသင်း နုတ်ထွက်သွားသောကြောင့် သုံးသင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် မျှော်လင့်ချက်ရှိနေပြီး တောင်ကိုရီးယားနှင့်ပွဲတွင် ပေးဂိုးနည်းရန် လိုအပ်သလို ဗီယက်နမ်နှင့် နောက်ဆုံးပွဲတွင်လည်း ရလဒ်ကောင်းရန် လိုအပ်နေသည်။

မြန်မာအမျိုးသမီးအသင်းသည် တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နည်းပြအပြောင်းအလဲပြုလုပ်ထားပြီး နည်းပြသစ် ခန့်အပ်နိုင်ခြင်းမရှိသောကြောင့် ယခင်အုပ်ချုပ်သူအဖြစ် ဆောင်ရွက်နေသည့် ဦးတင်မြင့်အောင်က ယာယီနည်းပြချုပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယနေ့ကစားမည့်ပွဲတွင် မြန်မာအသင်း၏ အဓိကတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

အုပ်စု (ခ)တွင် ဩစတြေးလျ၊ တရုတ်၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေပြီး ဩစတြေးလျနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဗန်ဒိုက်ခ်ကို ပေါင်သန်း ၁၅၀ ဖြင့် ကမ်းလှမ်းရန် ဂျူဗင်တပ်စ် စီစဉ်**

ဂျူဗင်တပ်စ်အသင်းသည် လီဗာပူးအသင်းမှ နယ်သာလန်ခံစစ်မှူး ဗန်ဒိုက်ခ် (၂၈နှစ်) ကို ပေါင်သန်း ၁၅၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဝီလီယံကို ခေါ်ယူရန် ဘာစီလိုနာ နီးစပ်လာ**

ဘာစီလိုနာအသင်းသည် ရာသီကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ချယ်လ်ဆီးအသင်းမှ ဘရာဇီးတောင်ပံကစားသမား ဝီလီယံ (၃၁နှစ်) ကိုခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**စပိန်သို့သာ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခြင်းကြောင့်ဖြစ်**

မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့ ပီအက်စ်ဂျီအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီ (၃၂နှစ်)ကို ခေါ်ယူရေး မအောင်မြင်ခဲ့ရခြင်းမှာ ကစားသမား ကိုယ်တိုင်က စပိန်သို့သာ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခြင်းကြောင့် ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အေတီမက်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ရီးရဲဆက်လက်ဦးဆောင်**

စပိန်လာလီဂါပွဲစဉ် ၂၂ အဖြစ် ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက ပွဲကစားချိန် ၅၆ မိနစ်တွင် ရရှိခဲ့သော ဘင်ဇီမာ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့မှုကြောင့် နောက်ဆုံး ငါးပွဲတွင် တစ်ပွဲသာ သရေကျထားပီး ကျန်လေးပွဲလုံး ရှုံးနိမ့်ထားသည်။

**ကူလီဘာလီအတွက် ပေါင်သန်း ၉၀ ဝန်းကျင်ခန့် ကုန်ကျဖွယ်ရှိ**

မန်ယူအသင်းသည် နာပိုလီခံစစ်ကစားသမား ကူလီဘာလီ (၂၈ နှစ်) ကို ခေါ်ယူဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာသည်။ အဆိုပါ ကစားသမားကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၉၀ ဝန်းကျင်ခန့် ကုန်ကျဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အပိုဆုကြေး ပေါင် ခြောက်သန်း ကမ်းလှမ်းချက်ကို ဘာ့ဂ်ဝင် ပယ်ချခဲ့**

ပီအက်စ်ဗွီအသင်းမှ ပေါင် ၂၇ သန်းဖြင့် တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော ကွင်းလယ်ကစားသမား ဘာ့ဂ်ဝင် (၂၂နှစ်) သည် အသင်းတွင် ဆက်လက်နေလျှင် အပိုဆုကြေး ပေါင် ခြောက်သန်း ပေးမည်ဟူသော ကမ်းလှမ်းချက်တစ်ရပ်ကို ပယ်ချခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**အောင်ဇော်**

# Ballschule Game မိတ်ဆက်သရုပ်ပြပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဂျပန်နိုင်ငံ Ballschule (Tokyo) Federation နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် Sports Education Project in Myanmar အစီအစဉ်၏ ကနဦးလှုပ်ရှားမှုအနေဖြင့် Ballschule Sports Demonstration ပြကွက်ကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရွေးဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ ကျောင်းသားကျောင်းသူလေးများက လက်ဝှေ့၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို စသည့် အားကစားနည်းများဖြင့် သရုပ်ပြသခဲ့ကြသည်။




ကလေးငယ်များ Ballschule Game ကစားကြစဉ်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် Four Hand Co;Ltd Ballschule (Tokyo) မှ CEO Mr. Atumi တို့က အမှာစကားပြောကြားပြီး အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (ငြိမ်း)ဦးဇော်ဟိန်းက Ballschule Game ကစားနည်းအကြောင်းအရာအား မိတ်ဆက်တင်ပြသည်။ ယင်းနောက် ကလေးငယ်များက Ballschule Game အစီအစဉ်ကို သရုပ်ပြသကစားခဲ့ပြီး (ဝဲပုံ)မိဘအုပ်ထိန်းသူ၊ ဆရာ ဆရာမများနှင့်အတူ Ballschule Game ကစားခဲ့ကြသည်။ **အေကေလင်း**

# MNL ပြိုင်ပွဲတွင် ဟံသာဝတီ၊ ရန်ကုန်နှင့် ရခိုင်အသင်း နိုင်ပွဲရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ ဟံသာဝတီ၊ ရန်ကုန်နှင့် ရခိုင်အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သော်လည်း စစ်ကိုင်းအသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သလို ဒဏ်ရာမှပြန်ကောင်းလာသည့် ငြိမ်းချမ်းအောင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ကျေနပ်စရာဖြစ်ခဲ့သည်။ စစ်ကိုင်းအသင်းမှာမူ နှစ်ပွဲဆက် အရေးနိမ့်ခဲ့ပြီး အသင်းကြီးများနှင့် ဆက်တိုက်တွေ့ဆုံနေသောကြောင့် ရလဒ်ကောင်းရန် ရုန်းကန်နေရသည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး စစ်ကိုင်းအသင်းမှာမူ အထောင်တိုက်စစ်မှူး ပက်ထရစ်ကို ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ပွဲရယူနိုင်ရန် တိုက်စစ်ဖွင့် ကစားခဲ့သော်လည်း ပထမပိုင်းကစားပုံမှာ လိုအပ်ချက်များရှိနေ၍ ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ အီမန်နျူရယ်၏ အဝေးကန်ချက်ဘားထိထွက်ခဲ့သလို ဂိုးရနိုင်သည့် အခွင့်အရေးအချို့ကိုလည်း အသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ပထမပိုင်းတွင် စစ်ကိုင်းအသင်းသည် တန်ပြန်တိုက်စစ်ကိုသာ ဦးစားပေးကစားခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက အနိုင်ဂိုးရရန် တိုက်စစ်မြင့်လာပြီး ၅၇ မိနစ်တွင် ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင်က အဝေးကန်ချက်ဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် စစ်ကိုင်းအသင်း ချေပဂိုးရရန် ကြိုးစားလာသလို ရန်ကုန်အသင်းကလည်း ဂိုးမပေးရရန်အပြင် ဂိုးထပ်မံရရှိရေးအတွက်ပါ ကြိုးပမ်းခဲ့သည်။ ရန်ကုန်အသင်းအတွက် ဒုတိယဂိုးကို ပွဲပြီးခါနီးတွင် ရှီရီက သွင်းယူခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက Southern အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုရာသီတွင် ပုံစံကောင်းပြသနေပြီး လေးပွဲဆက်အနိုင်ရခဲ့သလို ဂိုးပြတ်နိုင်ပွဲပါ ရရှိခဲ့သည်။ Southern အသင်းမှာမူ လေးပွဲဆက်အရှုံးကြောင့် ဖိအားပိုများသွားခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို အီမီကာ ၁၁၊ ၂၁၊ ၈၈ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်ဂိုးများကို ၄၉ မိနစ်တွင် အောင်မိုးထွေးနှင့် မိနစ် ၇၀ တွင် ဒိုနယ်က သွင်းယူခဲ့သည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် သုံးပွဲဆက် အနိုင်ရခဲ့ပြီး အနိုင်ဂိုးကို မိနစ် ၅၀ တွင် ကောင်းမြတ်ကျော်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ် (၄)အပြီးတွင် ဟံသာဝတီအသင်းက ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်နှင့် ရှောဝတီအသင်းက ၁၀ မှတ်စီ၊ ရခိုင်အသင်းက ကိုးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်မှတ်၊ ရတနာပုံနှင့် မကွေးအသင်းက ငါးမှတ်စီ၊ စစ်ကိုင်းအသင်းက လေးမှတ်၊ ချင်းယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းက သုံးမှတ်စီ၊ ဇွဲကပင်အသင်းက တစ်မှတ်ရရှိထားကာ Southern အသင်းမှာမူ လေးပွဲဆက်ရှုံးပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

# ပရီမီယာလိဂ် ပွဲစဉ် (၂၅) ဆက်လက်ယှဉ်ပြိုင်

ပရီမီယာလိဂ် ပွဲစဉ်(၂၅) ကို ဖေဖော်ဝါရီ ၂ ရက်တွင် ဆက်လက်ကျင်းပရာ ဘန်လေနှင့် အာဆင်နယ်ပွဲတွင် ဂိုးမရှိ သရေဖြစ်ခဲ့သည်။

နှစ်သင်းစလုံး ရမှတ်တူ အပေါ်အောက် ရပ်တည်နေကာ အနိုင်ရရှိရေး နှစ်သင်းစလုံးကြိုးစားသော်လည်း ဂိုးမရရှိပေ။ ဘန်လေက ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့သည်။ ယခုပွဲအပြီး ရမှတ် ၃၁ မှတ်စီ ရရှိထားသည်။

ဖေဖော်ဝါရီ ၁ ရက်ပွဲစဉ်များတွင် လီဗာပူးက ဆောက်သမ်တန်ကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ရမှတ် ၇၃ မှတ်ဖြင့် ဦးဆောင်နေဆဲဖြစ်သည်။ အခြားပွဲစဉ်များတွင် ဘုန်းမောက်က ဗီလာကို နှစ်ဂိုး-တစ်ဂိုး၊ ရှက်ဖီးယူက ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ အဲဗာတန်က ဝက်ဖို့ဒ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီး လက်စတာနှင့် ချယ်လ်ဆီး နှစ်ဂိုးစီ သရေ၊ ဝက်စ်ဟမ်းနှင့် ဘရိုက်တန် သုံးဂိုးစီ သရေဖြစ်ခဲ့ကာ ဖေဖော်ဝါရီ ၂ ရက် နံနက်က ကစားခဲ့သည့် မန်ယူနှင့် ဝုလ်ဗ်ပွဲမှာလည်း ဂိုးမရှိ သရေဖြစ်ခဲ့သည်။ **သီဟ**

# အောင်မြေသာစံမြို့နယ်တွင် နေအိမ်သုံးလုံး မီးလောင်မှုဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် အကွက်အမှတ်(၅၂) ၁၂လမ်းနှင့် ၁၃လမ်းကြား၊ ၈၁လမ်းနှင့် ၈၆လမ်းကြားရှိ အိမ်ရှင် ဦးရာကစ်(၄၆နှစ်) နေအိမ်အပေါ်ထပ်ရှိ ဘုရားစင်တွင် အမွှေးတိုင်နှင့် ဖယောင်းတိုင်များ ပူဇော်ထားရာမှ အနီးရှိ ထရံသို့မီးကူးစက်၍ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့သည် မီးငြိမ်းသတ်ယာဉ်အစီး ၅၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်မှုကြောင့် မီးစတင်လောင်ကျွမ်းသော နေအိမ်ပိုင်ရှင် ဦးရာကစ်အား အောင်မြေသာစံမြို့နယ် အမှတ် (၄)နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားပြီး မီးဘေးသင့်ပြည်သူများအား ၈၁လမ်း၊ ၁၂လမ်းနှင့် ၁၃လမ်းကြားရှိ ပြည်လုံးအေးဓမ္မာရုံတွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချပေးထားကြောင်း သိရသည်။



မီးလောင်မှုဖြစ်သည့်နေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ကြစဉ်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မိုင်းဆတ်နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၁၅ ဧကခန့် ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်တွင် မိုင်းဆတ်မြို့နယ် ရှုခင်းသာ(၂)နှင့် (၃)ကျေးရွာအကြား၊ ရှုခင်းသာ(၁)နှင့် (၂)ကျေးရွာအကြား၊ ဟားကွယ်ကျေးရွာအနီးတစ်ဝိုက်၌ အမြင့် နှစ်ပေခွဲမှ သုံးပေခွဲခန့်ထိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၂ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ မိုင်းပျဉ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် ဟွေနော့ကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာနှင့် ဟိုနမ့်ပူအောက်ကျေးရွာ၏ တောင်ဘက်တစ်မိုင်ခန့်အကွာ အနီးတစ်ဝိုက်၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၂ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုင်းရယ်မြို့မ ဈေးကြီးအတွင်း မီးလောင်မှုဖြစ်

**မိုင်းရယ် ဖေဖော်ဝါရီ ၂**

မိုင်းရယ်မြို့ မြို့မဈေးကြီးအတွင်းရှိ ရပ်ကွက်(၂)နေ ဒေါ်စိန်လေးပိုင် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်အတွင်း ယနေ့နံနက် ၉ နာရီခွဲက ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်သည့်နေရာသို့ မိုင်းရယ်မြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးလွင်ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ရာ နံနက် ၉ နာရီ မိနစ် ၄၀ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဒေါ်စိန်လေးအား မိုင်းရယ်မြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်မာလာ(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၉:၁၅ - BBC Click
၁၁:၂၅ - လုံမမှတ်စု(၁၂၃)
၁၂:၃၅ - "မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဆော်ရက်(ဘ)ကူးမားနှင့် တွေ့ဆုံမေးမြန်းခန်း"

**ညပိုင်း**

၁၇:၀၅ - This Week's Special Interest
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၅) (၃) (ကျာလျှံတိတ်တိတ်ပုန်း အမြောင်မယားထားခြင်း)(၃)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - စီးပွားရေးစကားဝိုင်း "စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း" (အပိုင်း-၃)
- ပြည်သူ့အကျိုးပြုမှတ်တိုင်များ "စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်း SMVTI(or) Engineering & Technology" (အပိုင်း-၁)
- ရုပ်ရှင်ရာပြည့်(Promo)
- မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီစဉ် "ရုပ်ရှင်ဇာတ်ဝင်တေးများ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၃၀)

# အထောက်အထားမဲ့ သယ်ဆောင်လာသည့် ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၈၅ စီး၊ သွင်းကုန် ၁၅၅၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁ ဒသမ ၃၄၇ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက အင်္ဂတိုရွာ-ပျဉ်းကတိုးကုန်းရွာ ရောင်ကွင်းလမ်းအတွင်း သွားရောက်စစ်ဆေးခဲ့ရာ နီဆန်းဒီဇယ် ၁၂ ဘီး ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် JCB Back-hoe Loader ယာဉ်တစ်စီး၊ TCM Forklift ယာဉ်တစ်စီးနှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၀၀ အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ထီးချိုင့်မြို့ ရောဝတီတံတားပေါ်တွင် ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး

**ထီးချိုင့် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ ရောဝတီမြစ်ကူးတံတားပေါ်တွင် ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ထီးချိုင့်မြို့ ရောဝတီမြစ်ကူးတံတားပေါ်တွင် ယနေ့ နံနက် ၁၁ နာရီခွဲခန့်က ထီးချိုင့်မြို့နယ် တည်တော ကျေးရွာနေ မိုးဇော်မောင်းနှင်ပြီး မသေးသေး လိုက်ပါစီးနင်းလာသော ဆိုင်ကယ်အား ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာနေ မိုးဒီ(ခ)အောင်မြတ်သူ မောင်းနှင်လာသော SH/----ပစ်ကပ်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိသဖြင့် မသေးသေးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားပေါ့ဆစွာ မောင်းနှင်သူ မိုးဒီ(ခ)အောင်မြတ်သူအား မြတောင်နယ်မြေရဲကင်းစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# လှည်းကူးမြို့နယ်တွင် ဓားခုတ်ခံရမှုကြောင့် သုံးဦးသေဆုံး

**လှည်းကူး ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာကန်ကျေးရွာအနီး ဖေဖော်ဝါရီ ၁ ရက် နံနက် ၃ နာရီက လယ်တဲခြံဝင်းအတွင်း၌ အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ကာ ဓားဖြင့်လိုက်လံခုတ်မှုကြောင့် သုံးဦးသေဆုံးသွားခဲ့သည်။

ကြာကန်ကျေးရွာနေ လင်းကို(၂၇နှစ်)၊ အမွှာညီဖြစ်သူ လင်းချို(၂၇နှစ်)နှင့် ယောက်ဖဖြစ်သူ ပြည့်သီဟ(၃၀နှစ်)တို့ထံသို့ တိုက်ကြီးမြို့နယ် မြောက်အိမ်တန်းကျေးရွာနေ စိုးမင်းလတ်(ခ) ရဲလေး(ခ)ငထူး(ခ)တောက်ထိန်(၂၄နှစ်) ရောက်ရှိလာပြီး အရက်အတူသောက်စားစဉ် စကားများရန်ဖြစ်ကာ ၎င်းအား ဝိုင်းဝန်းထိုးကြိတ်ခဲ့မှုအပေါ် မကျေနပ်၍ ဓားဖြင့်လိုက်လံခုတ်ခဲ့သည်။

ဓားခုတ်မှုကြောင့် လင်းကိုအပါအဝင် သုံးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သောကြောင့် စိုးမင်းလတ်(ခ)ရဲလေး(ခ)ငထူး(ခ)တောက်ထိန်အား လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မှုခင်းအသိပညာပေးဟောပြော

**ကော့မှူး ဖေဖော်ဝါရီ ၂**

ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီလနောက်ဆုံးပတ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများအား လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ ဆောင်ရန်၊ ရှောင်ရန်တို့အား ဝါးဘလောက်သောက် ရဲကင်းစခန်းမှူး ဒုရဲအုပ် အောင်စိုးသူက အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဇန်နဝါရီလအတွက် MNL အကောင်းဆုံးဆုကို ဦးမျိုးမင်းထွန်းနှင့် ဒိုနယ်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ရွေးချယ်ချီးမြှင့်သည့် ဇန်နဝါရီလအတွက် MNL တစ်လတာအကောင်းဆုံးဆုကို ဟံသာဝတီအသင်း နည်းပြချုပ် ဦးမျိုးမင်းထွန်းနှင့် တိုက်စစ်မှူး ဒိုနယ်ဘစ်ဆာတို့ ရရှိခဲ့သည်။

ယင်းဆုများကို ဖေဖော်ဝါရီ ၂ ရက်က ပဲခူးကွင်း၌ ကျင်းပသည့် ဟံသာဝတီ- Southern ပွဲမတိုင်မီ ချီးမြှင့်ခဲ့ပြီး အကောင်းဆုံးနည်းပြဆုရ ဦးမျိုးမင်းထွန်းအား ဆုတံဆိပ်နှင့် ကျပ်တစ်သိန်း၊ အကောင်းဆုံးကစားသမားဆု ဒိုနယ်အား ဆုတံဆိပ်နှင့် ဆုကြေးကျပ်တစ်သိန်းခွဲ ပေးအပ်ချီးမြှင့်သည်။ ယခုဆုများကို ဇန်နဝါရီတွင် ကစားခဲ့သည့်သုံးပွဲအပေါ် တွက်ချက်ချီးမြှင့်ခြင်းဖြစ်ပြီး ဟံသာဝတီအသင်းသည် သုံးပွဲကစား သုံးပွဲစလုံး အနိုင်ရကာ ထိပ်ဆုံး၌ ဦးဆောင်နိုင်သောကြောင့် ဦးမျိုးမင်းထွန်းက အကောင်းဆုံးနည်းပြဆု ရခဲ့ခြင်းဖြစ်သည်။ ဒိုနယ်မှာမူ ယင်းသုံးပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့်အပြင် သုံးဂိုးသွင်းယူနိုင်သောကြောင့် အခြားကစားသမားများကို ကျော်ဖြတ်ကာ အကောင်းဆုံးဆုရခဲ့ခြင်းဖြစ်သည်။

လအလိုက်အကောင်းဆုံးဆုများကို လစဉ်ချီးမြှင့်မည်ဖြစ်ပြီး တစ်လအတွင်း နှစ်ပွဲအောက်သာ ကျင်းပနိုင်ပါက နှစ်လပေါင်း၍ ချီးမြှင့်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက NIS (2) ရန်ကုန် လှိုင်မြို့နယ် မိုးလုံလေလုံ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲတွင် အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သင့်က အမှာစကား ပြောကြားသည်။ ထို့နောက် အနောက်ပိုင်းခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိမော်က အားကစားသမားတို့၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမာရွတ်မြို့နယ်အသင်းနှင့် ပန်းဘဲတန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ၁၃ မြို့နယ်မှ ပြိုင်ပွဲဝင် ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဖျက်သင်္ဘော အရှေ့အလယ်ပိုင်းဒေသသို့ ထွက်ခွာ

**တိုကျို ဖေဖော်ဝါရီ ၂**

ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဖျက်သင်္ဘောတစ်စင်းသည် သုတေသနလုပ်ငန်းများနှင့် စစ်တမ်းကောက်ယူမှုဆောင်ရွက်ရန်အတွက် အရှေ့အလယ်ပိုင်းဒေသဆီသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ယခုလုပ်ငန်းစဉ်သည် ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အတွက် ကြာချိန်တစ်နှစ်ထက်ပိုသည့် နိုင်ငံတကာဆိုင်ရာ မစ်ရှင်တစ်ခုကို ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဖေဖော်ဝါရီ ၂ ရက်တွင် တိုကျိုမြို့တောင်ပိုင်း ယိုကိုစူကာရှိ ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ အခြေစိုက်စခန်း၌ ဖျက်သင်္ဘောတာကာနာမီကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံက အသုံးပြုနေသည့် ရေနံစိမ်းပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့်ကို အာရေဗီယံပင်လယ်နှင့် အိုမန်ပင်လယ်ကွေ့မြောက်ပိုင်းမှတစ်ဆင့် သယ်ယူပို့ဆောင်နေရသည်ဖြစ်ရာ ယခုဆောင်ရွက်မည့်မစ်ရှင်သည် ဂျပန်ပြည်သူများ၏ အသက်မွေးနေထိုင်မှုအတွက် လွန်စွာအရေးကြီးသည့် မစ်ရှင်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။ တာကာနာမီဖျက်သင်္ဘောသည် အမှုထမ်း ၂၀၀ ခန့်နှင့် ရဟတ်ယာဉ်နှစ်စင်းကို သယ်ဆောင်ကာ အရှေ့အလယ်ပိုင်းဒေသဆီသို့ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖျက်သင်္ဘော၏မစ်ရှင်မှာ ဂျပန်နှင့် ဆက်ဆံနေသည့် ကုန်တင်သင်္ဘောများ ဘေးကင်းလုံခြုံစွာ ရေကြောင်းသွားလာနိုင်ရေး ခိုင်မာသေချာစေရန် အထောက်အကူပြုမည့် သတင်းအချက်အလက်များ ရယူရန်ဖြစ်ပြီး ယခုလနှောင်းပိုင်းတွင် အဆိုပါ ဖျက်သင်္ဘောအရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဖျက်သင်္ဘောတာကာနာမီ။

# အစ္စရေးနှင့် အဆက်အသွယ်ဖြတ်တောက်မည်ဟု ပါလက်စတိုင်းပြော

**ကိုင်ရို ဖေဖော်ဝါရီ ၂**

ပါလက်စတိုင်းအာဏာပိုင်များသည် လတ်တလော အမေရိကန်ဘက်က ထုတ်ပြန်ခဲ့သည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်ပြီး အစ္စရေးနှင့် အမေရိကန်ဘက်ကို ဆက်သွယ်ရေးဖြတ်တောက်မည်ဟု အသိပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၁ ရက်တွင် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်က ပြောကြားခဲ့သည်။

လုံခြုံရေးဆိုင်ရာ ဆက်သွယ်မှုများအပါအဝင် အစ္စရေးနှင့် သာမက အမေရိကန်နှင့်ပါ မည်သည့်ဆက်ဆံရေးကိုမျှ ပြုလုပ်တော့မည်မဟုတ်ဟု အစ္စရေးဘက်ကို အကြောင်းကြားထားကြောင်း ပါလက်စတိုင်းသမ္မတက ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်တည်ရှိရာ အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုတွင် အာရပ်နိုင်ငံခြားရေးဝန်ကြီးများနှင့် အစည်းအဝေးပြုလုပ်နေစဉ် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၂၈ ရက်တွင် အမေရိကန်သမ္မတ ထရမ့်က ငြိမ်းချမ်းရေးအစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းအစီအစဉ်ကို ပါလက်စတိုင်းတို့ဘက်မှ ငြင်းဆန်ခဲ့သည်။



ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်(အလယ်) အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ CIA နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ထံ ပါလက်စတိုင်းအာဏာပိုင်များက ငြိမ်းချမ်းရေးအစီအစဉ်ကို လက်မခံဘဲ ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပို့ထားသည်ဟု အဘတ်စ်က ပြောသည်။

အမေရိကန်ပြည်ထောင်စုသည် ဘက်လိုက်သည့် စေ့စပ်ညှိနှိုင်းသူဖြစ်ကြောင်း ယင်းငြိမ်းချမ်းအရေး အစီအစဉ်ကို ပယ်ချရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အကြောင်းကြားသွားမည်ဖြစ်ပြီး အဖြေဆက်လက်ရှာသွားမည်ဟုလည်း ပါလက်စတိုင်းသမ္မတက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အစ္စရေးနိုင်ငံ၏ အဓိက ထောက်ခံသူနိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့သည်။

ထို့နောက် အမေရိကန်သံရုံးကိုလည်း ၂၀၁၈ ခုနှစ် မေလတွင် တဲအဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ **ဆင်ဟွာ**

# နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အစာချေစနစ်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်နိုင်

**ဝူဟန် ဖေဖော်ဝါရီ ၂**

ဆေးပညာရှင်များ၏ နောက်ဆုံးလေ့လာတွေ့ရှိချက်များအရ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် အစာချေစနစ်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်နိုင်ကြောင်း တရုတ်နိုင်ငံမှ ကျွမ်းကျင်သူ ဆေးပညာရှင်များက သတိပေးပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူအချို့မှာ အဖျားတက်ခြင်းမရှိဘဲ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းတစ်မျိုးကိုသာ ခံစားရပြီး လူနာအများစုတို့တွင် ထိုသို့အဖြစ်များကြောင်း သတိထားမိခဲ့ပြီးနောက် လူနာများထံမှ မစင်နှင့် အညစ်အကြေး နမူနာတို့တွင် ဗိုင်းရပ်စ်ကူးစက်မှုနှင့် သက်ဆိုင်သည့် နျူကလစ်အက်စစ်ကို တွေ့ခဲ့ရကြောင်း သိရသည်။

ဝူဟန်တက္ကသိုလ်နှင့် ဝူဟန်ရောဂါဗေဒဆိုင်ရာ တရုတ်သိပ္ပံ အကယ်ဒမီ အင်စတီကျုတို့မှ ကျွမ်းကျင်ပညာရှင်များ အတူတွဲဖက်ဆောင်ရွက်ခဲ့သည့် နောက်ဆုံးလေ့လာမှုရလဒ်များအရ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေ့လာမှုအဖွဲ့က နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် နှာရည်နှင့် ကိုင်တွယ်ထိတွေ့မှုများမှ ကူးစက်နိုင်သည့်အပြင် အညစ်အကြေးမှ ပါးစပ်သို့ ကူးစက်နိုင်သည့် ဖြစ်နိုင်ခြေအချို့ရှိနိုင်ကြောင်း ယုံကြည်လျက်ရှိသည်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်မှာ ယခုအခါ ၃၀၄ ဦးအထိ ရှိလာပြီဖြစ်ပြီး တရုတ်နိုင်ငံပြင်ပ၌ ဗိုင်းရပ်စ်ကြောင့် ပထမဆုံးအကြိမ် သေဆုံးသူရှိလာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း မိုက်မောလ်အသက် ၇၁ နှစ်တွင် သေဆုံး

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂**

ဖေဖော်ဝါရီ ၂ ရက်တွင် သေဆုံးသွားသည့် ဝန်ကြီးချုပ်ဟောင်း မိုက်မောလ်အတွက် ဝမ်းနည်းကြေကွဲဖွယ် အခမ်းအနားကို နယူးဇီလန်နိုင်ငံသားများ ပြုလုပ်နေကြသည်။

မိုက်မောလ်သည် ၁၉၉၀ ပြည့်နှစ်တွင် နယူးဇီလန်ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့ပြီး နယူးဇီလန်နိုင်ငံ၏ ၃၄ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်သည်။ ၎င်းသည် အော့ကလန်ရှိ နေအိမ်တွင် အသက် ၇၁ နှစ်၌ သေဆုံးသွားခဲ့ပြီဖြစ်သည်။

မိုက်မောလ်သည် နယူးဇီလန်နှင့် တစ်ကမ္ဘာလုံးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးကို ခိုင်မြဲအောင် လုပ်ဆောင်ပေးခဲ့သူဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောသည်။

ထို့အပြင် အခွန်စည်းကြပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီမှု (GATT) တွင် အဓိကဦးဆောင်ခဲ့သူဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးတွင်လည်း ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။ မိုက်မောလ်သည် ကြီးမြတ်သည့် နယူးဇီလန်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဝင်စတန်ပီတာက ချီးကျူးပြောဆိုခဲ့သည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာတွင် မိုက်မောလ်၏ ပါဝင်ခဲ့မှုကိုလည်း ၎င်းကအသိအမှတ်ပြု ပြောဆိုခဲ့သည်။ မိုက်မောလ်ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးတွင် နယူးဇီလန်နိုင်ငံသားတစ်ဦးက ဦးဆောင်နိုင်ခဲ့ပြီး ၎င်းသည် အမေရိကန်နိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဟယ်လင်ကလာ့ခ်ကလည်း မိုက်မောလ်သည် ၎င်း၏ဘဝတစ်လျှောက်လုံး နယူးဇီလန်နိုင်ငံအတွက် ကြိုးစားလုပ်ဆောင်သွားသူတစ်ဦးဖြစ်ကြောင်း ဂုဏ်ပြုပြောဆိုခဲ့သည်။ မိုက်မောလ်သည် ဝန်ကြီးချုပ်ဖြစ်မလာမီ နယူးဇီလန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ကြီးတွင် ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်စဉ်ကလည်း ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်ရေးစနစ်သည် အရှိန်အဟုန်ဖြင့်တိုးတက်ပြောင်းလဲခဲ့သည်။ ၎င်းလက်ထက်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ မိုက်မောလ်သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ လေသင်တုန်းဖြတ်ခဲ့ပြီး မကြာသေးမီ နှစ်ပိုင်းအတွင်း ကျန်းမာရေး ဆိုးရွားစွာကျဆင်းခဲ့သည်။

**ဆင်ဟွာ**



နယူးဇီလန် ဝန်ကြီးချုပ် ဟောင်း မိုက်မောလ်။

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ရှေးဟောင်းသုတေသနနေရာပေါင်း ၁၁၅ နေရာ တူးဖော်တွေ့ရှိ

**ချုံကင်း ဖေဖော်ဝါရီ ၂**

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များသည် တရုတ်နိုင်ငံရှိ ချုံကင်းဒေသန္တရ အုပ်ချုပ်ရေးမြို့ အနောက်တောင်ပိုင်း၌ ရှေးဟောင်းသုတေသနဌာန ၁၁၅ ခုကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ရှေးဟောင်းသုတေသနပညာရှင်များသည် ချုံကင်းရှိ ဟီချွမ်ဒေသ၌ စုစုပေါင်း ၁၆ ဒသမ ၅ စတုရန်း ကီလိုမီတာရှိသည့် ရှေးဟောင်းသုတေသနဌာန ၁၁၅ ခုကို တူးဖော်တွေ့ရှိခဲ့ကြောင်း ချုံကင်းဒေသန္တရအုပ်ချုပ်ရေးမြို့ ယဉ်ကျေးမှုအမွေအနှစ်နှင့် အင်စတီကျုမှ ပြောကြားချက်အရ သိရသည်။

တူးဖော်တွေ့ရှိခဲ့သည့် ရှေးဟောင်းသုတေသနဌာနများအနက် ၁၄ ခုမှာ ဟန်မင်းဆက်လက်ထက်မှ မင်းဆက်ခြောက်ဆက်အထိ၊ ၁၇ ခုမှာ တန်မင်းဆက် လက်ထက်မှ ဆောင်မင်းဆက် လက်ထက်အထိ၊ ၈၀ မှာ မင်မင်းဆက်လက်ထက်မှ ချင်မင်းဆက် လက်ထက်အထိ ဖြစ်ပြီး လေးခုမှာခေတ်သစ်အစောပိုင်းကာလ ရှေးဟောင်းယဉ်ကျေးမှုနေရာများဖြစ်ကြောင်း အဆိုပါ အင်စတီကျုမှ ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးဖြစ်သည့် ဝေဟန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စု၌ ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

**တိုကျို ဖေဖော်ဝါရီ ၂**
ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စု၌ ရဲတပ်ဖွဲ့ဝင်များ လိုက်ပါစီးနင်းလာသော ရဟတ်ယာဉ်သည် ဖေဖော်ဝါရီ ၁ ရက် နံနက်အစောပိုင်းက စပါးကွင်းတစ်ခုထဲသို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်းနှင့် လူတစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

အရေးပေါ် ဆင်းသက်ခဲ့သည့် လေယာဉ်သည် နှလုံးအစားထိုးခွဲစိတ်မှုပြုလုပ်ရန် လူ့အင်္ဂါတစ်ခုကို တင်ဆောင်လာကြောင်း ဖူကူရှီးမား ရဲတပ်ဖွဲ့ကပြောသည်။ အဆိုပါရဟတ်ယာဉ်ပေါ်တွင် ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း ခုနစ်ဦး လိုက်ပါလာကြောင်း သိရသည်။

ယခုအခါတွင် အဆိုပါခုနစ်ဦးမှာ သတိရသော အခြေအနေတွင် ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေးအာဏာပိုင်များက ပြောကြားသည်။ အရေးပေါ်ဆင်းသက်ခဲ့သည့် နေရာသည် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူကူရှီးမားစီရင်စု ကိုရီယာမာဘူတာရုံမှ ၁၅ ကီလိုမီတာဝေးသောနေရာတွင်ဖြစ်ကြောင်း သိရသည်။ အဆိုပါရဟတ်ယာဉ်သည် ဖူကူရှီးမားလေဆိပ်သို့ ဦးတည်ပျံသန်းနေသည့် ရဟတ်ယာဉ်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

### တရုတ်နိုင်ငံရှိ စက်ရုံများလည်ပတ်မှု ဂျပန်ကုမ္ပဏီများ ဆက်လက် ဆိုင်းငံ့ထား

**တိုကျို ဖေဖော်ဝါရီ ၂**
ဂျပန်ကုမ္ပဏီများသည် တရုတ်နိုင်ငံရှိ ၎င်းတို့၏ စက်ရုံများ ရပ်နားထားသည့်အချိန်ကို တိုးမြှင့်လိုက်ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကို ထိန်းချုပ်ရန် နှစ်သစ်ကူးပိတ်ရက်ကို တိုးမြှင့်ပေးရေး အာဏာပိုင်များက တောင်းဆိုထားသည်။

တိုရိုတာကုမ္ပဏီသည် တရုတ်နိုင်ငံရှိ စက်ရုံပြန်လည်လည်ပတ်မည့်အချိန်ကို ဖေဖော်ဝါရီအစောပိုင်းဟု သတ်မှတ်ထားရာမှ ဖေဖော်ဝါရီ ၁၀ ရက်နောက်ပိုင်းမှ ပြန်လည် လည်ပတ်ရန် အချိန်ရွှေ့ဆိုင်းထားသည်။ ဟွန်ဒါကုမ္ပဏီသည်လည်း ဝူဟန်မြို့တွင် စက်ရုံတည်ရှိရာ ဝန်ထမ်းများကို အားလပ်ရက်ပေးထားသည့်ကာလကို တိုးမြှင့်ထားသည်။

ဖေဖော်ဝါရီ ၂ ရက်မှ ၁၃ ရက်အထိ ပိတ်ရက်တိုးမြှင့်ထားသည်။ တရုတ်နိုင်ငံရှိအခြားသော စက်ရုံများကိုလည်း ဖေဖော်ဝါရီ ၉ ရက်အထိ ဆိုင်းငံ့ထားသည်။ Mazda ကားကုမ္ပဏီနှင့် မစ်ဆူဘီရှီကုမ္ပဏီတို့သည် ဖေဖော်ဝါရီ ၉ ရက်အထိ စက်ရုံလည်ပတ်မှုကို ဆိုင်းငံ့ထားသည်။ ပန်နဆိုးနစ်နှင့် ဟီတာချီကုမ္ပဏီတို့သည် စက်ရုံပြန်လည်ပတ်ရန်အချိန်ကို ရွှေ့ဆိုင်းထားသည်။ **အင်န်အိတ်ချ်ကေ**

# သေဆုံးမှုတွေ မြင့်တက်လာမှုနဲ့အတူ ကမ္ဘာ့စိုးရိမ်မှုတွေဖြစ်ပေါ်လာစေတဲ့ ကိုရိုနာဗိုင်းရပ်စ်

**ထွန်းသစ်စ**

**လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာနှောင်းပိုင်းက တရုတ်နိုင်ငံအလယ်ပိုင်း ကုန်းတွင်းပိုင်းမြို့လေးတစ်မြို့ဖြစ်တဲ့ ဝူဟန်မြို့ကနေ စတင်ဖြစ်ပွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးအသစ်ကြောင့် ဖေဖော်ဝါရီ ၂ ရက်မှာ သေဆုံးသူအရေအတွက်ဟာ ၃၀၄ ဦးအထိ ရောက်ရှိလို့လာခဲ့ပါပြီ။ ထို့အတူ တရုတ်နိုင်ငံတစ်ဝန်း ကူးစက်ခံရသူပေါင်း ၁၄၅၀၀ ဦး ကျော်ဖြစ်လာသလို ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံအထိ ပျံ့နှံ့သွားခဲ့ပြီး အခုအခါမှာတော့ ကမ္ဘာ့အရေးပေါ်အခြေအနေတစ်ရပ်အဖြစ်တောင် ကြေညာလိုက်ရပါပြီ။**

**ဗိုင်းရပ်စ်အသစ်**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်ရဲ့စက်မှုမြို့တော်ဖြစ်တဲ့ ဝူဟန်မြို့မှာရှိတဲ့ ကျန်းမာရေးအာဏာပိုင်တွေဟာ လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာ ၈ ရက်မှာ ဖျားနာမှုပုံစံသစ်တစ်မျိုးကို ပထမဆုံးတွေ့ရှိခဲ့ပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ တရုတ်နိုင်ငံဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ဝူဟန်မြို့မှာ အဆုတ်ရောင်ရောဂါတစ်မျိုး ဖြစ်ပွားနေတယ်ဆိုပြီး အသိပေးခဲ့ပါတယ်။ ကူးစက်ပြန့်ပွားမှုတွေဟာ ဝူဟန်ဈေးကစတင်ဖြစ်ပွားခဲ့တယ်လို့ ခြေရာကောက်နိုင်ခဲ့ပါတယ်။

အဲဒီနောက် ဝူဟန်ဈေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှာ ပိတ်လိုက်ပါတယ်။ ကူးစက်မှုတွေ မြင့်တက်လာခဲ့ပါတယ်။ အဲဒီကူးစက်မှုတွေကို သေချာလေ့လာပြီးနောက် တရုတ်ကျန်းမာရေးအာဏာပိုင်တွေက ဇန်နဝါရီ ၇ ရက်မှာတော့ ကိုရိုနာဗိုင်းရပ်စ်အုပ်စုမှ ပေါက်ပွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ်သစ်တစ်မျိုးအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ သူ့ကို ၂၀၁၉ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်လို့ အမည်ပေးခဲ့ကြပါတယ်။

**ပထမဆုံးသေဆုံးမှု**

ဇန်နဝါရီ ၁၁ ရက်က ဝူဟန်မှာရှိတဲ့ အမျိုးသားတစ်ဦး ပထမဆုံး သေဆုံးခဲ့တယ်လို့ တရုတ်နိုင်ငံက ကြေညာခဲ့ပါတယ်။ နှစ်ရက်ကြာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တရုတ်နိုင်ငံပြင်ပ ထိုင်းနိုင်ငံမှာ ၂၀၁၉ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသူ အမျိုးသမီးတစ်ဦး တွေ့ရှိခဲ့ကြောင်း သတင်းဖော်ပြခဲ့ပါတယ်။ အဲဒီအမျိုးသမီးဟာ ဝူဟန်မြို့က ပြန်လာတဲ့ အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ ဇန်နဝါရီ ၁၆ ရက်ကလည်း ဂျပန်နိုင်ငံမှာ အလားတူဝူဟန်ကို သွားရောက်ခဲ့တဲ့ အမျိုးသားတစ်ဦး ၂၀၁၉ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း ဖော်ပြခဲ့ပါတယ်။ နောက်ပိုင်းရက်တွေမှာ အမေရိကန်ပြည်ထောင်စု၊ နီပေါ၊ ပြင်သစ်၊ ဩစတြေးလျ၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဗီယက်နမ်နဲ့ တရုတ်(တိုင်ပေ)တို့မှာ ၂၀၁၉ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တွေ့ရှိကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဝူဟန်က ရောက်လာတဲ့လေကြောင်းလိုင်းတွေကို ပထမဆုံး စစ်ဆေးမှုတွေ စတင်ပြုလုပ်ပါတယ်။

**လေဆိပ်စစ်ဆေးမှုတွေပြုလုပ်**

ဇန်နဝါရီ ၂၀ ရက်မှာ ဝူဟန်မြို့မှာ တတိယမြောက် သေဆုံးသူရှိလာပြီဖြစ်ကြောင်း တရုတ်နိုင်ငံက ဖော်ပြခဲ့ပါတယ်။ ဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်မှုဟာ ပေကျင်း၊ ရှန်ဟိုင်းနဲ့ ရှန်ကျန်တို့အပါအဝင် ဟူဘေးပြည်နယ် အပြင်ပိုင်းတွေအထိ ဖြစ်လာခဲ့ပါတယ်။ အာရှနိုင်ငံတွေလည်း ၂၀၁၉ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် စတင်ပျံ့နှံ့ဖြစ်ပွားရာနေရာက လာရောက်တဲ့လေကြောင်းလိုင်းတွေကို လေဆိပ်စစ်ဆေးမှုတွေ မဖြစ်မနေ စတင်လုပ်ဆောင်လာပါတော့တယ်။

**ဝူဟန်ကို အလုံပိတ်လိုက်ပြီ**

ဇန်နဝါရီ ၂၂ ရက်မှာ သေဆုံးသူဦးရေ မြင့်တက်လာခဲ့သလို ဗိုင်းရပ်စ်ကူးစက်ခံရသူတွေ ၅၅၀ ကျော်တောင် ရှိလာခဲ့ပါတယ်။ ဥရောပနိုင်ငံလေဆိပ်တွေကလည်း ဝူဟန်ကလာတဲ့ လေကြောင်းလိုင်းတွေကို စစ်ဆေးမှုတွေ အရှိန်မြှင့်တင်လုပ်ဆောင်ခဲ့ပါတယ်။ အခြေအနေတွေဟာ ပိုပြီးဆိုးလာတဲ့အတွက် ဝူဟန်မြို့ကို ဇန်နဝါရီ ၂၃ ရက်မှာ အလုံပိတ်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးတွေ ဖြတ်တောက်ခဲ့ပါတယ်။

ထို့အတူ ဟူဘေးပြည်နယ်ရှိ အခြား ၁၈ မြို့မှာလည်း အများပြည်သူသယ်ယူပို့ဆောင်ရေးတွေကို ရပ်နားလိုက်ပါတယ်။ စုစုပေါင်းလူဦးရေ ၅၆ သန်းလောက် ဒုက္ခရောက်ခဲ့ရပါတယ်။ ဇန်နဝါရီ ၂၅ ရက်မှာ တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပဖို့ စီစဉ်ထားတာလည်း ဖျက်လိုက်ရပါတယ်။ ဆေးဘက်ဆိုင်ရာ အာဏာပိုင်တွေက ပထမဆုံး ဟူဘေးပြည်နယ်ပြင်ပမှာ သေဆုံးသူတစ်ဦးရှိလာကြောင်း ဖော်ပြခဲ့ပါတယ်။

**အများပြည်သူအပန်းဖြေနေရာများ ပိတ်လိုက်ပြီ**

ဇန်နဝါရီ ၂၄ ရက်မှာ ရှန်ဟိုင်း ဒစ်စနေလန်း ပိတ်လိုက်သလို မဟာတံတိုင်းကြီးနဲ့ အခြားအထိမ်းအမှတ်နေရာတွေကိုလည်း ပိတ်လိုက်ပါတယ်။ ထို့အတူ ဟောင်ကောင် ဒစ်စနေလန်းကိုလည်း ပိတ်လိုက်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေ မြင့်တက်လာပြီဖြစ်ကြောင်း သတိပေးပြောကြားလိုက်ပါတယ်။ တရုတ်အစိုးရကလည်း နှစ်သစ်ကူးရက်ကို ထပ်မံတိုးမြှင့်ပေးလိုက်ပါတယ်။ မလေးရှားနိုင်ငံကလည်း ဝူဟန်က ခရီးသွားတွေကို တားမြစ်လိုက်ပါတယ်။



တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နှစ်သစ်ကူးအားလပ်ရက်နှင့် နွေဦးရာသီပွဲတော်အတွင်း ဇန်နဝါရီ ၂၅ ရက်က မြေအောက်ရထားဘူတာရုံသို့ ဝင်ရောက်လာသော အမျိုးသားတစ်ဦးကို ကျန်းမာရေးဝန်ထမ်းတစ်ဦးက စစ်ဆေးမှုများ လုပ်ဆောင်နေစဉ်။

**လူအချင်းချင်းကူးစက်**

ဇန်နဝါရီ ၂၈ ရက်က ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျာမနီနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ လူမှလူသို့ ပထမဆုံးကူးစက်ကြောင်း ကြေညာခဲ့ပါတယ်။ ဂျပန်နိုင်ငံကလည်း ဝူဟန်ကလာတဲ့ နိုင်ငံခြားသားခရီးသွားများကို ကားလိုက်မောင်းပို့ပေးရတဲ့ လူတစ်ဦးလည်း ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။

ဟောင်ကောင်အခြေစိုက် ကေသီလေကြောင်းလိုင်းလည်း တရုတ်ပြည်မကြီးသို့ လေယာဉ်ပြေးဆွဲမှုတွေ ပိတ်လိုက်ပါတယ်။ တရုတ်နိုင်ငံပြင်ပမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၁၉ ယောက်ဖြင့် ထိုင်းနိုင်ငံက အများဆုံးဖြစ်ကြောင်း သိရပါတယ်။

**နိုင်ငံသားတွေကို ကယ်ထုတ်ကုန်ပြီ**

ဇန်နဝါရီ ၂၉ ရက်မှာ အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ဟာ ဝူဟန်မှာပိတ်မိနေတဲ့ သူတို့နိုင်ငံသားတွေကို ကြိုပို့လေယာဉ်တွေနဲ့ ပြောင်းရွှေ့မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဗြိတိသျှ အဲဝေးလ်နဲ့ လုပ်ဖ်သင်ဇာလေကြောင်းလိုင်းတွေလည်း သူတို့ရဲ့ တရုတ်လေကြောင်းလိုင်းတွေကို ရပ်နားထားလိုက်သလို တခြားလေကြောင်းလိုင်းတွေကလည်း လေကြောင်းခရီးစဉ်တွေ လျှော့ချလိုက်ပါတယ်။ ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီဟာ သူ့ရဲ့ စက်ရုံတရုတ်နှစ်ကူးပိတ်ရက်ကို ဖေဖော်ဝါရီ ၉ ရက်အထိ တိုးမြှင့်ပိတ်လိုက်ပါတယ်။

အလားတူပဲ စတားဘက်ခ်ဟာ သူ့ရဲ့ ကော်ဖီဆိုင်တွေကို ထက်ဝက်မက ပိတ်လိုက်ပါတယ်။ ဇန်နဝါရီ ၃၀ ရက်မှာ ကာဇက်စတန်နဲ့ ရုရှားတို့ဟာ မွန်ဂိုလီးယားနဲ့ဆက်စပ်နေတဲ့ သူတို့ရဲ့ နယ်စပ်တွေကို ပိတ်လိုက်ပါတယ်။ ထို့အတူ စင်ကာပူကလည်း တရုတ်နိုင်ငံသားတွေအပါအဝင် တရုတ်ပြည်မကြီးကို ၁၄ ရက်အတွင်း သွားရောက်ခဲ့သူတွေအား ဗီဇာထုတ်ပေးမှုကို ဖေဖော်ဝါရီ ၁ ရက်စပြီး ယာယီရပ်ဆိုင်းလိုက်ပါတယ်။

**နိုင်ငံတကာ အရေးပေါ်ကြေညာ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီ ၃၁ ရက်မှာ ဝူဟန်ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ကမ္ဘာ့အရေးပေါ်အဆင့် ကြေညာခဲ့ပါတယ်။ သို့သော်လည်း တရုတ်နိုင်ငံနဲ့ ခရီးသွားလာမှုတွေ၊ ကုန်သွယ်မှုတွေ ကန့်သတ်လိုက်တဲ့အထိ မလိုအပ်ပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောခဲ့ပါတယ်။ ယခုအခါမှာ ဗိုင်းရပ်စ်ဟာ နိုင်ငံပေါင်း ၂၆ နိုင်ငံအထိ ပျံ့နှံ့ရောက်ရှိနေပါပြီ။ တရုတ်နိုင်ငံက ဇန်နဝါရီ ၃၁ ရက်မှာ တစ်နေ့တည်းသေဆုံးသူ ၄၃ ဦးအထိ ရှိလာတဲ့အတွက် ဗိုင်းရပ်စ် ဖြစ်ပွားတဲ့အချိန်ကစပြီး အဆိုးရွားဆုံးနေ့ တစ်နေ့အဖြစ် ထုတ်ပြန်ကြေညာလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုက သူ့နိုင်ငံသားတွေကို တရုတ်နိုင်ငံကို မသွားဖို့နဲ့ အကယ်၍ တရုတ်နိုင်ငံမှာရှိနေပါက အမြန်ဆုံးထွက်ခွာကြဖို့ တိုက်တွန်းထားပါတယ်။

ဂျပန်၊ ဗြိတိန်နဲ့ ဂျာမနီနိုင်ငံတို့ကလည်း သူတို့ရဲ့ နိုင်ငံသားတွေကို တရုတ်နိုင်ငံကို မသွားဖို့ အလားတူ တိုက်တွန်းမှုတွေ လုပ်ဆောင်ထားပါတယ်။ ပြင်သစ်နဲ့ ဗြိတိန်နိုင်ငံတို့ဟာ သူတို့ရဲ့ နိုင်ငံသားတွေကို ပြန်လည်ခေါ်ယူဖို့ လုပ်ဆောင်နေသလို ဂျာမနီနဲ့ ရုရှားတို့ကလည်း အလားတူ ဆောင်ရွက်မှုတွေ လုပ်ဆောင်နေပါတယ်။ စင်ကာပူနဲ့ မွန်ဂိုလီးယားတို့ကလည်း တရုတ်မှ ဆိုက်ရောက်လာမယ့် လေကြောင်းလိုင်းတွေကို တားမြစ်မှုတွေ လုပ်ဆောင်ထားပါတယ်။ အီတလီနိုင်ငံကလည်း အရေးပေါ်အခြေအနေကြေညာခဲ့ပါတယ်။

**စီးပွားရေးတွေထိခိုက်**

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတကာရဲ့ စီးပွားရေးကို ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်သလို သယ်ယူပို့ဆောင်ရေးနဲ့ ကုန်သွယ်ရေးတွေကိုလည်း ဆိုးရွားစွာထိခိုက်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ထို့အတူ တရုတ်နိုင်ငံ၏ စီးပွားရေးကိုလည်း အကြီးအကျယ်ထိခိုက်စေသလို တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးကိုလည်း ကျိန်းသေထိခိုက်စေမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လူသားတစ်ရပ်လုံးကို ခြောက်လှန့်နေတဲ့ ဒီဗိုင်းရပ်စ်ဆိုးကြီးကို အမြန်ဆုံး အောင်မြင်ကျော်လွှားနိုင်ပါစေလို့ ဆန္ဒပြုရင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**

**“ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီ ၃၁ ရက်မှာ ဝူဟန်ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ကမ္ဘာ့အရေးပေါ်အဆင့် ကြေညာခဲ့ပါတယ်။ သို့သော်လည်း တရုတ်နိုင်ငံနဲ့ ခရီးသွားလာမှုတွေ၊ ကုန်သွယ်မှုတွေ ကန့်သတ်လိုက်တဲ့အထိ မလိုအပ်ပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောခဲ့ပါတယ်။ ယခုအခါမှာ ဗိုင်းရပ်စ်ဟာ နိုင်ငံပေါင်း ၂၆ နိုင်ငံအထိ ပျံ့နှံ့ရောက်ရှိနေပါပြီ။ တရုတ်နိုင်ငံက ဇန်နဝါရီ ၃၁ ရက်မှာ တစ်နေ့တည်းသေဆုံးသူ ၄၃ ဦးအထိ ရှိလာတဲ့အတွက် ဗိုင်းရပ်စ်ဖြစ်ပွားတဲ့ အချိန်ကစပြီး အဆိုးရွားဆုံးနေ့ တစ်နေ့အဖြစ် ထုတ်ပြန်ကြေညာ ”**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ သံဃာအပါး ၂၃၄၀ အား တတိယအကြိမ် ဆွမ်းဆန်တော်လောင်းလှူ

**ပဲခူး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ယမန်နေ့က ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များစုပေါင်းပြီး ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်တွင် သံဃာအပါး ၂၃၄၀ အား တတိယအကြိမ် စုပေါင်းဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပသည်။

အဆိုပါ လောင်းလှူပူဇော်ပွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုဝန်ဆောင်၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဆရာတော်ကြီး ၁၂၈ ပါးနှင့် စာအောင်သံဃာ ၂၂၁၂ ပါးတို့ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော အစိုးရအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ရုံးဝန်ထမ်းမိသားစုများ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌအမှူးပြုသော လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ စုပေါင်းပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူစဉ်။

# ပုသိမ်မြို့တွင် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ဆုံဆို့ - မေးခိုင်ပါဝင်သော ကာကွယ်ဆေး စတင်တိုက်ကျွေး၊ ထိုးနှံခြင်း ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရိုတာဗိုင်းရပ်(စ်)ကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်)ကို ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်အစီအစဉ်တွင် စတင်ထည့်သွင်းထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးကို ကာကွယ်ဆေးအပြည့်အဝ နှစ်ကြိမ်တိုက်ကျွေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးသည် ရိုတာဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်သည်ကိုတွေ့ရကြောင်း၊ ဆုံဆို့- မေးခိုင် ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်) ထိုးနှံပေးနိုင်ပါက ကလေး၏ ဆုံဆို့- ကြက်ညှာမေးခိုင်ရောဂါများကို ခုခံနိုင်စွမ်း ပိုမိုမြင့်တက်လာပြီး ကာကွယ်နိုင်သည့် အချိန်ကာလပိုမိုကြာရှည်နိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးခြင်းသည် ကလေးသန်းပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်မည့် ကုန်ကျစရိတ်အသက်သာဆုံးနှင့် အထိရောက်ဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထ အကြိမ်)ကို ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်အစီအစဉ်တွင် စတင်ထည့်သွင်း ထိုးနှံ/တိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများနှင့် ငါးနှစ်အောက်ကလေးများသေဆုံးမှုကို လျှော့ချနိုင်မည်ဟု ယုံကြည့်မျှော်လင့်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြား ထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ထည့်သွင်းတိုက်ကျွေးခြင်းဖြစ်ပြီး ပထမအကြိမ်ကို အသက်နှစ်လအရွယ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို အသက်လေးလအရွယ်တွင်လည်းကောင်း တိုက်ကျွေးသွားမည်ဖြစ်ကာ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ၁၂ မျိုးမြောက် ထည့်သွင်းနိုင်သောကာကွယ်ဆေးဖြစ်သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ နောင်နန်းကချင်ခရစ်ယာန်ဓမ္မတက္ကသိုလ် ကျောင်းဝင်းလမ်းသစ် ဖွင့်လှစ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ဆောင်ရွက်ပေးသည့် မြစ်ကြီးနားမြို့ နောင်နန်းကချင်ခရစ်ယာန် ဓမ္မတက္ကသိုလ်ကျောင်း (KTCS) အတွင်း ကျောင်းဝင်းလမ်း ကတ္တရာလမ်းသစ်ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

လမ်းသစ်ဖွင့်ပွဲကို ဓမ္မတက္ကသိုလ်ကျောင်းရှေ့မုခ်ဦး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ KTCS ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းနာယကများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်တော်သီချင်းဖြင့် သီဆိုဆက်ကပ်ကြပြီး သိက္ခာတော်ရ ဆရာလဗျပေါလ်နော်တောင်က ဆုတောင်းကောင်းချီးပေးကာ ကျောင်းဝင်းလမ်းသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ကျောင်းအုပ် သိက္ခာတော်ရ ဒေါက်တာဇက်လတ်နောင်၊ ကျောင်းအုပ်ချုပ်စီမံအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းဝင်းအတွင်းရှိ AD-2000 ခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းအုပ်ချုပ်စီမံအဖွဲ့ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်ထံ လမ်းသစ်ရရှိအောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကချင်ရိုးရာ ပလိုင်းတို့ကို ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**




ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဓမ္မတက္ကသိုလ်ကျောင်းဝင်းလမ်းသစ်ဖွင့်ပွဲ၌ အမှာစကား ပြောကြားစဉ်။

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဖလမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖလမ်း ဖေဖော်ဝါရီ ၂**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်စည်ပင် သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမာန်ဟင်းဒါလ်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ဖလမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့ လိုင်ဗားရေပေးဝေရေး၊ လိုင်ဗားတမံ(၂) တည်ဆောက်နေမှုများ၊ ဖလမ်းမြို့တိုးချဲ့စီမံကိန်း လမ်းအူကြောင်းသစ်ဖောက်လုပ်နေမှုများ၊ ဖလမ်း( ဆူရ်ဘုန် )လေယာဉ်ကွင်းစီမံကိန်း ဆောင်ရွက်မှုများ၊ ဂေါက်ကွင်းသစ်ဖော်ဆောင်နိုင်ရေး မြေနေရာလျာထားချက်များနှင့် မြို့နယ်ခန်းမမြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဂျွန်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့ သံတောင်မြို့နှင့် ဘောဂလိမြို့ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ်မြောက်ဖျားရှိ တောင်တန်းဒေသဖြစ်သော သံတောင်ကြီးမြို့နယ်အတွင်းရှိ သံတောင်မြို့၊ ဘောဂလိမြို့တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများသည် ယမန်နေ့က ရောက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ပသိချောင်းဘေး ယခင်ပသိမြိုင်နေရာတွင် အများပြည်သူများ အပန်းဖြေနိုင်ရန်ဆောင်ရွက်မည့် စီမံကိန်းနေရာ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက အဆိုပါ စီမံကိန်းတွင် ပန်းခြံအပါအဝင် ပသိချောင်းကူးတံတား၊ ကွန်ကရစ်လျှောက်လမ်း၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်၊ ယာဉ်ရပ်နားဆောင်နှင့် အများသုံးသန့်စင်ခန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ သံတောင်မြို့ ပသိချောင်းသည် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလည်ပတ်သူများ များပြားလျက်ရှိသောကြောင့် အခြားဒေသများနှင့် ဒေသခံပြည်သူများအတွက် အပန်းဖြေနိုင်မည့် နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ အလားတူ ပသိချောင်းခန်းမဆောင် အကြီးစားပြင်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပိုင်ဆိုင်ခွင့်ရှိသူ ဒေသခံတစ်ဦးအား သိမ်းဆည်းလယ်ယာမြေကို ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် တောင်ငူ- သံတောင်- ဘောဂလိ- မော်ချီးသွား လမ်းပေါ်ရှိ ပလက်ဝချောင်းကူး တံတားအဟောင်းသည် သောက်ရေခပ်ရေအားလျှပ်စစ် စီမံကိန်း ၂ အတွက် ရေလှောင်တမံဆောင်ရွက်ရာတွင် ရေအောက်နစ်မြုပ်ခဲ့သဖြင့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ တည်ဆောက်ပေးလျက်ရှိရာ အရှည်ပေ ၈၀၀၊ အမြင့် ၁၂၃ ပေ၊ အကျယ် ၂၉ ဒသမ ၅ ပေ နှစ်လမ်းသွား ပလက်ဝချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ပလက်ဝချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုစဉ်။

# ၂၃၀ ကေဗွီ ဗန်းမော်-နဘား မဟာဓာတ်အားလိုင်း မကြာမီဖွင့်လှစ်တော့မည်

**အင်းတော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဗန်းမော်ဓာတ်အားခွဲစက်ရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဓာတ်အားခွဲစက်ရုံနှင့် ဗန်းမော်-နဘား မဟာဓာတ်အားလိုင်းကို ၁၇-၁၂-၂၀၁၇ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန UREC Co.,Ltd. ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်၍ Mr. Sun Junjie က ဦးစီးတည်ဆောက်ခဲ့ကြောင်း သိရသည်။

ယခင်က ကျောက်ပုထိုးဓာတ်အားလိုင်း ၆၆ ကေဗွီ အသုံးပြုခဲ့ရာ ယခုအခါ ၂၃၀ ကေဗွီ အုန်းတော-ရွှေဘို-နဘားမဟာဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ဗန်းမော်-နဘား မဟာဓာတ်အားလိုင်းများသွယ်တန်းပြီးစီးနေပြီဖြစ်သဖြင့် ဓာတ်အားများ စမ်းသပ်ပို့လွှတ်နေပြီ ဖြစ်ကြောင်း နဘားခွဲရုံအင်ဂျင်နီယာမှူး ဦးဝင်းဇော်ဦးမှ ပြောသည်။



မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ ဓာတ်အားပို့လွှတ်ပေးမည့် ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

အဆိုပါ ၂၃၀ ကေဗွီ နဘားဓာတ်အားခွဲစက်ရုံသည် ၁၀၀ အမ်ဗွီအေ တီအီးဖြင့် လည်ပတ်ခြင်းဖြစ်သဖြင့် အထက်မြန်မာပြည်အတွက် ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး မီးအားပြတ်တောက်မှုလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း အဆိုပါ နဘားဓာတ်အားခွဲစက်ရုံ၊ ဗန်းမော်ဓာတ်အားခွဲစက်ရုံနှင့် နဘား-ဗန်းမော်မဟာဓာတ်အားလိုင်းများ တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရမှ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ (ညောင်တုန်း) ပထမပြန် စာတော်ပြန်ပွဲကြီးနှင့် စာအောင်လက်မှတ်ဆက်ကပ်ပူဇော်ပွဲကျင်းပမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ၏ အထင်ကရအကျော်ကြားဆုံးနှင့် သာသနာ့အာဇာနည်များ ချီးမြှောက်မွေးထုတ်ပေးနေသည့် (၉၇) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ (ညောင်တုန်း) သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲကြီးနှင့်ဗုဒ္ဓပူဇနိယ ဓမ္မသဘင် စာအောင် လက်မှတ်ဆက်ကပ်ပူဇော်ခြင်းအခမ်းအနားကို ညောင်တုန်းမြို့ သုဓမ္မာအသင်းတိုက် မဏ္ဍပ်ကြီး၌ ဖေဖော်ဝါ ၁၉ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပထမပြန်စာမေးပွဲကြီးသို့ မြန်မာပြည်အရပ်ရပ်မှ သာသနာ့ဓမ္မသံဃာတော်များနှင့် သီလရှင်များ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါ စာတော်ပြန်ပွဲကြီးမှ ၉၆ နှစ်အတွင်း ပညာတတ်အကျော်အမော် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာခဲ့ရာ ဓမ္မာစရိယစာချတန်း(ဝိသိဋ္ဌပါဠိကဗွဲ့)လေးပါး၊ ဓမ္မာစရိယစာချတန်းကျမ်းပြီး(အဘိဝံသဘွဲ့) အပါး ၆၀၊ ဓမ္မာစရိယစာချတန်းကျမ်းစွဲအောင် ၉၄ ပါး၊ ပထမကြီး ၆၄၅ ပါး၊ ပထမလတ် ၁၆၁၆ ပါး၊ ပထမငယ် ၂၆၃၁ ပါး၊ အခြေပြုမူလတန်း ၈၅၅ ပါးနှင့် ထူးချွန်သံဃာတော် အရှင်သူမြတ်များ များစွာမွေးထုတ်ပေးခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိပထမပြန်စာတော်ပြန်ပွဲကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## လှိုင်ကော်မြို့ရှိဘီလူးချောင်းကမ်းနားလမ်း မြေထိန်းနံရံတည်ဆောက်ခြင်းနှင့်ကတ္တရာလမ်းပြန်လည်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်

**လှိုင်ကော် ဖေဖော်ဝါရီ ၂**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကယားပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့် ပြုရန်ပုံငွေကျပ် ၄၀၆ ဒသမ ၀၅၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လှိုင်ကော် မြို့ မင်းစုရပ်ကွက်ရှိ ဘီလူးချောင်းကမ်းနားလမ်း မြေထိန်းနံရံအား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်၍ အရှည်ပေ ၄၅၀၊ အမြင့် ၁၁ ပေနှင့် ကတ္တရာ လမ်းပြန်လည်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ (ဓါတ်ပုံ)



အဆိုပါ ကမ်းနားလမ်းနှင့် မြေထိန်းနံရံပြန်လည်တည်ဆောက်ရခြင်းမှာ ယခင်နှစ်က မိုးများစွာရွာသွန်းခဲ့သည့်အတွက် လမ်းများနိမ့်ဆင်းပျက်စီးသွားခဲ့ခြင်းဖြစ်ပြီး ယင်းလမ်းအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းတင်ဒါ ခေါ်ယူကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံနှင့် ကမ်းနားလမ်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**

## မန္တလေးတိုင်းဒေသကြီး၌ ကြန့်ကြာမှုခင်းများ လျော့နည်းကျဆင်းရေး ညှိနှိုင်းစည်းဝေး

**မန္တလေး ဖေဖော်ဝါရီ ၂**

အမှုသည်များ တရားရုံးသို့ လာရောက်ရသည့် ရုံးချိန်းအရေအတွက် လျော့နည်းစေရန်အတွက် ကြန့်ကြာမှုခင်းများ လျော့နည်းကျဆင်းရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ကြန့်ကြာနေသော အချုပ်တရားခံမှုများ၊ ကြန့်ကြာနေသော ရာဇဝတ်ခံဝန်အမှုများ၊ တရားမကြီးမှုနှင့် တရားမဇာရီမှုများနှင့်စပ်လျဉ်းပြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ကြန့်ကြာနေသော မှုခင်းများကို အဆိုပါစနစ်ဖြင့် ကြန့်ကြာမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကြန့်ကြာမှုခင်းများနှင့် စပ်လျဉ်း၍ တရားစီရင်ရာတွင် အမှုများကို ကြန့်ကြာမှုမရှိစေဘဲ အဂတိတရားကင်းစင်စွာ ဘက်လိုက်မှုကင်းရှင်းစွာ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ခြင်းဖြင့် အများပြည်သူလူထု ယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ် ပေါ်ထွန်းမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်တရားသူကြီးများမှ ကြန့်ကြာမှုခင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ စုစုပေါင်း ၁၂၀ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၀ | ကျပ် | ၈၉၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၀ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၁၅ | ကျပ် | ၈၃၀/၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ | ကျပ် | ၉၅၀/၉၆၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၄ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၄ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၄ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၃ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၇ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၀၆၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၉၆၃ | ၂၁၉၄၄၅၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၈၆၂၅ | ၃၄၅၀၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၁ | ၉၂၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၄၅ | ၁၀၃၅၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၃၃ | ၁၅၁၉၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဆေးဖက်ဝင် အောင်မဲညိုပင်အကြောင်း သိကောင်းစရာ

အောင်စိုး - စိုက်ပျိုး(၁၀၇)

### ပဥ္စင်းပါးလုံး အသုံးဝင်သော ပရဆေးပင်

အောင်မဲညိုပင်မှာ မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် သဘာဝအတိုင်း ပေါက်နေသော ပဲမျိုးနွယ်အပင်ဖြစ်သည်။ အင်္ဂလိပ်လို Butterfly Pea Flower ဟု ခေါ်ပြီး အောင်မဲညို၊ အောင်မဲဖြူဟု နှစ်မျိုးရှိသော်လည်း အောင်မဲညိုဟုသာ အသိများသည်။ အောင်မဲဖြူအပင်၏ အပွင့်အရောင်မှာ အဖြူဖျော့ရောင်ဖြစ်သည်။ အောင်မဲညိုအပင်၏ အပွင့်မှာ အပြာနုရောင်၊ အပြာရင့်ရောင်များဖြင့် လှပစွာပွင့်သည်။ အောင်မဲညိုမှာ ယခုအခါ အပြာရောင် သာမက ပန်းခရမ်းရောင်၊ ခရမ်းရင့်ရောင်၊ အုတ်နီခဲရောင်အထိ အရောင်ကွဲများ ရှိလာသည်။

သဘာဝအတိုင်းပေါက်သော အောင်မဲညိုပင်မှ အပွင့်များမှာ ပွင့်ဖတ်တစ်ထပ်တည်းသာ ရှိတတ်သည်။ ယခုအခါတွင်မူ ပွင့်ဖတ်နှစ်ထပ်၊ သုံးထပ်မျိုးများ ရှိလာနေပြီဖြစ်သည်။ မြန်မာပြည်တွင် ယခင်က စီးပွားဖြစ်စိုက်လေ့ရှိသော အပင်မျိုး မဟုတ်ခဲ့သော်လည်း ကျန်းမာရေးလိုက်စားသူ အတော်များများက စိတ်ဝင်စားလာသဖြင့် ယခုအခါတွင် စီးပွားဖြစ်စိုက်ပျိုးလာသော အပင်ဖြစ်သည်။

အောင်မဲညိုသည် မြန်မာဆေးကျမ်းများ၏ အလိုအရ အပွင့်၊ အရွက်၊ အခေါက်၊ အသီး၊ အမြစ်စသည့် ပဥ္စင်းပါးလုံး အသုံးဝင်သော ပရဆေးပင်ဖြစ်သည်။ ယခုအခါ အောင်မဲညို အပွင့်ခြောက်ကို အောင်မဲညို လက်ဖက်ရည်အဖြစ် အသုံးပြုလျက်ရှိသလို အပွင့်ခြောက်ကို အမှုန့်ပြု၍ အောင်မဲညို ကော်ဖီအဖြစ်လည်း သုံးစွဲနေပြီဖြစ်သည်။

အောင်မဲညိုပွင့်ခြောက်ကို လက်ဖက်ရည်ဖျော်ရာတွင် ဒေသမျိုးဖြစ်ပါက ပုံမှန်လက်ဖက်ရည်တစ်ခွက်စာတွင် အပွင့်ခြောက် ခုနစ်ပွင့်ခန့်ထည့်၍ ရေနွေးပူပူနှင့် နှပ်ထားရန်လိုပြီး နှစ်ထပ်မျိုး၊ သုံးထပ်မျိုး အပွင့်ခြောက်ဖြစ်ပါက ပုံမှန် လက်ဖက်ရည်တစ်ခွက်စာတွင် အပွင့်ခြောက် သုံးပွင့်ထည့်လျှင် လုံလောက်သည်။ အပွင့်ခြောက် အမှုန့်ဖြစ်ပါက ပုံမှန် လက်ဖက်ရည်တစ်ခွက်စာတွင် လက်ဖက်စားဇွန်း သုံးပုံတစ်ပုံခန့် ထည့်နှပ်ပြီး သောက်သုံးနိုင်သည်။ နှပ်ပြီးသော အောင်မဲညိုပွင့်လက်ဖက်ရည်ကို လက်ဖက်ရည်၊ ကော်ဖီ၊ ပျားရည်၊ သံပရာရည်တို့ဖြင့်ရော၍ သောက်နိုင်သလို မရောဘဲလည်း တိုက်ရိုက်သောက်သုံးနိုင်သည်။

### စီးပွားဖြစ် စိုက်ပျိုးခြင်း

ဤအပင်မှာ မြန်မာနိုင်ငံတွင် ယခုအထိ ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်စိုက်ပျိုးသော အပင်အမျိုးအစား မဟုတ်သေးပါ။ အပင်အရေအတွက် အနည်းငယ်စီသာ စမ်းသပ် စိုက်ပျိုးကြသော အပင်ဖြစ်သည်။ သို့ရာတွင် ကျန်းမာရေး လိုက်စားသောလူများကြား၌ အောင်မဲညိုပွင့်သည် ရောဂါအတော်များများအတွက် ကောင်းသည်ဟု တစ်ဆင့်စကားဖြင့် စိတ်ဝင်စားလာသည့် အပင်အမျိုးအစားဖြစ်သည်။ လူအမြောက်အမြား စိတ်ဝင်စားကြသည်မှာ ပေါ်ပြူလာဖြစ်သည်ဟု ဆိုအပ်သော ရောဂါအကြီးစား ၂၀ ခန့်ကို ပျောက်ကင်းသက်သာစေသည်ဟူသော အချက်ကြောင့် ဖြစ်သည်။

ထိုသို့ စိတ်ဝင်စားလာ၍ ဈေးကွက်တွင် အောင်မဲညိုအပွင့်ခြောက်၊ အောင်မဲညို အပွင့်မှုန့်များကို ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ရောင်းချလာကြပြီး ဝယ်သူများကလည်း စိတ်ဝင်တစား ဝယ်ယူသုံးစွဲလျက်ရှိကြသည်။ နိုင်ငံတကာဈေးကွက်တွင် အပွင့်ခြောက်မှုန့် တစ်ဂရမ်ကို တစ်ဒေါ်လာခန့်ဖြင့် ရောင်းချလျက်ရှိသည်။

### စိုက်ပျိုးနည်းစနစ်

အောင်မဲညိုပင်သည် အပင်ဖြစ်ထွန်းမှုကောင်းသည့် မာကျောသော နွယ်ပင်အမျိုးအစားဖြစ်သည်။ အပင် ဖြစ်ထွန်းမှုကောင်းသော်လည်း စနစ်တကျစိုက်လျှင် တစ်ပင်နှင့်တစ်ပင် ရောထွေးမှုမရှိအောင် ထိန်းသိမ်းနိုင်သော အပင်ဖြစ်သည်။ ထို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးလိုလျှင် အောက်ပါစနစ်များဖြင့် စိုက်ပျိုးနိုင်သည်။

### စိုက်နည်းစနစ်နှင့် တစ်ဧကအပင်ဝင်ဆံ့မှု

(က) ၇' x ၈' စနစ် တစ်ဧက ၇၇၇ ပင်
(ခ) ၈' x ၈' စနစ် တစ်ဧက ၆၈၀ ပင်
(ဂ) ၈' x ၉' စနစ် တစ်ဧက ၆၀၅ ပင်
(ဃ) ၉' x ၉' စနစ် တစ်ဧက ၅၃၇ ပင်
(င) ၉' x ၁၀' စနစ် တစ်ဧက ၄၈၄ ပင်
(စ) ၁၀' x ၁၀' စနစ် တစ်ဧက ၄၃၅ ပင်

လက်တွေ့အတွေ့အကြုံအရ ၉' x ၉' စနစ်မှာ အပင်အကွာအဝေး ကျဲလွန်းသည်ကို တွေ့ရသည်။ ထို့ကြောင့် တစ်ဧက ၈' x ၉ ' စနစ်ကို အခြေခံ၍ ဆောင်ရွက်သင့်သည်။ မြေကောင်းလျှင် အပင်ချဲစိုက်၍ မြေသင့်လျှင် မစိပ်မကျဲစိုက်ပြီး မြေညံ့ပါက အပင်စိပ်စနစ်ဖြင့် စိုက်ရန်ဖြစ်သည်။

သံဆန်ခါ ကာထားသော စည်းရိုးများတွင် ခြောက်ပေခြား တစ်ပင်စနစ်ဖြင့် စိုက်ပျိုးနိုင်သည်။ ထိုသို့ စိုက်ပျိုးလျှင် အပွင့်လည်း ရနိုင်သကဲ့သို့ စည်းရိုးလည်း အလွန်လှပနေမည်ဖြစ်သည်။ အပင်မှာ နှစ်ရှည်ပင်ဖြစ်၍ တစ်ပင်အတွက် ၅ ပေ၊ ၆ ပေ အမြင့်ရှိသည့် ခြမစားနိုင်သော ဝါး/မျောတိုင် တစ်တိုင် စိုက်ထူပေးရန် လိုအပ်သည်။

### စိုက်ကျင်းတူးခြင်း

စိုက်ကျင်းများကို တစ်ပေ အကျယ်၊ တစ်ပေ အနက်တူး၍ တစ်ကျင်းလျှင် နွားချေး၊ ကြက်ချေး တစ်ပြည်နှုန်းနှင့် ထည့်၍ အပေါ်ယံမြေနှင့် ရောစပ်ပြီး ကျင်းပြည့်အောင် ဖုံးရန်ဖြစ်သည်။ ကျင်းပြည့်အောင် ဖြည့်ပြီးပါက ရေဖြင့် နှပ်အောင် နှပ်ထားရပါမည်။ တစ်ရက်ခန့် ရေနှပ်ပြီးပါက တစ်ကျင်းလျှင် မျိုးစေ့ နှစ်စေ့နှုန်းဖြင့် စိုက်ပျိုးရန်ဖြစ်သည်။ အပင်ပေါက်ရန် နှစ်ပတ်ခန့် ကြာတတ်သည်။ ပျိုးအိတ်တွင် ပျိုးပြီးမှလည်း စိုက်ပျိုးနိုင်သည်။ အပင်ငယ်ကို မြေချ၍ စိုက်ခြင်းက ပို၍ပင် သေချာပါသည်။

### ပြုစုခြင်း

အပင်ငယ်များပေါက်လာပါက အပင်ငယ် ပတ်လည်တွင် ပေါင်းမြက်မရှိအောင် ရှင်းပေးခြင်း၊ အခါအားလျော်စွာ မြေဆွပေးခြင်းနှင့် အပင်ငယ်များမှ အညွန့်ထွက်လာပါက အမိုးတိုင်ပေါ်သို့ တက်နိုင်ရန်အတွက် ပြုပြင်ပေးခြင်းများ ပြုလုပ်ရန်ဖြစ်သည်။

### ထိန်းသိမ်းခြင်း

အောင်မဲညိုပင်မှာ ပိုးကျခြင်း၊ မှိုရောဂါကျခြင်းများ မရှိတတ်သဖြင့် မည်သည့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးကိုမှ ဖျန်းရန် မလိုအပ်ပါ။ အထူးသဖြင့် ဤအပင်မှာ တစ်ပင်လုံး ဆေးဖက်ဝင်သောအပင် ဖြစ်ခြင်းကြောင့် အပင်သက်တမ်းတစ်လျှောက်လုံးတွင် မည်သည့် ဓာတုဗေဒဆေးကိုမှ မဖျန်းခြင်းသည် အကောင်းဆုံးဖြစ်သည်။

### ဖူးပွင့်ခြင်း

အောင်မဲညိုပင်သည် သဘာဝအတိုင်း ကွဲကျသော အစေ့များမှ သဘာဝအားဖြင့် မိုးဦးကျတွင် အပင်ပေါက်လေ့ရှိပြီး အပင်ကြီးများမှလည်း အရွက်သစ်များ ပြန်လည်ထွက်ပေါ်တတ်၍ ဇွန်လခန့်တွင် အပွင့်များ စတင် ပွင့်လေ့ရှိသည်။ အောင်မဲညိုပင်သည် ဇွန်လမှ အပွင့်စတင်ပွင့်ပြီး နိုဝင်ဘာလကုန်အထိ အဆက်မပြတ် ပွင့်လေ့ရှိသည်။

သဘာဝပေါက်ပင်များမှာ အစိုဓာတ် ရနိုင်သလောက်ကာလအထိသာ ပွင့်နိုင်သည်။ စနစ်တကျ စိုက်ပျိုးပြီး လိုအပ်သလို ပြုစုပေးလျှင် တစ်နှစ်ပတ်လုံး ပွင့်နိုင်ပါသည်။ မိုးများသည့် ဒေသများတွင်မူ မိုးရာသီ မိုးများချိန်၌ အပွင့်ထွက်အား လျော့နိုင်သည်။

### အပွင့်ကို အခြောက်ခံခြင်း

အောင်မဲညိုပင်၏အပွင့်မှာ အပွင့်ပွင့်ပြီး တစ်ရက်သာ အပင်ပေါ်တွင် လှနေနိုင်သည်။ တစ်လခွဲခန့် ရှိချိန်တွင်မှ အသီးကင်း ထင်ရှားလေ့ရှိသဖြင့် အပွင့်စပွင့်ပြီး အသီးကင်း မဝင်မီ ဆွတ်ခူးပါက ထပ်ခါထပ်ခါ ပွင့်နိုင်သည်။ အသီးခံယူပါက တဖြည်းဖြည်း အပွင့်ထွက်မှု လျော့နည်းသွားသည်။

အခြောက်လှန်းရာ၌ နေရောင်ခြည်တွင် တစ်ရက်ခန့်လှန်းပြီးနောက် အခန်းအပူချိန်တွင် ခပ်ပါးပါးဖြန့်၍ လှန်းရန် လိုအပ်သည်။ သိမ်းဆည်းရာတွင် ကောင်းစွာခြောက်သွေ့မှ သိမ်းရန်ဖြစ်သည်။ အပွင့်အခြောက်များ လှပစွာရှိနေရန်အတွက်မူ အပွင့်အစိုကို သတင်းစာစက္ကူနှင့် အထက်အောက်ညှပ်၍လှန်းရန် ဖြစ်သည်။

### အပွင့်ထွက်နှုန်း

အောင်မဲညိုပင် တစ်ပင်မှ ရာသီအစမှ ရာသီကုန်ချိန်အထိ အပွင့်ပေါင်း ၃၀၀ မှ ၅၀၀ ခန့်အထိ ပွင့်နိုင်ပါသည်။ မည်သည့်စနစ်ဖြင့် စိုက်သည်ဖြစ်စေ တစ်ဧကမှာ အပင် ၅၀၀ ခန့် ဝင်ဆံ့မည်ဖြစ်သည်။ တစ်ပင်တွင် အပွင့် ၃၀၀ မှ ၅၀၀ အထိ ပွင့်နိုင်သော်လည်း သေချာသောဘက်မှ တွက်ပါက တစ်ရာသီ၌ အပင်တစ်ပင်မှ အပွင့် ၃၀၀ ကို အနည်းဆုံး ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တစ်ဧက အပင် ၅၀၀ မှ တစ်နှစ်တွင် အပွင့် ၅၀၀ x ၃၀၀ = ၁၅၀၀၀၀ ကို အနည်းဆုံး ရရှိမည်ဖြစ်သည်။

ယနေ့ ရန်ကုန်ပေါက်ဈေးမှာ အောင်မဲညိုပွင့်ခြောက် တစ်ပွင့်လျှင် ကျပ် ၃၀-၄၀ ခန့် ရှိသည်။ ထိုဈေးနှင့်မတွက်ဘဲ တစ်ပွင့် ၁၀ ကျပ်ခန့်နှင့်တွက်လျှင်ပင် တစ်ဧကမှ ဝင်ငွေ ကျပ် ၁၅ သိန်း ရနိုင်မည်ဖြစ်သည်။ အပွင့်အရေအတွက်လည်း ပိုရမည်။ ဈေးနှုန်းလည်း ပိုရမည်ဆိုလျှင် ဝင်ငွေကို မှန်းဆနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကုန်ကျစရိတ်နည်းပြီး သာမန်ထိန်းသိမ်းမှုဖြင့် စီးပွားဖြစ်နိုင်သော ဤအပင်ကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းလိုပါသည်။

### အောင်မဲညိုပွင့်ကို အသုံးပြုပုံ

အရှေ့တောင်အာရှနိုင်ငံများတွင် သာမန် အောင်မဲညိုအပင်မှ အပွင့်ခြောက်များကို အောင်မဲညို လက်ဖက်ရည်အဖြစ် ရာစုနှစ်များစွာကပင် အသုံးပြုခဲ့သည်။ ယခုအခါ၌မူ မူရင်းဒေသများမှ အခြားနိုင်ငံများသို့ တင်ပို့ပြီး အောင်မဲညို လက်ဖက်ရည်ကို နိုင်ငံများစွာ၌ သောက်သုံးနေပြီဖြစ်သည်။

အောင်မဲညိုပွင့်တွင်ပါသော ပွင့်ဖတ်များမှာ အပြာရင့်ရောင်ရှိသဖြင့် ရာစုနှစ်များစွာကပင် ဆိုးဆေးအဖြစ်လည်း အသုံးပြုခဲ့ကြသည်။ ယင်းအပြင် အစားအသောက်မျိုးစုံ၌ အပြာရောင်ရရှိရန်လည်း အသုံးပြုသည်။ တောက်ပသော အပြာရောင်ရှိသည့် အောင်မဲညိုပွင့်မှ ပွင့်ဖတ်လေးများကို သဘာဝ လက်ဖက်ရည်တွင် ထည့်သွင်းသောက်သုံးကြပြီး အစားအသောက်များ ချက်ပြုတ်ရာတွင် အပြာရောင်ရစေရန်အတွက်လည်း ထည့်သွင်းအသုံးပြုကြသည်။

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အောင်မဲညိုပွင့်လက်ဖက်ရည်များကို ပျားရည်၊ လိမ္မော်ရည်တို့နှင့်ရော၍ ညစာအပြီးတွင် အချိုပွဲအဖြစ် သောက်ကြသည်။ ဟိုတယ်ကြီးများတွင်လည်းကောင်း၊ အားကစားလေ့ကျင့်ရေးစခန်းများတွင် အားကစားလေ့ကျင့်မှု ပြီးဆုံးချိန်၌လည်းကောင်း အမောပြေလန်းဆန်းစေသော ဖျော်ရည်အဖြစ် သောက်ကြသည်။ ထိုင်းနိုင်ငံတွင် ယင်းဖျော်ရည်ကို "နမ်ဒေါ့အချန်" (nan dokarchan)ဟု ခေါ်သည်။

ရာစုနှစ်များစွာကပင် အရှေ့တောင်အာရှနိုင်ငံများတွင် သောက်သုံးခဲ့ကြသည့် အောင်မဲညိုပွင့် လက်ဖက်ရည်သည် ခရီးသွားလုပ်ငန်းတိုးတက်လာသည့် ယခုအချိန်တွင် မူရင်းဒေသများတွင်သာမက အခြား နိုင်ငံအများအပြားတွင်ပါ ထင်ရှားလာသည်။ သို့သော် အောင်မဲညိုပွင့် လက်ဖက်ရည်သည် စူပါမားကတ်များတွင် မရနိုင်ဘဲ Online shopping များတွင်သာရနိုင်သော ပစ္စည်းဖြစ်နေသည်။

အမေရိကန်ပြည်ထောင်စု၌မူ အစားအသောက်မျိုးစုံ ရောင်းချသောဆိုင်ကြီးများ၌သာ ရနိုင်သော လက်ဖက်ရည်ဖြစ်သည်။ အောင်မဲညိုပွင့်သည် 'မြေသင်းနံ့'၊ 'သစ်သားနံ့' ကဲ့သို့သော အနံ့ရှိပြီး Blue Curacao၊ green tea တို့နှင့် ဆင်တူသည်ဟု Bon Appetit Website တွင် ၂၀၁၆ ခုနှစ်က ဖော်ပြခဲ့သည်။

### အရောင်၏ ဂုဏ်သတ္တိများ

အောင်မဲညိုပွင့်မှထွက်သည့် ထင်ရှားသောအရောင်မှာ အပြာရင့်ရောင်ဖြစ်၍ အခြားသော အရောင်ပစ္စည်းများနှင့် မတူသည့်အချက်မှာ ပန်းပွင့်ခြောက်ကို ဖျော်သောရေ၏ pH အနိမ့်အမြင့်အပေါ် မူတည်၍ အရောင်ပြောင်းသွားခြင်းဖြစ်သည်။ အပြာရင့်ရောင် လက်ဖက်ရည်ထဲသို့ လိမ္မော်ရည် အနည်းငယ်ထည့်လိုက်လျှင် အပြာရောင်မှ ခရမ်းရောင်သို့ ပြောင်းသွားမည်ဖြစ်သည်။ လိမ္မော်ရည်ကို ပို၍ပို၍ ထည့်လေ၊ ခရမ်းရောင်မှာ ပို၍ ပို၍ ရင့်လေဖြစ်သည်။

အနီ၊ အဖြူနှင့် ခရမ်းရောင်ရှိသော ခေါင်ရမ်းရွက်ကို အောင်မဲညိုပွင့်ဖျော်ရည်ထဲသို့ ထည့်လျှင် အပြာရောင်မှ အနီရောင်တောက်တောက်သို့ ပြောင်းသွားမည်ဖြစ်သည်။



ဤနည်းဖြင့် ကောက်တေးပါတီများတွင် ကောက်တေးစပ်သူများသည် ဧည့်သည်တော်များ၏ရှေ့၌ ဖျော်ရည်များ၏ အရောင်ကို လှည့်စားမှု အလွယ်တကူ ပြုလုပ်နိုင်သည်။ ကောက်တေးပွဲများတွင် အောင်မဲညိုပွင့် အခြောက်ကို ရေခဲတုံးစသည်တွင် ထည့်ထားပြီး ရေခဲများ တဖြည်းဖြည်း ပျော်သွားသောအခါ အရောင်မှာ တဖြည်းဖြည်း ပြောင်းသွားသည်ကိုလည်း တွေ့ကြရမည်ဖြစ်သည်။

အောင်မဲညိုပွင့်တွင်ပါသည့် သိပ်သည်းသော အပြာရောင်က ကျန်းမာရေးကို များစွာအထောက်အကူပြုပြီး အဆိပ်ပြေယ်စေသော (Antioxidant) သတ္တိရှိသည်ကို တွေ့ရသည်။ မက်မောစေသော အရောင်ဖြစ်၍ အလှကုန် မြောက်မြားစွာတို့တွင် အသုံးပြုလျက်ရှိပြီး အသားအရေကိုလည်း စိုပြည်စေသည်ဟု ဆိုသည်။ အောင်မဲညိုပွင့်တွင် Flavonoide နှင့် Quacetin ဓာတ်ပေါင်းများ ပါဝင်၍ အသားအရေကို စိုပြည်စေသည်ဟု ဆိုခြင်းဖြစ်သည်။

### အောင်မဲညိုပွင့် လက်ဖက်ရည်ဖျော်နည်း

အောင်မဲညိုပွင့် အခြောက် သုံးပွင့်၊ ငါးပွင့်၊ ခုနစ်ပွင့်ခန့် ကိုဖြစ်စေ၊ အပွင့်ခြောက်မှုန့် လက်ဖက်စားဇွန်း သုံးပုံတစ်ပုံခန့်ကို ဖြစ်စေ ဖန်ခွက်အဖြူတစ်ခွက်တွင် ရေနွေးနှင့် ဖျော်ရမည်။ ရေနွေးကို အချိုပန်းကန်အကြီးစား တစ်ခွက်စာ သို့မဟုတ် ပုံမှန် ဖန်ခွက်တွင် ရေနွေး သုံးပုံ နှစ်ပုံခန့်ထည့်၍ တစ်ခုခုနှင့် ပိတ်ပြီး ၁၅ မိနစ်ခန့် ရေနွေးအေးသွားသည်အထိ ထားရမည်။ ရေအေးနှင့်ဆိုလျှင် အချိန် ကြာကြာ စိမ်ရပါမည်။ ၁၅ မိနစ်ခန့်ရှိလျှင် ပွင့်ဖတ်ထဲမှ အပြာရောင် ကုန်မကုန်ကြည့်ပြီး မကုန်သေးလျှင် နောက်တစ်ကြိမ် ရေနွေးဖြင့် ထပ်၍စိမ်ရမည်။ ငါးပွင့်မျှ ထည့်လျှင် အရောင်တောက်တောက် မဲနယ်ရောင်ကို ရပါမည်။

သုံးပွင့်၊ ငါးပွင့်စသည့် အရေအတွက်မှာ မိမိရလိုသည့် အကျိုးကျေးဇူးကိုမျှော်မှန်း၍ ထည့်ရန်ဖြစ်သည်။

သတိပြုရမည်မှာ အောင်မဲညိုပွင့်မှ ရနိုင်သော အကျိုးကျေးဇူးသည် အကြိမ်ပေါင်းများစွာ စွဲ၍သောက်မှ ရနိုင်သည်ကို သိထားရန်ဖြစ်သည်။

နှစ်ပတ်ခန့် စွဲမြဲစွာသောက်လျှင် ချက်ချင်း သိသာစေသော အကျိုးကျေးဇူးမှာ မျက်စိကြည်လာခြင်း၊ ဦးနှောက် အားကောင်း၍ စိတ်ဖိစီးမှု လျော့လာခြင်း၊ စိတ်တည်ငြိမ်လာခြင်း၊ ကောင်းမွန်နှစ်ခြိုက်စွာ အိပ်ပျော်ခြင်း၊ ဆီးချိုနှင့် သွေးတိုးကို လျော့ကျစေနိုင်ခြင်း၊ ဆီးဝမ်းကောင်းခြင်း၊ အသားအရည်စိုပြည်လာခြင်းတို့ ဖြစ်သည်။ အောင်မဲညိုပွင့် လက်ဖက်ရည်ကို နေ့စဉ် မှန်မှန်သောက်သုံးပါက ပင်ပန်းနွမ်းနယ်မှု လျော့ကျနိုင်သကဲ့သို့ စိတ်တည်ငြိမ်အေးချမ်းမှုကို ရနိုင်သည်။ အကြောင်းမှာ အောင်မဲညိုပွင့် လက်ဖက်ရည်တွင် Antinflamatory ဂုဏ် သတ္တိနှင့် Analgestic ဂုဏ်သတ္တိများ ပါနေသောကြောင့် ဖြစ်သည်။

ဖော်ပြခဲ့သလို ကျန်းမာရေးအတွက်ရော၊ ဝင်ငွေရရှိစေရန်အတွက်ပါ အကျိုးပြုနိုင်သည့် အောင်မဲညိုပင်ကို တစ်ပိုင်တစ်နိုင်အနေဖြင့် လူတိုင်း၏ နေအိမ်တိုင်းတွင် ငါးပင်၊ ၁၀ ပင်ခန့် စိုက်ပျိုးထားလျှင်ပင် အိမ်ဝိုင်းလည်းလှ၊ ဝင်ငွေလည်းရပြီး ကျန်းမာရေးသုခပါ ပြည့်စုံစေမည်ဖြစ်၍ အောင်မဲညိုပင်ကို လူတိုင်း အိမ်တိုင်း စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

# တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းကြောင့် မူဆယ်မြို့ ဖရဲသီးကုန်သည်များ ဆုံးရှုံးနစ်နာ

**မူဆယ် ဖေဖော်ဝါရီ ၂**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ရှိ ဖရဲသီးကုန်သည်များသည် တရုတ်နိုင်ငံဘက်သို့ ဖရဲသီးများတင်ပို့ရာ၌ များစွာ ဆုံးရှုံးနစ်နာနေကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားခင်တွင်တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့ရောင်းချရာ၌ ဖရဲသီးတစ်တန်လျှင် ငွေကျပ်ရှစ်သိန်းနှင့် ရောင်းရပြီး လက်ရှိတွင်ဖရဲ တစ်တန်ကို ငွေကျပ်သုံးသိန်းအထိ ကျဆင်းခဲ့ကြောင်း မူဆယ်မြို့ အရှေ့မြောက်တံခါးကုမ္ပဏီ လင်းထွန်း သစ်သီးပွဲရုံ၊ သီရိသုခမ္မသိင်္ဂီ ဒေါ်နွေးနွေး၏ ပြောကြားချက်အရ သိရသည်။



မူဆယ်မြို့၌ ဖရဲသီးများ ပေးဝေနေသည်ကို တွေ့ရစဉ်။

"အခုတရုတ်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ဘက်က ဖရဲသီးဝယ်ယူမှုနည်းပြီး ဈေးနှုန်းလည်း ကျဆင်းတဲ့အတွက် ကုန်သည်တွေအားလုံး ထိခိုက်နစ်နာကြပါတယ်။ အရင်က (၁၂) ဘီးယာဉ်တစ်စီးစာကို ငွေကျပ်သိန်း ၁၀၀ ရပါတယ်။ အခုဆိုရင် တစ်စီးစာကို ငွေကျပ်သိန်း ၄၀ လောက်ပဲရတယ်။ ဒါကို တွက်ကြည့်ရင် ဘယ်လောက်အထိ နစ်နာနေတာလဲဆိုတာ သိနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

ဖရဲစိုက်ခင်းတစ်ဧကမှ ဖရဲသီး စုစုပေါင်း ၁၆ တန်ခန့် ထွက်ရှိပြီး တစ်ဧကမှ ထွက်ရှိသည့် ဖရဲသီးများကို ၁၂ ဘီးယာဉ်တစ်စီးပေါ်၌ တင်ဆောင်နိုင်ကြောင်းသိရသည်။ မော်တော်ယာဉ် ၁၂ ဘီးပေါ်၌ အပြည့်ပါရှိသည့် ဖရဲသီး ၁၆ တန်ကို ဇန်နဝါရီ ၂၉ ရက်က မူဆယ်မြို့ သိန်းသန်းချီကားကြီးကွင်း၌ မူဆယ်မြို့ အရှေ့မြောက်တံခါးကုမ္ပဏီ၊ လင်းထွန်းသစ်သီးပွဲရုံ၊ သီရိသုခမ္မ သိင်္ဂီဒေါ်နွေးနွေးက ပြည်သူများထံ အခမဲ့ဖြန့်ဝေလှူဒါန်းခဲ့သည်။

"မူဆယ်မြို့မှာရှိတဲ့ ပြည်သူများထံ ဖရဲသီးတွေကို လှူဒါန်းနိုင်ဖို့အတွက် အရင်ကတည်းက စိတ်ကူးပြီးသားပါ။ ဒါပေမယ့် အခြေအနေအမျိုးမျိုးကြောင့် မလှူဒါန်းဖြစ်ပါဘူး။ အခုလို အများပြည်သူ စားသုံးနိုင်ဖို့ လှူဒါန်းခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ဆက်လက်ပြောသည်။ လက်ရှိဖရဲသီးဈေးနှင့် တွက်ကြည့်ပါက ဖရဲသီး လှူဒါန်းသည့်ကာလတန်ဖိုးသည် ငွေကျပ်သိန်း ၄၀ ခန့်ရှိကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် နယ်စပ်ကုန်သွယ်ရေးဇုန်တချို့ ပိတ်သည်အထိ ဖြစ်ပွားခဲ့ပြီး ကုန်သွယ်ရေးထိခိုက်နစ်နာမှုများ ရှိနေသည့်အတွက် ရောဂါကို အမြန် ဆုံး တားဆီးနိုင်ရန် ကုန်သည်များက မျှော်လင့်နေကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ်၌ စိုက်ပျိုးရေးနည်းစနစ်များအကြောင်း ပညာပေးဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂**

ဂန့်ဂေါမြို့နယ် တောင်ပြင်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းစနစ်များ၊ ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံပုံစံများကို ပညာပေးဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထင်အောင်ကြွယ်က စိုက်ပျိုးရေးနည်းစနစ်များ၊ ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံပုံစံများကို ဟောပြောဆွေးနွေးခဲ့ကာ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဒုတိယဦးစီးမှူး ဦးမြင့်ဇော်က ''ပြောင်းလဲလာတဲ့ ရာသီဥတုကြောင့် တောင်သူတွေ ထိခိုက်နစ်နာမှုမရှိဖို့နဲ့ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုမရှိစေရေး၊ အရည်အသွေးကောင်းသီးနှံများထုတ်လုပ်နိုင်ရေး၊ လယ်ယာလုပ်သားများ၏ ကျန်းမာရေးနှင့် ဘဝသာယာဝပြောရေးတို့အတွက် လိုက်နာကျင့်သုံးသင့်တဲ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများအကြောင်းသိရှိလာစေဖို့အတွက် ရည်ရွယ်ပြုလုပ်တာပါ" ဟု ပြောသည်။

**၁၄၄**

# ညောင်လေးပင်မြို့နယ်တွင် နွေစပါးကိုကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

**ညောင်လေးပင် ဖေဖော်ဝါရီ ၂**

နွေစပါးကို ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်း အခမ်းအနားကို ဇန်နဝါရီလနောက်ဆုံးပတ်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းချောင်းကျေးရွာ ဦးဟံမောင် လယ်ကွင်း၌ ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသ ကြီးဦးစီးမှူး ဦးရွှေဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရားကိုင်ထန်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအား ရှင်းလင်း ပြောကြားပြီး စပါးပျိုးထောင်ပုံအဆင့်ဆင့်ကို လက်တွေ့ရှင်းလင်းပြသသည်။ ထို့နောက် စက်မှုကျွမ်းကျင် - ၄ ဦးအောင်သူရမင်းက ကောက်စိုက်စက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကွင်းအတွင်း လက်တွေ့မောင်းနှင် စိုက်ပျိုးပြသသည်။ **(ဝဲပုံ)**

ကောက်စိုက်စက်ကို အသုံးပြုစိုက်ပျိုးမည်ဆိုပါက မျိုးစေ့တစ်ဧက ရှစ်ပြည်မှ ၁၀ ပြည်ခန့်သာ ကုန်ကျ သဖြင့် မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ လုပ်အားခသက်သာခြင်း၊ ပျိုးထောင်ရေယာအနည်းငယ်သာလိုအပ်ခြင်း၊ လေဝင်လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှု တိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက် နှုန်းကောင်းစေခြင်း စသည့်ကောင်းကျိုးများရရှိကြောင်း ခြောက်တန်းသွားကောက်စိုက်စက် တစ်စီး၏တန်ဖိုး လက်ငင်းဈေးမှာ ငွေကျပ် ၂၀၃၇၀၀၀၀ ဖြစ်ပြီး သုံးနှစ်လေးရစ်ဆပ် အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေး ကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးလိုသူတောင်သူများအနေဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်နှင့် စက်မောင်းသမားအသုံးပြု၍ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**သက်လွင် (ညောင်လေးပင်)**

# စံပြပရဟိတလူငယ်အသင်း (ရန်ကုန်) သို့ မီးသတ်ရေယာဉ် လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ဈေးတာဝန်ခံရုံးနှင့်ဈေးသာယာရေးအဖွဲ့တို့ စီစဉ်မှုဖြင့်စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုနှင့် စံပြပရဟိတလူငယ်အသင်း (ရန်ကုန်) သို့ မီးသတ်ရေယာဉ်တစ်စီးလှူဒါန်းပွဲကို ယမန်နေ့က ပြုလုပ်ခဲ့ကြရာ ကြည့်မြင်တိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ အနောက်ပိုင်းခရိုင်စည်ပင်သာယာဈေးများရုံးမှ ခရိုင်မှူးနှင့်အရာရှိများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ဗဟိုစံပြ ငါးဈေးမှ တာဝန်ရှိသူများ စုစုပေါင်း ၃၀၀ ကျော် ပါဝင်ခဲ့ကြသည်။

အဆိုပါ စံပြငါးဈေးရှိ စံပြလူမှုကူညီရေးပရဟိတလူငယ်အသင်း (ရန်ကုန်) သို့ ဈေးသန့်ရှင်းရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရေဂါလန် ၃၈၀၀ ဆံ့ရေယာဉ်တစ်စီးကို ငွေကျပ် ၂၇၅ သိန်းဖြင့် ဦးခင်မောင်မြင့်နှင့် ဦးအောင်မျိုးသန့်တို့က ဝယ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

**အာကာလင်း**

# ယခုနှစ် လျှော်ဖြူအစေးထုတ်ရာသီတွင် ဈေးနှုန်းကျဆင်း

**မိုးညှင်း ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ယခုနှစ်လျှော်ဖြူအစေးထုတ်ရာသီတွင် ယမန်နှစ်ဈေးနှုန်းအောက်ကျဆင်းနေကြောင်း မြို့နယ်အတွင်း လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူတောင်သူများထံမှ သိရသည်။

ယခုနှစ်လျှော်ဖြူအစေး ၁ ပိဿာလျှင်ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့်သာ ရောင်းရပြီး ယမန်နှစ်ဈေးနှုန်းမှာ ၁ ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းအထိရှိခဲ့ကြောင်း လျှော်ဖြူ ၅ ဧကခန့်စိုက်ပျိုးထားသူ တောင်သူဦးတိုက်စိန်က ပြောသည်။

"ဒီနှစ်က ၁ ပိဿာမှ ငွေကျပ် ၁၈၀၀၀ ပဲ ရောင်းခဲ့ရတယ်။ ဒီနှစ်တစ်ရာသီလုံးမှ ပိဿာချိန် ၁၀၀ လောက်ပဲထွက်တယ်။ ဒီမှာက ဝယ်လက်လည်းမရှိဘူး။ မန္တလေးက ပွဲရုံတွေကို တက်ရောင်းရတယ်။ ကိုယ့်ဘာသာ ပျိုးပြီးတော့ စိုက်တဲ့အတွက် အရှုံးတော့မရှိဘူး။ လုပ်အားခတွေဘာတွေ ပေးစရာမလိုတော့ အဆင်ပြေတယ်လို့ ပြောရမှာပေါ့" ဟု ၎င်းက ပြောသည်။

လျှော်ဖြူအစေးထုတ်ရာသီအနေဖြင့် ဧပြီလမှစ၍ ဇန်နဝါရီလအထိ အစေးထုတ်ကာလ ၁၀ လရှိပြီး ဖေဖော်ဝါရီမှ မတ်လအထိနှစ်လခန့်နားရကြောင်း ဦးတိုက်စိန်က ပြောသည်။

"အခုက အစေးထုတ်နားထားပြီ၊ အရွက်တွေစကြွေစပြုပြီ။ အပင်တွေအကုန်လုံး အရွက်တစ်ရွက်မှမကျန်အောင်ကြွေမယ်။ အဲဒါပြီးရင်ရွက်သစ်တွေစထွက်ပြီဆိုရင်အစေးစထုတ်ပြီ၊ အခုအပင်ကြီးတဲ့ဟာတွေဆိုရင် တစ်ပင်ကိုတစ်ရက် ၁ကျပ်သားခန့်ထွက်နေပြီ။ နောက်ဆိုရင်ပိုလို့ထွက်လာမယ်။ အပင်တွေက အခုမှသုံးနှစ်သားကျော်ပဲရှိသေးတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မိုးညှင်းမြို့နယ်အတွင်း ဦးတိုက်စိန်အပါအဝင် လျှော်ဖြူစိုက်ဧက ၄၃ ဧကခန့်စိုက်ပျိုးထားပြီး ယခုနှစ်မှစတင်အစေးထုတ်ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စာရင်းဇယားများအရ သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**



မိုးညှင်းမြို့နယ်က လျှော်ဖြူစိုက်ခင်းတစ်ခု။

## သုဝဏ္ဏဝတီမြို့၌ ရော်ဘာဈေးနှုန်းတစ်ပေါင်လျှင် ငွေကျပ် ၁၀၀ ခန့် ထိုးကျ

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂**

ယခုနှစ် ရော်ဘာဈေးကွက်သည် တဖြည်းဖြည်းကျဆင်းလျက်ရှိရာ သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများ၌ ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းရရှိသည့် ဈေးနှုန်းထက် ယခုအခါ တစ်ပေါင်လျှင် ငွေကျပ် ၁၀၀ ခန့် ကျဆင်းလာ၍ ရော်ဘာစိုက် တောင်သူများ အဆင်မပြေဖြစ်နေသည်။

''ရော်ဘာမှိုင်းကျတစ်ပေါင်ကိုငွေကျပ် ၇၀၀ ကျော်ပဲရတာကြောင့် အလုပ်သမားခ၊ အထွေထွေကုန်ကျစရိတ်တွေနဲ့တွက်ရင် ကိုယ့်အတွက် မကျန်တော့တဲ့အပြင် အထွက်လည်းနည်းတယ်။ အလုပ်သမားငှားမရလို့ ပိတ်ထားတဲ့အကွက်တွေရှိတော့ အရင်လို ရော်ဘာပြားမရတော့ဘူး။ ရတဲ့ဈေးနဲ့ပဲ ရောင်းရပါတယ်'' ဟု ဒေသခံရော်ဘာခြံရှင်တစ်ဦးက ပြောသည်။ ''ဝယ်လိုအားက ငွေအရင်းအနှီးနဲ့ပဲ သက်ဆိုင်တယ်။ ဘာကြောင့်ဈေးကျတယ်ဆိုတာ ကျွန်တော်တို့လည်း မပြောတတ်ဘူး။ ဈေးနှုန်းက ရာသီအစမှာတစ်ပေါင် ငွေကျပ် ၈၀၀ ကျော်ခန့် ဝယ်ယူခဲ့ပေမယ့်လည်း ဝယ်လက်နည်းသွားတဲ့အတွက် ဈေးကျလာတာပါ။ ဈေးနှုန်း တစ်နေ့ တစ်မျိုးဝယ်ရတယ်။ တစ်နေလှန်း ၊ နေလွတ် ၊ မှိုင်းကျ၊ ဖိနပ်ပြား နံပါတ် (၁ / ၂ / ၃ )အလိုက် ပေါက်ဈေးကို နေ့စဉ် စာနဲ့ရေးထားပေးပါတယ်။ ခုချိန်ကအစေးလျှော့ချိန် အထွက်နည်းလာတာကြောင့် ဝယ်ယူမှုကနည်းသွားပေမယ့် တစ်နေ့ကိုပေါင် တစ်သောင်းခန့် ဝယ်ယူနေရပါသေးတယ်။ ကုန်ချောဖြစ်အောင်အများဆုံးဝယ်ယူရတဲ့ နေလွတ်ပြား၊ တစ်နေလှန်းပြားတွေကို ပြန်ပြီးမှိုင်းတင်ရတဲ့ စရိတ်လည်းရှိပါသေးတယ်။ အရင်းများပြီး အမြတ်နည်းပါတယ်'' ဟုသိမ်ဆိပ်ရပ်ကွက်မှ (တတိယလက်ခွဲဒိုင်)ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဝယ်ယူသူတစ်ဦးက ပြောသည်။

မွန်ပြည်နယ်သည် ရော်ဘာပင်အများဆုံးစိုက်ပျိုးပြီး ရော်ဘာကုန်ကြမ်းအများဆုံးထွက်ရှိသော်လည်း တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများက ဈေးနှုန်းတိုးတက်လာအောင် အရည်အသွေးမြင့် ရော်ဘာကုန်ကြမ်းများအားလုံးကို တညီတညာတည်း မထုတ်လုပ်၊ မဆောင်ရွက်နိုင်သောကြောင့်လည်းကောင်း၊ ဝယ်ယူသူများကလည်း တိတိကျကျဈေးနှုန်း သတ်မှတ်နိုင်ခြင်းမရှိဘဲ၊ အရည်အသွေးအလိုက်ကြည့်၍ ဈေးပေးဝယ်ယူကြသည်။ ဒေသတွင်း၌မှာပင် ရောင်း၊ ဝယ်ဈေးနှုန်းများရရှိမှု တစ်ဦးနှင့်တစ်ဦး မတူညီကြသောကြောင့်လည်းကောင်း၊ စိုက်ပျိုးသူများမှာလည်း စီးပွားရေးအရတွက်ခြေမကိုက်တော့ကြောင်း သိရသည့်အတွက် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို ပြည်နယ်အတွင်း စိတ်ဝင်စားသူများ နည်းပါးလာကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# နှစ်ပေါင်းတစ်ထောင်ကျော်သက်တမ်းရှိ ရွှေဥမင်ကျောင်းတိုက်ကြီးအတွင်းမှ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းမည်

**ရေစကြို ဖေဖော်ဝါရီ ၂**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးရှေးဟောင်းနယ်မြေရှိ နှစ်ပေါင်းတစ်ထောင်ကျော် သက်တမ်းရှိပြီဖြစ်သော ရွှေဥမင်ကျောင်းတိုက်ကြီးအတွင်းမှ ရှေးဟောင်းစေတီပုထိုးများမှာ ကန္တာရပင်များ၊ ချုံနွယ်ပိတ်ပေါင်းများဖြင့်ဖုံးအုပ်နေလျက်ရှိရာ ဒေသခံပြည်သူများမှ ကိုယ့်အားကိုယ်ကိုး ရှင်းလင်းသွားမည်ဖြစ်သည်ဟု ပခန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အဆိုပါရွှေဥမင်ကျောင်းတိုက်ကြီးကို သက္ကရာဇ် ၁၁၈ ခုနှစ်က သိန်းခွန်မင်းကြီး၏ အမိန့်တော်ဖြင့် စတင်တည်ထောင်ခဲ့ပြီးပညာလင်္ကာရတောရကျောင်းဟု သမုတ်ကာ ရာမညတိုင်းမှ မွန်အမျိုးသားရဟန်းတော် အရှင်ခေမဒဿီဆရာတော်အားပင့်ဆောင်ကာသာသနာပြုစေခဲ့သည်ဟု သိရသည်။

ထို့နောက် အနော်ရထာမင်း၊ အလောင်းစည်သူမင်း၊ မြင်စိုင်းမင်း၊ သာလွန်မင်းတရားကြီး စသည့်ရှေးမင်းအဆက်ဆက်သည် ရွှေဥမင်ကျောင်းတိုက်အတွင်းတွင် စေတီပုထိုးများတည်ထားခြင်း၊ အဆိုပါရွှေဥမင်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်ကြသော သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုအခါ အဆိုပါရှေးဟောင်းသမိုင်းဝင်နေရာသည် ကန္တာရပင်များ၊ ချုံနွယ်များဖုံးအုပ်ကာ ရှေးဟောင်းစေတီပုထိုးများ အဆောက်အအုံများမှယိုယွင်းပျက်စီးလျက်ရှိသဖြင့်ဒေသခံများမှ ချုံနွယ်များကို ရှင်းလင်းသွားမည်ဖြစ်သည်ဟု သိရသည်။ (ယာပုံ)

ရွှေဥမင်ကျောင်းတိုက်အကျယ်အဝန်းမှာ ခုနစ်ဧကခန့်ကျယ်ဝန်းမည်ဟု ဒေသခံများက ခန့်မှန်းကြသည်။ ရွှေဥမင်ကျောင်းတိုက်ဝင်းအတွင်းတွင် ထီးတော်မပါရှိတော့သော စေတီပုထိုးများ၊ စေတီများအတွင်းမှ ရှေးဟောင်းနံရံဆေးရေးပန်းချီများ မြောက်မြားစွာရှိကြောင်း သိရသည်။

အဆိုပါ ချုံနွယ်များဖုံးအုပ်ပြီး လူသူကင်းမဲ့နေသည့် ရွှေဥမင်ကျောင်းတိုက်အတွင်းမှ ရှေးဟောင်းစေတီများ အဆောက်အအုံများကို ပြည်ပခရီးသွားဧည့်သည်များ မကြာခဏ လာရောက်ကြည့်ရှုကြလေ့ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# ရိုတာ ဗိုင်းရပ်စ်ကာကွယ်ဆေးကို အင်းစိန်တစ်မြို့နယ်လုံး စတင်တိုက်ကျွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ပါဝင်သော ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်စတင်ထည့်သွင်းထိုးနှံ တိုက်ကျွေးခြင်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသာအောင်က အမှာစကားပြောကြားခဲ့ပြီး အင်းစိန်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေက ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်အစီအစဉ်တွင် စတင်ထည့်သွင်းထိုးနှံတိုက်ကျွေးခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားခြင်း၊ ရိုတာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသောရောဂါများအကြောင်းနှင့် ကာကွယ်ဆေးများ၏ အာနိသင်နှင့် ပတ်သက်၍ အကျိုးတရားများကို ရှင်းလင်းပြောကြားခဲ့သည်။

**ဉာဏ်လင်း**

# ကိုရိုနာဗိုင်းရပ်စ်အကြောင်းသိကောင်းစရာလက်ကမ်းစာစောင်များ လူစည်ကားသည့်နေရာများတွင် လိုက်လံဖြန့်ဝေ

**မြင်းခြံ ဖေဖော်ဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို လူစည်ကားသည့်နေရာများတွင် လိုက်လံဖြန့်ဝေခြင်း ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းအေးအေးလှိုင်၊ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇင်မာသန်းထွန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိုးလင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ဝေဝေဖြိုး၊ ခရိုင်/ မြို့နယ် အမျိုးသမီးကော်မတီအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် လူစည်ကားရာနေရာများဖြစ်သည့် အေးမြသီတာဈေး၊ မြို့လယ်မီးပွိုင့် စသည့်နေရာများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်မှကာကွယ်ပါ လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာများ ကပ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှစတင်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကိုရိုနာဗိုင်းရပ်စ်၏ ကူးစက်နိုင်ခြေရှိသော နည်းလမ်းများနှင့် ကာကွယ်ရန် နည်းလမ်းများကို ဖော်ပြထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**


ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

# ရမည်းသင်းမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း ပညာပေးဟောပြော

**ရမည်းသင်း ဖေဖော်ဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်၏ ကြီးကြပ်မှုဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်းအသိပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၁ ရက်က ရမည်းသင်း မြို့မရဲစခန်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော်က ကျန်းမာရေး အသိပညာပေးဟောပြောပြီး အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်နှင့် ဇနီး ဒေါ်ဝါဝါအေးနှင့် တပ်ဖွဲ့ဝင် မိသားစု ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

## မြစ်သားမြို့၌ တရုတ်နိုင်ငံမှ ပြန်လာသူများအား ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးစစ်ဆေး

**မြစ်သား ဖေဖော်ဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် တရုတ်နိုင်ငံမှပြန်လာသူများအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်ကျန်းမာရေးစစ်ဆေးခြင်းကို ယမန်နေ့က စတင်ကာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးနှင့်သူနာပြုများက မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံမှ ပြန်လာသူများအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ဖျားနာခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပွားမှု ရှိမရှိကို မြင်းခြံကုန်း၊ ကုန်းသာ၊ အပြေတောင်း၊ ကသဲကုန်း စသည့်ကျေးရွာများမှ ပြည်သူ ၄၇ ဦးအား ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ခဲ့ပြီး ကျန်းမာရေးအခြေအနေ တစ်စုံတစ်ရာ ထူးခြားမှုရှိလာပါက အချိန်နှင့် တစ်ပြေးညီသတင်းပို့ကြရန် ကျန်းမာရေးမှူး ဒေါ်ထွန်းမေက မှာကြားခဲ့ပြီး ကျန်ရှိသည့်ကျေးရွာများကိုလည်း ကျန်းမာရေးစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာ၌ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂**
မိတ္ထီလာမြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းက နာရီစင်အနီးတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပြီး နှာခေါင်းစည်းများကို ဖြန့်ဝေပေးခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုရရှိစေရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်လွင် ဦးဆောင်ပြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယခရိုင် ကျန်းမာရေးမှူး ဒေါက်တာ သန္တာလင်းနှင့် တာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တရုတ်နိုင်ငံမှ မိမိတို့ရပ်ကွက်ကျေးရွာများသို့ ပြန်လာသူများ ရှိမရှိ စိစစ်ဆောင်ရွက်လျက်ရှိပြီး မိမိနေရပ်သို့ ပြန်လာသူများရှိပါက ကျန်းမာရေးဦးစီးဌာနမှ စမ်းသပ်စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ထမ်းများသာမက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များကလည်း ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းကာ ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်းဟောပြော၊ ဆိုင်ကယ်စီးဦးထုပ်များ ပေးဝေ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နေ ပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းဟောပြောခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များပေးဝေခြင်းကို ယမန်နေ့က မြို့သစ်ရပ်ကွက် ရန်ကုန်- မန္တလေးကားလမ်းတစ်လျှောက် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူးဦးအုန်းသန်း၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး ဝင်းကျော်၊ ပျော်ဘွယ်မြို့နယ် ခေတ္တစခန်းမှူး ဒုရဲမှူး စန်းနုနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆိုင်ကယ်စီးပြည်သူများကို ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ၊ ယာဉ်မတော်တဆမှုအတွက် ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးဟောပြောခဲ့ပြီး အဆိုပါ ပြည်သူများအတွက် အလှူရှင် ဦးညီညီငွေထွန်း၏ လှူဒါန်းမှုဖြင့် ဆိုင်ကယ်စီးဦးထုပ် အလုံး ၃၀၀ ကို ပေးဝေခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော် ဖေဖော်ဝါရီ ၁၀ရက်မှ ၁၂ ရက်အထိ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၀ရက်မှ ၁၂ရက်အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အဆင့်မြင့် အားကစားကွင်းအတွင်း ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

"တိုင်းရင်းသား လူမျိုးစုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ရင့်သန်စေဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ စီစဉ်ကျင်းပတာပါ။ မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုတွေပူးပေါင်းစီစဉ်ကြတာဖြစ်ပါတယ် " ဟု မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဥက္ကဋ္ဌ နိုင်မောင်မြင့်က ပြောသည်။

မန္တလေးမြို့မှာအခြေချနေထိုင်ကြသော ကချင်၊ ကယန်း၊ ကရင်၊ ချင်း၊ တောင်ရိုး၊ တအာင်း၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသား၊ ဓနု၊ ယော၊ လီဆူ၊ ကိုးကန့် အစရှိသော တိုင်းရင်းသားလူမျိုးစုများ ပူးပေါင်းကာ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသားလူမျိုးစု ၁၈ မျိုးရဲ့အစားအစာတွေ ရောင်းချမယ်။ တိုင်းရင်းသား ပဒေသာကပွဲတွေလည်းပါမယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ပတ်သက်တာတွေကို တစ်နေရာတည်းမှာ စုံစုံလင်လင် တွေ့ရမှာမို့လို့ မည်သူမဆို ဝင်ရောက်ကြည့်ရှုကြဖို့လည်း ဖိတ်ခေါ်ပါတယ်" ဟု တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဥက္ကဋ္ဌ နိုင်မောင်မြင့်က ဆက်ပြောသည်။ ပွဲတော်ကာလအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစု ၁၈ မျိုးတို့၏ ရိုးရာအစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချမည့် ဆိုင်ခန်းများ၊ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ စုစုပေါင်း ၈၀ ကျော်ခင်းကျင်း ပြသမည် ဖြစ်ကြောင်းနှင့် ညပိုင်းတွင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုအကအလှဖျော်ဖြေမှုအစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

**တင်ဇာလှိုင်**

# မတ္တရာမြို့နယ်၌ ကျေးရွာလေးရွာ တစ်ပြိုင်နက် လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**မတ္တရာ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ကျေးရွာမီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သော သပြေအိုက် ကျေးရွာ၊ ဖြည့်ပုံရွာ သစ်ကျေးရွာ၊ မြကန်ကျေးရွာနှင့် ဝွေးပင်ကျေးရွာတို့တွင် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲများကို ယမန်နေ့က ကျင်းပသည်။



ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

အဆိုပါ မီးလင်းရေးဖွင့်ပွဲများတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်၊ မြို့နယ်လျှပ်စစ် မန်နေဂျာဦးခင်ဇော်နှင့် ကျေးရွာများမှ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ မြို့နယ် လျှပ်စစ်မန်နေဂျာက ကျေးရွာမီးလင်းရေးကော်မတီများထံသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့သည်။ အဆိုပါ ကျေးရွာများရှိ အိမ်ခြေ ၄၆၀ တွင် ၁၉၁ အိမ် မီးလင်းခဲ့ပြီဖြစ်ကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# လယ်သမားအဖွဲ့အစည်းခေါင်းဆောင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေးပို့ချ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲနိုင်ရေးအတွက် လယ်သမားအဖွဲ့အစည်းခေါင်းဆောင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကို ဇန်နဝါရီနောက်ဆုံးပတ်က နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက သင်တန်းသုံးရက်တာကာလအတွင်း




ပို့ချခဲ့သော သင်ခန်းစာများမှာ ထိုင်းနိုင်ငံ၏အတွေ့အကြုံနှင့် သင်ခန်းစာများ၊ သမဝါယမဦးစီးဌာန၏ ဆောင်ရွက်မှုလုပ်ငန်းများ၊ အာဆီယံနိုင်ငံအသီးသီးရှိ သမဝါယမ၏ အခန်းကဏ္ဍ ပိုမိုပီပြင်လာစေရေးအတွက် ချမှတ်ထားသော လမ်းပြမြေပုံ၊ ကော်ဖီ၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ၊ ပန်းမန်အဖွဲ့အစည်းများ၌ ကြုံတွေ့နေရသော အခက်အခဲများနှင့် ရရှိသောသင်ခန်းစာများ၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စသည့်နည်းကောင်းလမ်းကောင်းများကို မိမိတို့လုပ်ငန်းခွင်များတွင် ထည့်သွင်းဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ဝန်ထမ်းများက လယ်သမားများ၏ အခက်အခဲများကို ကူညီဖြေရှင်းနိုင်ရေးအတွက် မိမိတို့တတ်သိထားသော အတတ်ပညာ၊ နည်းပညာများကို လယ်သမားများလက်ဝယ်သို့ ရောက်ရှိစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စိုက်ပျိုး ပညာပေးရေးဝန်ထမ်းများနှင့် သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ သမဝါယမ အဖွဲ့အစည်းခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# ဖားဆောင်းမြို့နယ် ရေမလုံလောက်သည့် ကျေးရွာသုံးရွာအတွက် ကျေးရွာရေပေးရေးလုပ်ငန်း ဆောင်ရွက်မည်

**ဖားဆောင်း ဖေဖော်ဝါရီ ၂**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် နှစ်စဉ်ရေမလုံလောက်သည့် အခက်အခဲများ ကြုံတွေ့နေရသည့် မော်ချီးဒေသ(လိုခါးလို၊ မော်ချီးတောင်ပေါ်၊ မော်ချီးအောက်) ကျေးရွာသုံးရွာအတွက် ရာသီမရွေးရေလုံလောက်စွာ ရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ အဖွဲ့ (ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေဖြင့် ကျေးရွာရေပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်သန်းနှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့ (ဒေသဖွံ့ ဖြိုးရေး) ရန်ပုံငွေ ကျပ် ၁၀၂၇ ဒသမ ၄၅ သန်းဖြင့် မော်ချီးဒေသ ကျေးရွာသုံးရွာ ရေပေး ရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ငွေကျပ် ၈ ဒသမ ၈၆သန်းဖြင့် လိုခါးလိုကျေးရွာ အောင်ချမ်းသာ ရပ်ကွက်ရှိ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ယုမီအောင်တို့က လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ပြည်နယ် ဦးစီးမှူး ဦးကျော်သူအောင်က မြေပြင်တွင် လုပ်ငန်းများ၊ အားနည်းချက်များ မဖြစ်ပေါ်စေရေး စနစ်တကျ ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များရှိပါက အချိန်မီ တင်ပြရေး မှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းများ ပြီးစီးပါက မော်ချီးဒေသ ကျေးရွာ သုံးရွာရှိ အိမ်ခြေ ၂၅၀၀ ခန့်၊ လူဦးရေ ၉၀၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မေဇင်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ လမ်း၊ တံတားများ ဖွံ့ဖြိုးရေး လုပ်ဆောင်ပေးမည်

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၂၆၇၆၄ ဒသမ ၅ သန်း အကုန်အကျခံ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွေးထံမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကွန်ကရစ်လမ်း အရှည် ၃၃ ဒသမ ၇၁၆ ကီလိုမီတာကိုလည်းကောင်း၊ ကတ္တရာလမ်းအရှည် ၂၁ ဒသမ ၀၉၄ ကီလိုမီတာကို လည်းကောင်း၊ ကျောက်ခင်းလမ်းအရှည် ၁၂၇ ဒသမ ၆၆၄ ကီလိုမီတာကိုလည်းကောင်း၊ ဂျင်းမြေခင်းလမ်းအရှည် ၉၅ ဒသမ ၀၉ ကီလိုမီတာကိုလည်းကောင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း အရှည် ၃၁၈ ဒသမ ၄၈၇ကီလိုမီတာကိုလည်းကောင်း ငွေကျပ် ၂၀၇၇၇ ဒသမ ၀၆၁ သန်းဖြင့် ခင်းကျင်းပေးသွားမည်ဖြစ်သည်။

တံတားကဏ္ဍတွင် စုစုပေါင်းအရှည် ၇၉၈ ဒသမ ၅ မီတာရှိ ကွန်ကရစ်တံတား ၅၇ စင်းအား လည်းကောင်း၊ စုစုပေါင်းအရှည် ၁၃ ဒသမ ၅ မီတာရှိ သစ်သားတံတား ၂ စင်းအားလည်းကောင်း၊ စုစုပေါင်းအရှည် ၆၂၉ ဒသမ ၄၁ မီတာရှိ ရေကျော် ၃၅ စင်းအားလည်းကောင်း၊ စုစုပေါင်း အရှည် ၁၈၂ ဒသမ ၆ မီတာရှိ Box Culvert ၁၂၁ စင်းအား လည်းကောင်း၊ စုစုပေါင်းအရှည်၆၂ ဒသမ ၅၂ မီတာရှိ အခြားတံတား ၁၅ စင်းအားလည်းကောင်း၊ စုစုပေါင်း အရှည် ၁၆၈၆ ဒသမ ၅၃ မီတာရှိ တံတား အစင်း ၂၃၀ အား ငွေကျပ် ၅၉၈၇ ဒသမ ၄၃၉ သန်းဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ပွင့်ဖြူမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အရိပ်ရပင် ကိုးသောင်းကျော် စိုက်ပျိုးမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် အပူဒဏ်ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရပင်ပေါင်း ၉၀၅၁၁ ပင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ထွန်းထံမှ သိရသည်။

"အရိပ်ရပင်တွေ စိုက်ပျိုးတာကို ကျေးရွာသုံးစိုက်ခင်းအနေနဲ့ ပွင့်ဖြူမြို့နယ် ချောင်းဆုံကျေးရွာအနီးမှာ ဧက ၈၀ ခန့် ၊ အခြားစိုက်ခင်းအနေနဲ့ ဧက ၃၀ ခန့် စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမယ့် အရိပ်ရပင်တွေကတော့ ယူကလစ် ၊ ရှား ၊ ဝါး တို့ စိုက်ပျိုးမှာဖြစ်ပြီး (ထူးစိမ်း) တစ်အုပ် တစ်မစိုက်ခင်းအနေနဲ့ တမာ၊ (ထူးစိမ်း) တောထိန်းဇရိယာ ကွက်လပ်ဖြည့်စိုက်ခင်းအနေနဲ့ ရှားပင်၊ မဲဇလီပင်၊ တမာပင်တို့ကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ယခုလက်ရှိတွင် အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးမည့် အရိပ်ရပင်များ သတ်မှတ်ကာလ၌ အဆင်ပြေစွာ စိုက်ပျိုးဆောင်ရွက်နိုင်ရေး မြေကျင်းတူးခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးဆောင်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကော့သောင်းမြို့၌ (၆)ကြိမ်မြောက်စက္ခုဒါနအဖြစ် မျက်စိဝေဒနာရှင်များအား ကုသပေးမည်

**ကော့သောင်း ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ကော့သောင်းမြို့၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ ကရသူရိမြို့နှင့် ပြည်ကြီးမဏ္ဍိုင်မြို့များရှိ မျက်စိဝေဒနာရှင်များအား သီတဂူရွှေပြည်ဟိန်းစက္ခုဒါနအဖွဲ့နှင့် ဖိုးသီးချို(PTC)လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီတို့ ပူးပေါင်းကာ (၆)ကြိမ်မြောက် အဖြစ် လာမည့် မတ်လအတွင်း စက္ခုဒါနပြုကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် ကော့သောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ ကရသူရိမြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့များနှင့် ဆက်စပ်ကျေးလက်တောရွာများမှ မျက်စိဝေဒနာရှင် မိဘပြည်သူများအား ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၂၀ ရက်အတွင်း သက်ဆိုင်ရာမြို့နယ်အလိုက် မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းခြင်းကို စတင်လက်ခံဆောင်ရွက်ကြမည်ဖြစ်ပြီး မတ် ၂၀ ရက်မှ ၂၅ ရက်အတွင်း မျက်စိစတင်စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများကို မျက်စိကုပညာရှင်အဖွဲ့မှ ဆောင်ရွက်ကြမည်ဖြစ်ကာ ခွဲစိတ်ကုသမှုခံယူရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များအား မတ် ၂၆ရက်မှ ၂၈ရက်အတွင်း ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့မှ ခွဲစိတ်ကုသပေးမည် ဖြစ်သည်။ လိုအပ်သည့် ဆေးဝါးကုသမှုနှင့် မျက်မှန်များအား အခမဲ့ ဖြန့်ဝေ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ယင်းမာပင်ရေလျှံဇုန်၌ ဘဏ္ဍာနှစ်တစ်ခုအတွင်း ရေတွင်း ၅၂၀ တိုးလာ၍ ရေလျှံဇုန်မပျက်စီးအောင် ထိန်းသိမ်းရန်လိုနေ

**ယင်းမာပင် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ရေလျှံဇုန်အတွင်းရှိ ယင်းမာပင်၊ ဆားလင်းကြီးနှင့် ပုလဲမြို့နယ်များမှ ကျေးရွာအုပ်စု ၁၇ စုရှိ ကျေးရွာပေါင်း ၃၁ ရွာ၌ ကွင်းဆင်းစစ်တမ်းကောက်ယူမှုစာရင်းများအရ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ပုဂ္ဂလိက တောင်သူပိုင်ရေတွင်းနှင့် သောက်သုံးရေတွင်းပေါင်း ၅၂၀ တိုးလာခဲ့ခြင်းကြောင့် ရေလျှံဇုန်ကြီး ပျက်စီးပျောက်ကွယ်သွားခြင်းမရှိအောင် ထိန်းသိမ်းရန် လိုအပ်နေကြောင်း ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးနိုင်ဦးက ပြောကြားသည်။

"ဌာနပိုင်တွင်းတွေက အတိုးအလျော့မရှိပေမယ့် တောင်သူပိုင်တွင်းတွေနဲ့ သောက်သုံးရေတွင်းတွေကတော့ တစ်နှစ်မှာ တွင်း ၅၀၀ ကျော်လောက်ကို တိုးနေတယ်။ ရေလျှံတွင်းတွေ ထပ်တူးနေပေမယ့် ရေက ပိုပြီးထွက်လာတာ မဟုတ်ပါဘူး၊ ဒါကြောင့် အမြင့်ပိုင်းမှာရှိတဲ့ ရေတွင်းတွေက ရေထွက်နှုန်းနည်းသွားပြီး အချို့ဆိုရင် လုံးဝ ရေမထွက်တာတွေ ဖြစ်လာလိမ့်မယ်၊ အခုလို ဆက်ပြီး ရေတွင်းတွေ တူးနေကြမယ်ဆိုရင် ရေရှည်မှာ ရေလျှံဇုန်ကြီးက ရေလျှံမထွက်တဲ့အထိ ဖြစ်လာနိုင်ပါတယ်"ဟု ဦးစီးအရာရှိက ပြောသည်။

ရေလျှံဇုန်ကြီးကို ကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်၍လည်း ဦးစီးအရာရှိက "စိုက်ပျိုးရေကို ထုတ်ယူသုံးစွဲနေတဲ့ တောင်သူတွေ၊ သောက်သုံးရေအတွက် တူးဖော်အသုံးပြုနေတဲ့ ပြည်သူတွေအနေနဲ့လည်း မြေအောက်ရေကို စနစ်တကျသုံးစွဲကြဖို့ လိုပါတယ်၊ မလိုအပ်တဲ့ အချိန်မှာ ပိတ်ထားပြီး လိုအပ်မှသာ ထုတ်ယူသုံးစွဲကြဖို့ လိုအပ်ပါတယ်၊ ရေအသုံးချမှုနဲ့ ပတ်သက်ပြီး မြေအောက်ရေဆိုင်ရာ အစီအမံများ၊ မူဝါဒများ ချမှတ်ပေးဖို့လည်း လိုအပ်နေပါတယ်၊ အခုဆို ရေးဆွဲနေပါပြီ၊ ဒီဒေသမှာ သဘာဝကပေးတဲ့ ရေအရင်းအမြစ်တစ်ခုကို ပိုင်ဆိုင်ထားတယ်ဆိုပေမယ့် စနစ်တကျ ထုတ်ယူသုံးစွဲမှသာ ရေရှည်အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် စိုက်ပျိုးရေပဲဖြစ်ဖြစ်၊ သောက်သုံးရေပဲဖြစ်ဖြစ် ချိုးခြံချွေတာသုံးဖို့ လိုအပ်ပါတယ်၊ ကျွန်တော်တို့ဌာနအနေနဲ့ မြေအောက်ရေထိန်းသိမ်းရေး လုပ်ငန်းတွေကို လုပ်ဆောင်နေပေမယ့် လက်တွေ့ အသုံးပြုနေကြတဲ့ ပြည်သူတွေက လိုက်နာကျင့်သုံးမှုမရှိရင် ရေရှည်မှာ ဒီသဘာဝရေလျှံဇုန် အရင်းအမြစ်ကြီး ပျောက်ကွယ်သွားနိုင်တဲ့အတွက် တောင်သူတွေ၊ ပြည်သူတွေက သတိပြု သုံးစွဲကြစေလိုပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ရေလျှံဇုန်အတွင်း ရေကို စနစ်တကျဖြင့် အကျိုးရှိစွာ အသုံးပြုနိုင်စေရန် စိုက်ပျိုးရေးသုံး ရေတွင်းများနှင့် မြို့ရွာများရှိ သောက်သုံးရေတွင်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ကွင်းဆင်း စာရင်းကောက်ယူမှုများဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေတွင်းနှင့် သောက်သုံးရေတွင်းပေါင်း ၂၄၂၀ ရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက် ကောက်ယူခဲ့ရာ ရေတွင်းပေါင်း ၂၈၇၀ အထိရှိခဲ့ကြောင်း သိရသည်။



ရေလျှံဇုန်အတွင်းမှ အမြဲရေဖွင့်ထားသော ရေလျှံတွင်းတစ်တွင်း

ယင်းမာပင်ခရိုင်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနပိုင် ရေလျှံတွင်း ၄၅၀ နှင့်အတူ ပုဂ္ဂလိက သောက်သုံးရေတွင်း ၁၄၉၀ နှင့် စိုက်ပျိုးရေအဖြစ် အသုံးပြုသည့်ရေတွင်း ၁၄၅၀၊ စုစုပေါင်း ၃၃၉၀ တွင်းရှိနေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က သောက်သုံးရေတွင်း ၁၃၆၉ တွင်းနှင့် စိုက်ပျိုးရေအတွက် အသုံးပြုသည့်ရေတွင်း ၁၅၀၁ တွင်း၊ စုစုပေါင်း ၂၈၇၀ ရှိခဲ့၍ ဘဏ္ဍာရေးနှစ်တစ်ခုအတွင်း ရေတွင်း ၅၂၀ တိုးလာခဲ့ကြောင်း ဌာန၏ ကွင်းဆင်းစစ်တမ်းကောက်ယူမှုအရ သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# မန်းချောင်းအတွင်း ရေချိုးသူများ အန္တရာယ်ကင်းစေရန် ရေနစ်ဝဲရှိသည့်နေရာများ၌ သတိပေးစာများချိတ်ထား

**မင်းဘူး ဖေဖော်ဝါရီ ၂**

မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၉ ရက်က စတင်ဖွင့်လှစ်ထားပြီဖြစ်ရာ ပွဲတော်လာပြည်သူများ မန်းချောင်းအတွင်း ရေချိုးဆင်းလျှင် အန္တရာယ်ကင်းစေရန်အတွက် ရေနစ်ဝဲရှိသည့် နေရာများ၌ သတိပေးစာများချိတ်ဆွဲထားကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ရေနစ်ဝဲများရှိသည့် နေရာများဖြစ်သော ဆင်သေဝဲ၊ ကျောက်လက်မောင်းဝဲ၊ တရုတ်ဝဲနှင့် လှေတင်ဝဲစသည့် အန္တရာယ်ရှိသော နေရာလေးခုကို ဝါးကပ်များဖြင့် ခြံခတ်ပိတ်ကာ အထူးသတိပေးစာများ ချိတ်ဆွဲထားခြင်းဖြစ်သည်။




နှစ်စဉ် ရေနစ်သေဆုံးမှု အများဆုံးဖြစ်လေ့ရှိသည့် တရုတ်ဝဲနေရာ၌ သတိပေးစာများ ချိတ်ဆွဲထားစဉ်

"တရုတ်ဝဲရဲ့ ရေအနက်က ခန့်မှန်း ပေ ၃၀ လောက် နက်တယ်။ နှစ်စဉ် အများဆုံး ရေနစ်သေဆုံးလေ့ရှိတဲ့နေရာပါ။ ဆင်သေဝဲ၊ ကျောက်လက်မောင်းဝဲနဲ့ တရုတ်ဝဲ နေရာသုံးခုက ပွဲတော်ဝင်းအတွင်းမှာ ရှိတယ်။ လှေတင်ဝဲကတော့ ဘုရားပွဲတော်ဝင်းရဲ့ အပြင်ဘက် လှေတင်တံတားအောက်မှာ ရှိပါတယ်။ ဘုရားဖူးလာ ပြည်သူများအနေနဲ့ အထူးသတိပေးစာများ ကပ်ထားတဲ့ ဝါးကပ်ခြံအတွင်း ဝင်ရောက်ရေမချိုးမိအောင် အထူးသတိထားရမှာပါ"ဟု ပွဲတော်ကျင်းပရာနေရာအနီးရှိ ဘုရားကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးကြည်လွင်က ပြောသည်။

ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးကလည်း ပွဲတော်ကျင်းပနေစဉ်အတွင်း ဘုရားဖူးများ၏ လုံခြုံရေးအတွက် အရပ်သားလုံခြုံရေး ၃၀ ကို ခန့်ထားပြီး ရဲတပ်ဖွဲ့ဝင် အင်အား ၁၂၀ ကလည်း တာဝန်ယူပေးထားကြောင်း၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်စခန်းကြီးတစ်ခုလည်း တည်ဆောက်ထားပြီး ဒိုင်းရှင်းစက်များကို ချောင်းစပ်များ၌ အသင့်ချထားကြောင်း၊ ဈေးသည်များပါဝင်သည့် ဈေးကော်မတီနှင့် ပရဟိတအဖွဲ့များ၏ ကူညီမှုဖြင့် လူနာတင်ယာဉ်လေးစီးကိုလည်း အဆင်သင့်ထားရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ၆၈ ရက်ကြာ ကျင်းပခဲ့ပြီး ယခုနှစ်တွင် ဇန်နဝါရီ ၂၉ ရက်မှ ဧပြီ ၁၇ ရက်အထိ ရက်ပေါင်း ၈၀ ကြာ ကျင်းပမည်ဖြစ်သည်။ **ဇေယျာတု(မကွေး)**

# လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်း ပူတာအိုခရိုင်၌ ဖွင့်မည်

**ပူတာအို ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Beam Education Foundation တို့ ပူးပေါင်း၍ ပထမအကြိမ် လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖေဖော်ဝါရီ ၃ ရက်မှစ၍ ပူတာအိုမြို့ နည်းပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သွားမည်ဟု သိရသည်။

ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ပူတာအိုဒေသရှိ ပြည်သူများ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ဒေသထွက် သီးနှံများနှင့် မြေပဲ၊ ပြောင်း၊ ဂျုံများကို နည်းပညာဖြင့် တာရှည်ခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် စနစ်တကျ ထုတ်လုပ်ပြီး ဒေသတွင်းမှသည် ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရန် ရည်ရွယ်လျက် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကာ စာတွေ့လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်မောင်းက ပြောသည်။

အလားတူ ရေခဲတောင်ဒေသမှ ထွက်ရှိသည့် သစ်ဥ၊ သစ်ဖု၊ သစ်မြစ်နှင့် သစ်ရွက်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များကို နည်းပညာဖြင့် စနစ်တကျ ထုတ်လုပ်ပြီး ဒေသတွင်းမှသည် ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက်လည်း သင်တန်း၌ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းပညာ သင်တန်းတွင် သင်တန်းသား ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိဖြစ်ကြောင်း၊ လူသုံးကုန်၊ အလှကုန် ထုတ်လုပ်နည်းပညာ သင်တန်းတွင် သင်တန်းသား ၂၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိဖြစ်ကြောင်း၊ အဆိုပါ သင်တန်းများသို့ ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်း မြို့နယ်များမှ သင်တန်းသားများ တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

# ဖောငမြောင်တောင် ဘက်စုံကာကွယ်နှိမ်နင်းရေးနှင့် ဟော်မုန်းထောင်ချောက် အသုံးပြုခြင်း သင်တန်းဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖောငမြောင်တောင် ဘက်စုံကာကွယ်နှိမ်နင်းရေးနှင့် ဟော်မုန်းထောင်ချောက် အသုံးပြုခြင်း အသိပညာပေး သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။




ဖော ငမြောင်တောင် ဘက်စုံ ကာကွယ်နှိမ်နင်းရေးသင်တန်း ဖွင့်လှစ်ပို့ချနေစဉ်

"မနှစ်က ဖောငမြောင်တောင်ပိုး ကျရောက်စဉ်က နှိမ်နင်းရေးအခြေအနေ အားနည်းချက် အားသာချက်တွေကို သင်ခန်းစာယူပြီး အခုနှစ်မှာ ပိုးကျရောက်မှုကို ဘက်စုံကာကွယ်ရေးနည်းလမ်း အသုံးပြု နှိမ်နင်းခြင်းအပြင် ဟော်မုန်းထောင်ချောက်နဲ့ ပိုးကျရောက်မှုအခြေအနေကို စောင့်ကြည့်နိုင်ဖို့၊ နောက်ပြီး စိုက်ပျိုးရေးဝန်ထမ်းများအနေနဲ့ ပိုးရဲ့ ရာသီစက်ဝန်းကို လေ့လာဖို့လိုသလို ဘယ်ကာလမှာ ကျရောက်ရင် ဘယ်လိုနည်းလမ်းနဲ့ နှိမ်နင်းရမလဲဆိုတဲ့ အသိပညာဗဟုသုတ ရရှိစေဖို့ အခုသင်တန်းကို ဖွင့်လှစ်ပေးတာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

သင်တန်းကာလ နှစ်ရက် ကြာမြင့်မည့် အဆိုပါသင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးများမှ သီးနှံကာကွယ်ရေးတာဝန်ခံ ၁၀ ဦးနှင့် စိုက်ပျိုးရေးဝန်ထမ်း ၇၀ တို့အား သင်ကြားပို့ချသွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ်က အစေ့ထုတ်ပြောင်း ၄၀၁၉ ဧက၌ ငမြောင်တောင်ပိုး ကျရောက်ခဲ့ပြီး ယခုနှစ်တွင် ဇန်နဝါရီ ၃၁ ရက်အထိ ကန့်ဘလူမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်တို့မှ အစေ့ထုတ်ပြောင်း ၉၂ ဧက၌ ပိုးများကျရောက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(တိုင်းဒေသကြီး သီးနှံကာကွယ်ရေး)၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# Excellent Fortune ဖောင်ဒေးရှင်းက ပရဟိတ ပညာဒါနကျောင်းသို့ ကျပ်သိန်း ၂၀၀ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြောက်ဒဂုံမြို့နယ်ရှိ ကောင်းကင်ခေတ် ပရဟိတ ပညာဒါနကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေ ကျပ်သိန်း ၂၀၀ ကို Excellent Fortune ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းက ဖေဖော်ဝါရီ ၂ ရက်က လှူဒါန်းခဲ့သည်။

ကျောင်းတာဝန်ခံ ဦးစောသက်ထွန်း(ခ)ကိုစောက "လူငယ်တွေအတွက် အသုံးဝင်မယ့် အင်္ဂလိပ်စာနဲ့ စကားပြော၊ ကွန်ပျူတာတို့ကို သင်ကြားပေးဖို့ ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် မတ်လမှာ စတင်တည်ထောင်ခဲ့တာပါ၊ အခုဖွင့်လှစ်တဲ့ ကျောင်းနေရာက ငှားထားတာပါ၊ လက်ရှိနေရာနဲ့ ကျောင်းသား ကျောင်းသူအချိုး မမျှတတဲ့အတွက် တွံတေး-ဒလ-လှိုင်သာယာ ကံဘဲ့လမ်းဆုံမှာ မြေတစ်ကေခန့် ဝယ်ယူထားပြီး ဦးကံသိန်း ဦးဆောင်တဲ့ အင်ဂျင်နီယာဂရု(ပ်)က သိန်း ၃၀၀ နဲ့ ဓမ္မသီရိဆရာတော်ကြီးက သိန်း ၅၀ စသဖြင့် လှူဒါန်းထားပါတယ်၊ အခု Excellent Fortune Foundation က ကျပ်သိန်း ၂၀၀ လှူဒါန်းပေးတဲ့အတွက် ပေ ၁၀၀၊ ပေ ၆၀ နှစ်ထပ်ဆောင် အမြန်ဆုံးပြီးမြောက်ဖို့ လမ်းစတစ်ခုရလာတာပေါ့၊ အဲဒီအတွက် ကိုစိုင်းမျိုးဝင်းရဲ့ဖောင်ဒေးရှင်းကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ကောင်းကင်ခေတ် ပရဟိတကျောင်းသည် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပညာသင်ယူလိုသူများအတွက် သင်တန်းအပတ်စဉ် တစ်ခုကို ခုနှစ်လကြာ ဖွင့်လှစ်၍ ကျောင်းအိပ်ကျောင်းစားထားကာ ပညာဒါနပြု သင်ကြားပေးနေခြင်းဖြစ်ပြီး လက်ရှိဖွင့်လှစ်နေသည့် သင်တန်းအပတ်စဉ်(၉)တွင် ကျောင်းသားကျောင်းသူ ၅၆ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ကိုလင်း**

# World Robot Games Myanmar 2020 ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂**
Clash of Robot Myanmar နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA) တို့ ပူးပေါင်း၍ ပထမဆုံးအကြိမ် World Robot Games Myanmar 2020 ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂၅ နှင့် ၂၆ ရက်က MICT Park ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အငယ်တန်းအတွက် Line–Tracing ပြိုင်ပွဲ၊ အကြီးတန်းအတွက် Rugby Robot ပြိုင်ပွဲနှင့် On–Water Robot ပြိုင်ပွဲများကို ကျင်းပခဲ့ရာ Line–Tracing ပြိုင်ပွဲတွင် ၁၇ ဖွဲ့၊ Rugby ပြိုင်ပွဲတွင် ၁၂ ဖွဲ့နှင့် On–Water Robot ပြိုင်ပွဲတွင် ၁၇ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ Line–Tracing ပြိုင်ပွဲတွင် ပထမဆုကို Auto Bot အဖွဲ့၊ ဒုတိယဆုကို Magic Youth အဖွဲ့နှင့် တတိယဆုကို ibot အဖွဲ့ကလည်းကောင်း၊ Rugby Robot ပြိုင်ပွဲတွင် ပထမဆုကို Team Venom နှင့် ဒုတိယဆုကို Team Anubis ကလည်းကောင်း၊ On–Water Robot ပြိုင်ပွဲတွင် ပထမဆုကို Robo Dream အဖွဲ့နှင့် ဒုတိယဆုကို PRIME အဖွဲ့တို့ကလည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲ၏ ဆုပေးပွဲနှင့် ညစာစားပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်အမှာစကားပြောကြားခဲ့ပြီး World Robot Games Myanmar 2020 ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းထွန်းက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပြိုင်ပွဲအကြောင်း ရှင်းလင်းပြောကြားကာ အနိုင်ရရှိသည့်အဖွဲ့များအား ဆုများနှင့် Performance Award ဆုရရှိသူများအတွက် ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**သူရဖြိုး၊ ဓာတ်ပုံ – Clash of Robot Myanmar**

# MPT Money မိုဘိုင်းငွေကြေး ဝန်ဆောင်မှုသစ်ကို MPT က စတင် ဝန်ဆောင်မှုပေးထား

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ပြည်သူများအား ပိုမိုကောင်းမွန် ပြည့်စုံသည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်နှင့် ယုံကြည်စိတ်ချရပြီး ဆန်းသစ်တီထွင်မှုရှိသော ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုများကို သက်သာသော နှုန်းထားများနှင့် ပေးအပ်ခြင်းဖြင့် လူတိုင်းလက်လှမ်းမီ ပါဝင်နိုင်စေရန် ရည်ရွယ်လျက် ဆက်သွယ်ရေးအော်ပရေတာ MPT က MPT Money မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို ဇန်နဝါရီ ၂၈ ရက်က စတင်ပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။

သုံးစွဲသူများအတွက် ရိုးရှင်းလွယ်ကူစေမည့် MPT Money ၏ နည်းပညာအရ အီလက်ထရောနစ်စနစ်သုံး ငွေကြေးလွှဲပြောင်းပေးခြင်းနှင့် ငွေပေးချေခြင်းဆိုင်ရာ လုပ်ဆောင်ချက်များဖြစ်သည့် OTC (နှစ်ဦးနှစ်ဖက် တိုက်ရိုက် ငွေလွှဲပြောင်းခြင်း)၊ Mobile Wallet ဖြင့် ငွေပေးချေခြင်း၊ MPT နှင့်အခြားသော အော်ပရေတာများသို့ ဖုန်းငွေဖြည့်သွင်းခြင်းနှင့် ငွေတောင်းခံလွှာများ ပေးချေခြင်းတို့အပြင် အခြားသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို သုံးစွဲသူများနှင့် ရောင်းချသူများအကြား အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဟု သိရသည်။

MPT Money ဝန်ဆောင်မှုကို MPT ဆင်းကတ် သုံးစွဲနေသူများသာမက အခြားအော်ပရေတာများ၏ ဆင်းကတ်များကို အသုံးပြုသူများအနေဖြင့်လည်း ကိုယ်ပိုင်အကောင့်များဖြင့် မှတ်ပုံတင်ပြီး အသုံးပြုနိုင်မည်ဖြစ်သည်။ လက်ရှိတွင် MPT Money သုံးစွဲသူများအနေဖြင့် ငွေကြေးလွှဲပြောင်းမှုများ၊ ဖုန်း ငွေဖြည့်ခြင်းများ သို့မဟုတ် အငှားယာဉ်များနှင့် ရန်ကုန်မြို့ရှိ အချို့နေရာများမှ အီလက်ထရွန်းနစ် ငွေပေးချေမှုများတွင် အဆင်ပြေ လွယ်ကူစွာ ဆောင်ရွက်နိုင်ကြပြီဖြစ်ကာ MPT Money ဝန်ဆောင်မှုတွင် နှစ်ထပ်ကွမ်း လုံခြုံရေးအစီအစဉ်အဖြစ် OTC စနစ်ဖြင့် ငွေလွှဲပြောင်းခြင်းကို ဆောင်ရွက်နိုင်ခြင်းကြောင့် ပိုမိုလုံခြုံစေမည်ဖြစ်ကြောင်း သိရသည်။

စတင် ဝန်ဆောင်မှုပေးချိန်တွင် သုံးစွဲသူများ အဆင်ပြေ လွယ်ကူစေရန်အတွက် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၂၇၅ ခု၌ အေးဂျင့်ပေါင်း ၂၅၀၀၀ ကျော်ရှိသည့် ကွန်ရက်ဖြင့် MPT Money ငွေကြေးဝန်ဆောင်မှုများကို ပေးအပ်နေပြီး မကြာမီကာလအတွင်း လက်ရှိ အေးဂျင့်ကွန်ရက်ကို နှစ်ဆအထိ တိုးမြှင့်သွားနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

"မိုဘိုင်း ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေကို ဆောင်ရွက်ရခြင်းဟာ ငွေရေးကြေးရေးကဏ္ဍမှာ ဝန်ဆောင်မှုတွေကို တိုးတက်ပေးစွမ်းနိုင်ဖို့နဲ့ ငွေသားကိုင်တွယ်သုံးစွဲဖို့မလိုတဲ့ လူမှုအဖွဲ့အစည်း(Cashless Society) တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ ဒစ်ဂျစ်တယ် ငွေကြေးလွှဲပြောင်းတဲ့ ဝန်ဆောင်မှုတွေကို လူတိုင်း နေရာတိုင်းမှာ လက်လှမ်းမီနိုင်ပြီး လုံခြုံ စိတ်ချရတဲ့ မိုဘိုင်း ငွေကြေးလွှဲပြောင်းမှုတစ်ခုအဖြစ် အထူးအလေးပေး သုံးစွဲနိုင်စေဖို့ ဖြစ်ပါတယ်။ Mobile Wallet ဝန်ဆောင်မှုကို သုံးစွဲသူတွေနဲ့ ချိတ်ဆက်ပေးလိုက်ခြင်းအားဖြင့် သန်းပေါင်းများစွာသော မြန်မာနိုင်ငံသားတွေအနေနဲ့ ငွေကြေးဝန်ဆောင်မှုကို လက်လှမ်းမီလာပြီး စီးပွားရေးလုပ်ငန်းတွေ တိုးတက်ဆောင်ရွက်နိုင်မယ့်အပြင် လူနေမှုအဆင့်အတန်းကိုလည်း ပိုမို တိုးတက်ကောင်းမွန်လာစေဖို့ ရည်ရွယ်ထားပါတယ်။ MPT Money ရဲ့ အကျိုးကျေးဇူးတွေကြောင့် မဝေးတော့တဲ့ အနာဂတ်မှာ ငွေတောင်းခံလွှာတွေ ပေးဆောင်တဲ့ ကိစ္စတွေ ဒါမှမဟုတ် ပင်စင်လစာရဖို့ တန်းစီ စောင့်ဆိုင်းရတာတွေကို ရှောင်ရှားနိုင်တော့မှာဖြစ်ပါတယ်"ဟု MPT Money ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြင့်က ပြောကြားသည်။

လက်ရှိအချိန်တွင် MPT Money ဝန်ဆောင်မှု စတင်သည့် ပရိုမိုးရှင်းအစီအစဉ်အဖြစ် ၁၀၀ ရာခိုင်နှုန်းအပြည့် ငွေလွှဲခပြန်လည်ပေးအပ်သည့် cash–back စနစ်ဖြင့် အသုံးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ ငွေလွှဲခပြန်အမ်းသည့် ပရိုမိုးရှင်း အစီအစဉ်သည် သုံးစွဲသူများက အေးဂျင့်ဆိုင်များတွင် ဆောင်ရွက်သည့် ငွေလွှဲပြောင်းမှု အားလုံးအတွက် အကျုံးဝင်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် Mobile Wallet အကောင့်ဖွင့်ထားရန် လိုအပ်ပြီး ပြန်အမ်းငွေကို ပေးပို့သူ၏ Mobile Wallet အကောင့်သို့ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT Money ဝန်ဆောင်မှုကို သုံးစွဲမည့်သူများအနေဖြင့် အန်းဒရွိုက် မိုဘိုင်းအက်ပလီကေးရှင်းကို http://bit.ly/2SvVZ5x မှတစ်ဆင့်လည်းကောင်း၊ iOS အက်ပလီကေးရှင်းကို https://apple.co/2IFITD6 မှတစ်ဆင့်လည်းကောင်း ဒေါင်းလုပ်ရယူကာ ဆက်လက် အသုံးပြုနိုင်မည်ဖြစ်သည်။ MPT Money နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ပိုမိုသိရှိလိုပါက နံပါတ် ၉၉၀ သို့ ဆက်သွယ်ခေါ်ဆိုနိုင်ပြီး MPT Money ၏ ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သည့် https://web.facebook.com/MPTMoneyOfficial တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည်။

**သူရဖြိုး**

# ကိုရိုနာဗိုင်းရပ်စ်အမည်ဖြင့် Spyware ဖြန့်မှုရှိနေ၍ mmCERT က သတိပေးထား

**ရန်ကုန် ဖေဖော်ဝါရီ ၂**
လူအများကြား စိတ်ဝင်စားမှု မြင့်တက်နေသော ဝူဟန် ကိုရိုနာဗိုင်းရပ်စ်အမည်ကို အသုံးချ၍ ကွန်ပျူတာအသုံးပြုသူများ၏ အကောင့်များကို ခိုးယူရန်နှင့် Spyware များ ဖြန့်ဖြူးရန် ကြိုးစားနေသည့် Phishing Scam အီးမေးလ်ပေးပို့မှုများ ရှိနေသဖြင့် ယင်းနှင့်ပတ်သက်ပြီး သတိပေးချက်တစ်ခုကို မြန်မာနိုင်ငံ ကွန်ပျူတာ အရေးပေါ် တုံ့ပြန်ရေးအဖွဲ့(mmCERT)က ဖေဖော်ဝါရီ ၁ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် "ဆိုက်ဘာလုံခြုံရေးကုမ္ပဏီ Mimecast က ရှာဖွေတွေ့ရှိထားသည့် 'Singapore Specialist: Coronavirus Safety Measure' အမည်ဖြင့် အီးမေးလ်တစ်စောင်တွင် အဖျက်အမှောင့် လုပ်ဆောင်ချက်များပါသော Link များနှင့် PDF ဖိုင်များပါရှိပြီး Wuhan coronavirus ကူးစက်ခြင်းမှ မိမိကိုယ်ကို မည်သို့ ကာကွယ်ရမည်ဆိုသည့် အချက်ဖြင့် ဗိုင်းရပ်စ်နှင့်ပတ်သက်၍ လူများ၏ စိုးရိမ်ကြောင့်ကြမှုကို အသုံးချ၍ မသမာသူများက အီးမေးလ်ကမ်ပိန်းများ ပြုလုပ်ကာ ကွန်ပျူတာသုံးစွဲသူများ၏ အကောင့်များကို ခိုးယူရန်ကြိုးစားခြင်း၊ Spyware များ ဖြန့်ရန် ကြိုးစားခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အလားတူ အီးမေးလ်မျိုး ရရှိပြီး မသင်္ကာဖွယ်ရာ Link များနှင့် Attachment ဖိုင်များ ပါရှိလာပါက ဖွင့်မကြည့်ကြရန်နှင့် မိမိတို့၏ Antivirus ဆော့ဖ်ဝဲများကို နောက်ဆုံးအခြေအနေအထိ Update ပြုလုပ်ထားရန် သတိပေးနှိုးဆော်ကြောင်း"ဖော်ပြထားသည်။

mmCERT မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထိုက်က "အခုဆို ဝူဟန်နဲ့ပတ်သက်ပြီး လူတွေ အထိတ်တလန့်ဖြစ်နေကြတယ်၊ ဘယ်လိုကာကွယ်ရမလဲ၊ ကူးစက်ခံရရင် ဘယ်လိုလုပ်မလဲဆိုတာကို လူတွေက အလွန်သိချင်နေကြတယ်၊ ကိုယ့်ရဲ့ခင်ရာဆွေမျိုး၊ နီးစပ်ရာသူငယ်ချင်းတွေကို ပြောပြချင်နေကြတယ်၊ ရှယ်ပေးချင်ကြတယ်၊ ဒါကို အခွင့်အကောင်းယူပြီး Hacker တွေက ဒီလိုလူတွေဆီ ပစ်မှတ်ထားတိုက်ခိုက်တဲ့ အီးမေးလ်တွေ ပို့ကြတယ်၊ ဒီမေးလ်တွေထဲမှာ ကိုယ်သိချင်အောင် ဆွတဲ့စာသားအချို့ ထည့်ပေးထားပြီး ပိုသိချင်ရင် ဒီ PDF ဖိုင်ကိုနှိပ်ပါ စသဖြင့် ပါတယ်။ သိချင်လို့ နှိပ်တဲ့အခါ အဲဒီလင့်နောက်မှာ ပုန်းနေတဲ့၊ ဖုံးထားတဲ့ (Embed လုပ်ထားတဲ့)လင့်ကို နှိပ်မိရင် ကိုယ့်ဆီက login credential တွေ ပါသွားတာမျိုး၊ Spyware တွေ ကိုယ့်စက်မှာ အတင်ခံရတာမျိုးနဲ့ Ransomware တိုက်ခိုက်ခံရတာမျိုးတွေ ဖြစ်နိုင်ပါတယ်၊ အဲဒီလို အီးမေးလ်တွေ မြန်မာပြည်သူတွေဆီကို ရောက်လာနေပြီလို့ ထင်ပါတယ်၊ ဒါပေမယ့် ရောက်ရှိကြောင်း ကျွန်တော်တို့ဆီ တိုင်ကြားတာမျိုးမရှိတော့ ဘယ်လောက် ရောက်ရှိနေပြီလဲဆိုတာကိုတော့ မပြောနိုင်ပါဘူး"ဟု ပြောသည်။

"Antivirus တွေကို ပုံမှန် update လုပ်ပြီး (ဘယ်တော့မှ မပိတ်ခဲ့ဘူးဆိုရင်) Malicious Site တွေကို တားဆီးနိုင်ပါတယ်၊ ခုနောက်ပိုင်း အရမ်းကောင်းတဲ့ Anirvirus တွေက Signature Based နဲ့ malware တွေကို ရှာတာ မဟုတ်ဘူး၊ Behavior Based ကို အခြေခံတာဆိုတော့ antivirus update ဖြစ်ရင်တော့ malware တော်တော်များများကို နိုင်ပါတယ်။ မသိရင် မဖွင့်ကြည့်တာကတော့ ပိုစိတ်ချရတယ်၊ ဒါပေမယ့်လည်း လူတွေကတော့ ဖွင့်ကြည့်ကြမှာပဲ၊ သာမန်အချိန်ဆိုရင် ဖွင့်ကြည့်ဖြစ်ချင်မှ ကြည့်ဖြစ်မယ်၊ ခုက လူတွေရဲ့အသက်ကို ထိခိုက်နိုင်တယ်ဆိုတော့ ကျန်တဲ့ကိစ္စကို ဂရုစိုက်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်တို့က ဒီလို သတိပေးရခြင်းဖြစ်ပါတယ်"ဟုလည်း ဦးမျိုးမြင့်ထိုက်က ဆက်ပြောသည်။

"မြန်မာ ဖေ့စ်ဘုတ် Page တွေ တော်တော်များများက ဝူဟန်နဲ့ ပတ်သက်တဲ့ လုပ်ကြံသတင်းတွေကိုတင်ပြီး Page Like များအောင်နဲ့ Facebook Instant Article တွေကနေ ငွေများများဝင်အောင်၊ စီးပွားရေးသမားများကလည်း Mask တွေ ဈေးတက်အောင် မသမာတဲ့နည်းလမ်းတွေ အသုံးပြုနေသလို Attacker များကလည်း အီးမေးလ်တွေကတစ်ဆင့် ကွန်ပျူတာ အသုံးပြုသူတွေကို တိုက်ခိုက်ဖို့ ကြိုးစားနေကြတာကြောင့် အထူး သတိပြုကြဖို့ တိုက်တွန်းလိုပါတယ်"ဟုလည်း ဦးမျိုးမြင့်ထိုက်က ၎င်း၏ ဖေ့စ်ဘုတ်တွင် ရေးသားထားသည်။

**သူရဖြိုး**

# အူရီဒူးနှင့် Facebook ပူးပေါင်း၍ ဒစ်ဂျစ်တယ် ဗဟုသုတတိုးပွားရေးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂**
နိုင်ငံတစ်ဝန်း၌ ဒစ်ဂျစ်တယ် ဗဟုသုတတိုးပွားရေး အစီအစဉ် "Internet 101" ကို အရှိန်မြှင့် တိုးချဲ့လုပ်ဆောင်သည့်အနေဖြင့် အူရီဒူးမြန်မာနှင့် Facebook တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း သင်တန်းပို့ချသူများ ပါဝင်သည့် ဗန်ကားနှစ်စီးကို နိုင်ငံတစ်ဝန်းရှိ မြို့ပြနှင့်ဝေးကွာသော နေရာဒေသများသို့ စေလွှတ်၍ ပြည်သူများအား အင်တာနက်အသုံးပြုမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် အင်တာနက်ကို ဘေးကင်းလုံခြုံစွာ၊ တာဝန်သိစွာ အသုံးပြုနိုင်မည့် အသိပညာများကို မျှဝေပို့ချခဲ့ကြောင်း သိရသည်။

၂၀၁၉ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း "Internet 101" သင်ကြားရေးကား နှစ်စီးသည် လှည်းကူး၊ တိုက်ကြီး၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ ကော့မှူး၊ ဒလ၊ ထန်းတပင်၊ တွံတေး၊ ကွမ်းခြံကုန်း၊ ဥတို၊ ကျောက်တန်း၊ ဖောင်ကြီး၊ ရွှေပြည်သာ၊ ပဲခူး၊ ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံ၊ ဆတ်သွားတော၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မလှိုင်၊ ရမည်းသင်း၊ မြင်းခြံနှင့် တောင်သာ စုစုပေါင်း ၂၆ မြို့နယ်သို့သွားရောက်၍ မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုသူများ သိသင့်သိထိုက်သော ဒစ်ဂျစ်တယ် ဗဟုသုတများကို သွားရောက်ပို့ချခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုမှု တိုးတက်လာတာနဲ့အမျှ ပြည်သူလူထုအနေနဲ့ အင်တာနက်ကို အသုံးပြုတဲ့နေရာမှာ အကောင်းဆုံး အခွင့်အလမ်းတွေကို ရယူနိုင်စေဖို့နဲ့ မလိုလားအပ်တဲ့ နောက်ဆက်တွဲ ပြဿနာတွေကို ရှောင်ရှားနိုင်ဖို့အတွက် လုံခြုံစိတ်ချစွာနဲ့ တာဝန်သိစွာ အသုံးပြုတတ်ဖို့ကလည်း တကယ်ကို အရေးပါလာပါတယ်။ ဒါကြောင့် အူရီဒူးအနေနဲ့ Facebook နဲ့ ပူးပေါင်းပြီး အင်တာနက်အသုံးပြုတဲ့အခါ သိရှိထားသင့်တဲ့ အခြေခံဗဟုသုတတွေကို ပြည်သူလူထုတွေထံ မျှဝေပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဒီ Internet 101 အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုလို Internet 101 အစီအစဉ်ကနေ ဒီလိုသင်တန်းတွေ အောင်မြင်စွာ ပို့ချပေးနိုင်နေတဲ့အတွက် တကယ်ကို ဝမ်းမြောက်မိပြီး လာမယ့်နှစ်တွေမှာလည်း ပိုမိုများပြားတဲ့ ပြည်သူလူထုတွေဆီကို သင်တန်းတွေ ဆက်လက်မျှဝေ ပို့ချသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒစ်ဂျစ်တယ် ဗဟုသုတ တိုးပွားရေးအစီအစဉ် Internet 101 ကို အူရီဒူးမြန်မာနှင့် Facebook တို့ ပူးပေါင်း၍ ၂၀၁၉ ဇွန်လမှစတင်ကာ နိုင်ငံတစ်ဝန်း၌ ဆောင်ရွက်ခဲ့ရာ Facebook အနေဖြင့် အဆိုပါ အစီအစဉ်အတွက် စတင် အကောင်အထည်ဖော်သူအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး အူရီဒူးမြန်မာအနေဖြင့် နိုင်ငံတစ်ဝန်းတွင် အင်တာနက် ပညာရေးအစီအစဉ်များ ပို့ချပေးသူအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းများကို စက်တင်ဘာလအထိ နိုင်ငံတစ်ဝန်းလုံးရှိ အူရီဒူးအရောင်းဆိုင်များ၌ ပို့ချခဲ့ရာ စက်တင်ဘာ လကုန်အထိ သင်တန်းသားပေါင်း သုံးသိန်းကျော်အား သင်တန်းများ အောင်မြင်စွာ ပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

**သူရဖြိုး**




အူရီဒူး၏ Internet 101 သင်ကြားရေးကားဖြင့် ကျေးရွာတစ်ရွာ၌ ပြည်သူများအား ပညာပေးပို့ချနေစဉ်

## ၂၀၁၈ခုနှစ် ဩဂုတ်လနှင့်နိုဝင်ဘာလတွင် ကျင်းပခဲ့သော အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ် (Recruitment Point System) ကိုရီးယား ဘာသာအရည်အချင်းစစ်စာမေးပွဲ EPS–TOPIK (၁၂)ကြိမ်မြောက်(ကုန်ထုတ်၊ ဆောက်လုပ်ရေး)လုပ်ငန်းဖြေဆိုအောင်မြင်ပြီး အလုပ်ခေါ်စာစောင့်ဆိုင်းနေသူများအတွက် သက်တမ်းတိုးရန် အသိပေးကြေညာချက်

၁။ ကိုရီးယားသမ္မတနိုင်ငံရှိ(ကုန်ထုတ်၊ ဆောက်လုပ်ရေး) လုပ်ငန်းတို့၌ ပေါ်ပေါက်မည့် အလုပ်အကိုင်များအတွက် ၂၀၁၈ခုနှစ် ဩဂုတ်လနှင့်နိုဝင်ဘာလတို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်(Recruitment Point System) ကိုရီးယားဘာသာအရည်အချင်းစစ်(EPS–TOPIK)စနစ်ဖြင့် စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ကြသူများအနက် အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများ၏ တန်းစီဇယားသည် (၁)နှစ်ပြည့်ခဲ့ ပြီးဖြစ်ပါသည်။ အဆိုပါအလုပ်လျှောက်ထားသူများအနက် အလုပ်ခေါ်စာမရရှိသေးသူများသည် ကျန်ရှိသော စာမေးပွဲသက်တမ်းကာလဖြစ်သည့် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလအထိ ကာလအတွက် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်ပါသည်။

၂။ သို့ပါ၍ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်(Recruitment Point System)ကိုရီးယားဘာသာအရည်အချင်းစစ်(EPS–TOPIK)စာမေးပွဲအောင်မြင်ပြီး အလုပ်ခေါ်စာ စောင့်ဆိုင်းနေသူများ၊ လျှောက်လွှာစတင်စဉ်က ဆေးမအောင်ခဲ့သူများနှင့် အကြောင်းကြောင်းကြောင့် လျှောက်လွှာမတင်ဖြစ်ခဲ့သူများသည် EPS စနစ်အရ ထပ်မံ၍ အလုပ်လျှောက်လွှာတင်သွင်းရန်အတွက် အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးသို့ ၁၀-၂-၂၀၂၀ရက်မှ ၂၈-၂-၂၀၂၀ရက်အထိ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ပါရန်နှင့် ဖော်ပြပါလိပ်စာတွင် လျှောက်လွှာများထုတ်ပေးခြင်း/လက်ခံခြင်းများကို အောက်ပါအစီအစဉ်အတိုင်း နေ့စဉ်နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀နာရီထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်–

**(က) အလုပ်လျှောက်လွှာထုတ်ပေးမည့်ရက်**

**ကုန်ထုတ်လုပ်ငန်း**

| | | | |
|---|---|---|---|
| ၁၀-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၆၉၇၃ မှ ၅၀၁၅၂၀၀၆ ထိ | (နံနက် ၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) |
| ॥ | - | ခုံနံပါတ် ၅၀၁၃၄၈၆၄ မှ ၅၀၁၃၆၉၇၂ ထိ | (မွန်းလွဲ ၁၂:၃၀နာရီမှ ၁၆:၃၀ နာရီထိ) |
| ၁၁-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၂၇၁၇ မှ ၅၀၁၃၄၈၆၃ ထိ | (နံနက် ၉:၃၀နာရီမှ ၁၂:၃၀ နာရီထိ) |
| ॥ | - | ခုံနံပါတ် ၅၀၁၃၀၆၉၀ မှ ၅၀၁၃၂၇၁၆ ထိ | (မွန်းလွဲ ၁၂:၃၀နာရီမှ ၁၆:၃၀ နာရီထိ) |
| ၁၃-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၁၇၀၉၅ မှ ၅၀၁၃၀၆၈၇ ထိ | (နံနက် ၉:၃၀နာရီမှ ၁၂:၃၀ နာရီထိ) |
| ॥ | - | ခုံနံပါတ် ၅၀၁၁၃၀၁၀ မှ ၅၀၁၁၇၀၈၉ ထိ | (မွန်းလွဲ ၁၂:၃၀နာရီမှ ၁၆:၃၀ နာရီထိ) |
| ၁၄-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၁၀၄၀၃ မှ ၅၀၁၁၃၀၀၁ ထိ | (နံနက် ၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) |
| ॥ | - | ခုံနံပါတ် ၅၀၁၀၀၀၁၁ မှ ၅၀၁၁၀၄၀၁ ထိ | (မွန်းတည့် ၁၂:၃၀နာရီမှ ၁၆:၃၀နာရီထိ) |

**ဆောက်လုပ်ရေးလုပ်ငန်း**

၁၅-၂-၂၀၂၀ရက် - ခုံနံပါတ် ၅၀၁၀၀၀၂၈ မှ ၅၀၁၅၂၄၁၃ထိ

**(ခ) အလုပ်လျှောက်လွှာလက်ခံမည့်ရက်**

**ကုန်ထုတ်လုပ်ငန်း**

| | | | | |
|---|---|---|---|---|
| ၁၇-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၇၆၇၇ | မှ | ၅၀၁၅၂၀၀၆ ထိ |
| ၁၈-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၅၆၇၉ | မှ | ၅၀၁၃၇၆၇၄ ထိ |
| ၁၉-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၄၁၈၄ | မှ | ၅၀၁၃၅၆၇၈ ထိ |
| ၂၀-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၂၄၂၂ | မှ | ၅၀၁၃၄၁၈၁ ထိ |
| ၂၁-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၃၀၆၉၂ | မှ | ၅၀၁၃၂၄၂၀ ထိ |
| ၂၂-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၁၇၈၈၁ | မှ | ၅၀၁၃၀၆၉၀ ထိ |
| ၂၄-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၁၄၄၉၂ | မှ | ၅၀၁၁၇၈၈၀ ထိ |
| ၂၅-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၁၁၉၆၃ | မှ | ၅၀၁၁၄၄၉၁ ထိ |
| ၂၆-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၀၉၇၀၂ | မှ | ၅၀၁၁၉၅၉ ထိ |
| ၂၇-၂-၂၀၂၀ရက် | - | ခုံနံပါတ် ၅၀၁၀၀၀၁၁ | မှ | ၅၀၁၀၉၇၀၀ ထိ |

**ဆောက်လုပ်ရေးလုပ်ငန်း**

၂၈-၁-၂၀၂၀ရက် - ခုံနံပါတ် ၅၀၁၀၀၀၂၈ မှ ၅၀၁၅၂၄၁၃ ထိ

၃။လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ–

(က) လျှောက်လွှာအားကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့်ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။

(ခ) ဓာတ်ပုံရိုက်ခြင်းအား စာမေးပွဲစစ်ဆေးခဲ့စဉ်က တင်ပြသည့်ပုံ၊ နိုင်ငံကူးလက်မှတ်ပါပုံနှင့် ယခုတင်ပြသည့် ဓာတ်ပုံတို့ ကွဲလွဲမှုမရှိစေရန် သတိပြုရပါမည်။

(ဂ) ကျန်းမာရေးဆေးစစ်ခြင်းအားသတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ–

(က) အလုပ်လျှောက်လွှာတင်ရန်နိုင်ငံကူးလက်မှတ် PJ(Passport for Job)ဖြင့် လက်ခံပါမည်။

(ခ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ (နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး(၁)နှစ်ကျန်ရှိရမည်။)

(ဂ) အလုပ်လျှောက်လွှာနှင့်ဆေးသားကောင်းမွန်သည့် နောက်ခံကာလအဖြူရောင် (3.5cmx4.5cm) ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ

(ဃ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ။

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ

(စ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ(နိုင်ငံကူးလက်မှတ် သက်တမ်းအနည်းဆုံး တစ်နှစ်ကျန်ရှိရမည်။)

(ဆ) ကိုယ်ပိုင်ငွေစာရင်း Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိက ဘဏ်တစ်ခုခုတွင် နိုင်ငံကူးလက်မှတ်ပါအမည်အတိုင်းဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်းစာအုပ်မူရင်း/မိတ္တူပူးတွဲတင်ပြရန်။

(ဇ) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့်မိတ္တူ

(ဈ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ

(ည) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအထောက်အထားရှိက မူရင်းနှင့် မိတ္တူ

(ဋ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ

၅။ အလုပ်လျှောက်လွှာများ ထုတ်ပေးခြင်းနှင့်လက်ခံခြင်းများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ပြုလုပ်ပါမည်။

၆။ အလုပ်လျှောက်လွှာတွင်အချက်အလက်များ၊ တင်ပြသည့်အထောက်အထားများ မှန်ကန်စွာဖြည့်စွက်ဖော်ပြရန်လိုအပ်ပါသည်။ မှားယွင်းစွာဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ တင်ပြလာသည့် လျှောက်လွှာများအား တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါ သည်။

အလုပ်လျှောက်လွှာနှင့် ပတ်သက်၍ သိရှိလိုသောအချက်များရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း–၀၁–၆၆၇၇၅၄၊ ၀၁–၆၅၆၈၄၃**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်ကွက်နေ ဦးကျော်သူဟန် ၅/စကန(နိုင်)၁၅၄၃၁၄နှင့် ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်နေ ဒေါ်ဥမ္မာဇင် ၉/ကပတ(နိုင်)၁၄၇၄၂၃တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ၃၀–၁၂–၂၀၁၈ ရက်တွင် အသိသက်သေများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူဟန်**
**၅/စကန(နိုင်)၁၅၄၃၁၄**
**စစ်ကိုင်းမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်း များကို မြန်မာကျပ်ငွေ ဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၁၉၁/မမ (CE) | တိုင်း(၂) ရွာထောင်<br>ကျွန်းလှနှင့် ပင့်သာကြား မိုင်(၅၀၀/၁၁-၁၂)တွင် ကားလမ်းကူး ဂိတ်စောင့် နေအိမ် (၂)ခန်းတွဲ (၁)လုံး ဆောက်လုပ်ခြင်း (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း) (၈၀၀ စ/ပေ)<br>ကန့်ဘလူ ဘူတာတွင် အင်ဂျင်နီယာဌာန လုပ်သားနေအိမ် (၂)ခန်းတွဲ (၁)လုံး ဆောက်လုပ်ခြင်း (40' x 25') (ထရံကာ၊သွပ်မိုး)<br>ကျွန်းလှဘူတာ တွင် (ရုံပိုင်+ဒုရုံပိုင်) နေအိမ် (၂)ခန်းတွဲ(၁)လုံး (အုတ်တိုက်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း) (၉၆၀ စ/ပေ) (ရေ၊ မီး၊ မိလ္လာ အပါအဝင်) တည်ဆောက် ခြင်း |
| ၂ | ၁၉၂/မမ (CE) | မော်လူးဘူတာတွင် သံလမ်းလုပ်သားများ နေအိမ်အား ဖျက်၍ (၄)ခန်းတွဲ(၁)လုံး တည်ဆောက်ခြင်း (အုတ်တိုက်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း) (၁၂၈၀ စ/ပေ) (ရေ၊ မီး၊ အိမ်သာမိလ္လာကန်အပါအဝင်<br>ဘုံချောင်းဘူတာတွင် ပို့ဆောင်ရေးဝန်ထမ်းနေအိမ် (၂)ခန်းတွဲ(၁)လုံး တည် ဆောက်ခြင်း (အုတ်တိုက်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း) (၉၆၀ စ/ပေ) (ရေ၊ မီး၊ မိလ္လာအပါအဝင်) |
| ၃ | ၁၉၃/မမ (CE) | ရွာထောင်ဒီဇယ်စက်ခေါင်း စက်ရုံ (RTTC) သင်တန်းရုံးခန်း၊ ကွန်ပြူတာ ခန်း၊စာသင်ဆောင်အမိုးနှင့် သုံးထပ်သား မျက်နှာကျက်ပြုပြင်ခြင်း (27' x 144') (3888 Sft)<br>ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံ သင်တန်းကျောင်း အမျိုးသမီးဆောင် (၄)ခန်း တွဲ(၁)လုံး တည်ဆောက် ခြင်း(80' x 24') (အုတ်တိုက်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း) (Apron and Drain အပါ ) |
| ၄ | ၁၉၄/မမ (CE) | ရွှေဘို-မြင်းကသာကြား ရှိ တံတားအမှတ် (၉၅-အေ)(1x2')R/O တံတား အား (1 x6')Span Slab တံတားအဖြစ် ပြန်လည် တည်ဆောက်ခြင်း လုပ်ငန်း |
| ၅ | ၁၉၅/မမ (CE) | အင်းပတ်-မြစ်တော် ကြားရှိတံတားအမှတ် (၃၀၆) (2 x40') Span တံတား ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်း |
| ၆ | ၁၉၆/မမ (CE) | တိုင်း(၆)ရန်ကုန်<br>ဗိုးဖြူကုန်းဘူတာရုံပိုင်ကြီးနေအိမ် တည်ဆောက်ခြင်း (4-Angle အမိုး) ပျဉ်းကတိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ) (၆၀၀ စ/ပေ)<br>ဗိုးဖြူကုန်းဘူတာရုံပိုင်နေအိမ် တည်ဆောက်ခြင်း (အုတ်တိုက်၊ 4-Angle အမိုး၊ကွန်ကရစ်ခင်းခြင်း) (လျှပ်စစ်မီး၊ မိလ္လာကန်၊ ရေကန် အပါ အဝင်) (30' x 24') (720- Sft) |
| ၇ | ၁၉၇/မမ (CE) | ကျောက်တံခါးဘူတာ တပ်ဖွဲ့မှူးနေအိမ် G ပုံစံလုံးချင်း(၁)လုံး ဆောက်လုပ်ခြင်း (၆၀၀ စ/ပေ) (4-Angle အမိုး) ပျဉ်းကတိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ)<br>နောင်ပတ္တရာဘူတာ လမ်းခွဲကိုင်နေအိမ် (ဆိုင်)ပုံစံ(၃)ခန်းတွဲ Brick Pucca (၃၂၀ စ/ပေ)(၁)လုံးဆောက်လုပ်ခြင်း (၉၆၀ စ/ပေ)(ရေ၊ မီး၊ မိလ္လာကန်အပါအဝင်) |
| ၈ | ၁၉၈/မမ (CE) | တိုင်း(၇) ရန်ကုန်<br>ရန်ကုန် -ပြည်လမ်းပိုင်း၊ သနပ်ချောင်း-ဖလုံကြား ရေကျော် ဂိတ်စောင့် နေအိမ် (၂)ခန်းတွဲ(၁)လုံး တည်ဆောက်ခြင်း (၆၄၀ စ/ပေ)(အုတ်တိုက်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း) (ရေ၊ အိမ်သာ၊ မိလ္လာကန်အပါအဝင်) |
| ၉ | ၁၉၉/မမ (CE) | အင်ဂျင်နီယာမှူး(တံတား) မလွှကုန်း တွင် 40' Span Steel Girder (D/T) (1)Nos |
| ၁၀ | ၂၀၀/မမ (CE) | တိုင်း(၈)မော်လမြိုင်<br>သဲဖြူကုန်း- မော်လမြိုင်ကြား၊ တံတားအမှတ် (၁၃၁) နေရာတွင် (3x57' -3") တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်း 2' -6"Ø Bore Pile တူးခြင်း၊ ကမ်းကပ်ခုံ (2)Nos, Pier(2)Nos၊ Slab ခင်းခြင်း (3 x 57' -3x 15' -6") |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၁၄.၂.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၃၁.၁.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၄/စာရေးတန်းရပ်)၊ ဦးပိုင်အမှတ်(၈–င)၊ မြေယာအမှတ်(25/223)၊ ဧရိယာ ဝ.ဒသမဝ၉၅ဧကရှိမြေအား မြေငှားဂရန်အမှုတွဲအမှတ်(၃၁၆/၁၉၉၇–၁၉၉၈) အရ ဒေါ်ဂျာရွှယ်အမည်ဖြင့် ဂရန်ရရှိထားပြီး ၎င်းထံမှမေတ္တာဖြင့် အပိုင်အပေးအကမ်းစာချုပ်အမှတ်(၄/၁၉၉၈)ဖြင့် ဒေါ်ဂျာရွှယ်မှ ဒေါ်ဂျီးဂျန်အမည်ဖြင့် ရရှိခဲ့သော မြေငှားဂရန်အမှုတွဲအမှတ် (၆၂၆/၁၉၉၈–၉၉)ခရိုင်ရုံးမှတ်တမ်းတွင် စာရင်းဝင်ရောက်မှုမရှိသဖြင့် ဒေါ်ဂျီးဂျန်အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ်အား ပယ်ဖျက်ခွင့်ပြုနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့အရှေ့ဘက်မြတ်ရတနာအိမ်ရာစီမံကိန်းကွက်သစ်၊ မြေကွက်အမှတ်(၂၅၀)(၂၅၂)ပေါ်ရှိ မြေနှင့်အဆောက်အအုံအား မူလအမည်ပေါက်ပိုင်ရှင်ထံမှ အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်ရောင်းချပြီး နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ထားသူ ဦးထွန်းထွန်းအောင် ၁၂/သလန(နိုင်)၀၇၆၈၁၄ထံမှ ကျွန်မဒေါ်မိုးမိုးတင် ၁၂/မဂဒ(နိုင်)၀၁၃၀၀၇သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်မိုးမိုးတင်**
**အမှတ်(၆၁)စီ 3၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့**
**ဖုန်း ၀၉–၂၀၁၅၀၁၉၊ ၀၉–၇၈၅၃၂၃၂၄**

## ပတ်စ်ပို့ပျောက်

ကျွန်မမကြည်ကြည်စန်း ၈/ငဖန(နိုင်)၀၃၂၇၄၁၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉–၂၅၄၇၆၂၀၅၁**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအိအိနွယ် ၈/ငဖန(နိုင်)၀၃၀၉၂၅၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉–၂၅၄၇၆၂၀၅၁**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ရဲဝင်း ၈/မကန(နိုင်)၀၀၁၃၂၃၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉–၉၇၅၅၇၁၇၁၅**

## မိဘအမည်မှန်

မကွေးမြို့နယ်၊ အထက(ခွဲ)(ယင်းသာစည်) သတ္တမတန်းမှ မလမင်းချို၏ မိဘအမည်မှန်မှာ ဦးစိုးမင်းလှိုင် ၈/မသန(နိုင်)၀၇၂၀၆၇ နှင့် ဒေါ်ခင်မာချို ၈/မကန(နိုင်)၁၄၅၄၆၂ ဖြစ်ပါကြောင်း။

**ဦးစိုးမင်းလှိုင်–ဒေါ်ခင်မာချို**

## နှစ်ဦးသဘောတူ ကွာရှင်းပြီးကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် ဦးအောင်မြတ်ကျော် ၇/ဇကန(နိုင်)၀၄၉၇၇၄ နှင့် ကျွန်မဒေါ်သဇင် ၇/ဇကန(နိုင်)၀၃၄၅၀၈ တို့သည် ၃၁-၅-၂၀၁၆ ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းပြီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြတ်ကျော်**

## နှစ်ဦးသဘောတူ ကွာရှင်းပြီးကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် ဦးရဲထွန်းနိုင် ၁၃/လရန(နိုင်)၁၂၈၉၈၇ နှင့် ကျွန်မဒေါ်တင်မာလှိုင် ၁၃/လရန(နိုင်)၀၈၀၉၈၇ တို့သည် ၂၅–၄–၂၀၁၀ ရက်တွင် တရားဝင် အကြင်လင်မယားအဖြစ် ကွာရှင်းပြီးပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးရဲထွန်းနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ပေါက်တောရပ်ကွက်၊ ဦးထွေး ၉/ကဆန(နိုင်)၀၀၅၆၄၈ ပိုင်ဆိုင်သောမြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးထွေး ၉/ကဆန(နိုင်)၀၀၅၆၄၈**
**ဖုန်း–၀၉–၈၈၇၀၁၁၅၀၆**

## ဦးဇော်ဦး ၁၄/မမက(နိုင်)၀၁၀၆၁၇၊ ဒေါ်ဝေဝေလွင် ၁၄/မမက(နိုင်)၂၉၀၂၃၈ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၄)လမ်း၊ တိုက်(၁၂)၊ အခန်း(၂၀၈)၊ ဦးဇော်လွင်ဦး ဒေါ်အိအိမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးဇော်လွင်ဦး ၈/ပခက(နိုင်)၀၀၀၅၈၄ သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မုံရွာလမ်း၊ အမှတ်(၇၄၁)ဟု ခေါ်တွင်သော (၄၀ပေx၆၀ပေ) မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေငှားစာချုပ်အမှတ် (ရပသ/ဂရသ–၇၆၈/၁၆)ဖြင့် ၂၅–၃–၂၀၁၆ ရက်တွင် မြေငှားစာချုပ်ချုပ်ဆို၍ ဦးဇော်လွင်ဦး အမည်ဖြင့် အမည်ပေါက်ရရှိ၍ လက်ရှိလက်ရောက်ပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါလိပ်စာရှိ မြေနှင့်မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်လွင်ဦးနှင့် ဒေါ်အိအိမွန်တို့မှ ပိုင်ရှင်အစစ်အမှန်များဖြစ်ပါသည်။ ထို့ပြင် အထက်ဖော်ပြပါအဆောင်တွင် နေထိုင်နေသည့် ဦးဇော်ဦးနှင့်ဒေါ်ဝေဝေလွင်တို့ လင်မယားသည် ပိုင်ရှင်များ မဟုတ်ကြပါ။ ဦးဇော်လွင်ဦးနှင့် ဒေါ်အိအိမွန်တို့ လင်မယားသာ အမှန်တကယ်ပိုင်ရှင် အစစ်အမှန်များဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယမင်းထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၂၇) (၅–၁၂–၂၀၁၉)**
**ဖုန်း–၀၉–၉၅၇၄၅၇၉၂၄**

## အထူးကျေးဇူးတင်ရှိခြင်း

၃၁-၁-၂၀၂၀ရက် (သောကြာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးသိုက်ထွန်း(သဘော်အရာရှိ)နာမကျန်း၍ ဆေးရုံတက် ကုသနေစဉ်အနီးကပ်ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါသော Grand Hantha International ဆေးရုံမှ ဆရာဝန်ကြီးများနှင့် သူနာပြုများအားလည်းကောင်း၊ ဝမ်းနည်းကြောင်း နာရေးသတင်းမေးကြသူများ၊ သက်န်းနှင့်တကွ အခြားလှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့သူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့သူများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်အုန်းတင့်(ပြည်ကြီးတံခွန်စာပုံနှိပ်တိုက်)
### အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် ၂၇၊ လမ်း ၁၅၀၊ ကျောက်မြောင်းနေ (ဦးမြတ်သိန်း)ဒုဥ္စာနမှူး၊ အဆောက်အဦးအင်ဂျင်နီယာ(မြို့တော်စည်ပင်)၏ချစ်လှစွာသောဇနီး၊ (ဦးဖိုးမျှင်-ဒေါ်မြို့)တို့၏သမီး၊ ဒေါ်ဥမ္မာ(တရားလွှတ်တော်ရှေ့နေ)၊ ဦးလှမြင့်-ဒေါ်မြတ်သီတာ၊ (ဦးစိုးနိုင်)-ဒေါ်ဇင်မာ၊ ဦးကျော်ဝင်း-ဒေါ်သန္တာ၊ ဒေါ်သူဇာတို့၏ချစ်လှစွာသော မိခင်ကြီး၊ ဦးမင်းရဲဝင်း-ဒေါ်အေးမြတ်ခိုင်၊(ဦးအေးချမ်းဖြိုး)-ဒေါ်သဥ္စာကျော်၊ဦးမောင်မောင်မြတ်သူ-ဒေါ်အေးမြမိုး၊ ဦးကျော်စွာဦး-ဒေါ်အလိမ္မာကျော်၊ ဒေါက်တာနေလင်း၊ မောင်ပြည့်စုံအောင်၊ မောင်စည်သူတို့၏ ချစ်လှစွာသော အဘွား၊ မြစ် ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၂-၂၀၂၀ရက်မွန်းလွဲ ၁၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြိုင်
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် (၁၈၊ ပထမထပ်)နေ (ဦးသန်းမောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးစိန်)၏ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်သန်းညွန့်၊ ဦးသိုက်ထွန်း(ဒု-ထွေဂျာ၊ ငြိမ်း၊သ.ထ.ရ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်စိုးစိုး(သ.ထ.ရ- ငြိမ်း)တို့၏အစ်မကြီး၊ (ဒေါက်တာသန်းစိန်-ဒေါ်စန်းစန်းမြင့်)၊ ဦးဝင်းအောင်(ခ)ကောင်းကျော် (အယ်ဒီတာချုပ်၊ ဈေးကွက်ဂျာနယ်)-ဒေါ်တင်တင်စိန်(ဘ.ဓ.ရ-ငြိမ်း)၊ (ဦးမြင့်စိန်-ဒေါ်စန်းစန်းငွေ)၊ ဒေါ်သင်းသင်းစိန်၊ (ဦးခင်မောင်စိန်)၊ ဦးကျော်ဇောထွန်း-ဒေါ်ညွန့်ညွန့်စိန်(မန်နေဂျာ၊ ပ.တ.ရ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးထွန်းထွန်းဇော်-ဒေါ်သီတာစိန်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး (SSC)၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၀ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဘေဘီ
### လူသုံးကုန်ပစ္စည်းစက်ရုံ(ငြိမ်း)
### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၄)လမ်း၊ တိုက်(၄၅)၊ အခန်း(၁)နေ (ဦးချစ် ထွန်း-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးသက်ဝင်း-အဖွဲ့ခွဲမှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးရုံး)၏ဇနီး၊ (ဦးထွန်းထွန်းမင်း)-ဒေါ်သူဇာ၊ (ဒေါ်ခိုင်ခိုင်ဦး)၊ ဦးဝဏ္ဏဦး၊ ဦးကျော်ကျော်ဦး (ဆောက်လုပ်ရေး၊ ရန်ကုန်တိုင်း)-ဒေါ်အေးအေးအောင်(ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးညီညီထွေး-ဒေါ်ခင်မိုးဦး၊ ဦးဝင်းလှိုင်(CHID BANK)-ဒေါ်အေးသီတာဦး တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရှိန်
### အသက်(၆၉)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီဆွေ၏ ဖခင်ကြီး ဦးကျော်ရှိန်သည် ၃၁-၁-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိုက်ထွန်း အသက်(၆၅)နှစ်
### CDC 7370
### သဘော်အရာရှိ

ဒေါ်ယုယုတင် [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန(၃)]၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာကြည်သွယ်ထွန်း၏ဖခင် ဦးသိုက်ထွန်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်ငွေ၊ ဒေါ်ခင်အေးမြို့**
**ဒေါ်သန်းသန်းစိုး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ကြည်
### (ထားဝယ်မြို့)
### အသက်(၈၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တံငါရပ်၊ အမှတ် ၂၈၂နေ(ဒေါ်သန်းသန်းအေး)၊ ဒေါက်တာ ဒေါ်တင်တင်လှ(ပါမောက္ခ၊ ငြိမ်း၊ ဥပဒေပညာဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးမျိုးမင်း-ဒေါ်တင်တင်ငွေ၊ (ဦးမျိုးနိုင်)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်၁၁ယောက်တို့၏အဘွားသည် ၃၁-၁-၂၀၂၀ရက်(သောကြာနေ့)နံနက် ၁၁:၃၀ နာရီတွင် ရန်ကုန်မြို့ Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

(အမှတ် ၁၃၈၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၀ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၁)၊ အောင်ဘောဂလမ်းသွယ်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ လူနေရပ်ကွက်အမှတ် ကမာရွတ်၊ မြေကွက်အမှတ် ၄/ဗ-၆၊ ဧရိယာ ၀ဒသမ၀၁၄၄ကေ၊ မြေအမျိုးအစား (B-လန/၃၉)၊ မြေကွက်ပေါ်တွင် မြေအမည်ပေါက်ဖြစ်သူ ကျွန်ုပ်အမှုသည် ဒေါ်ဝင်းမြအေး ၉/မကန(နိုင်)၀၈၆၃၅၈မှ အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ တက္ကသီလာ(၁)လမ်း၊ အမှတ်(၅၄၇)ရှိ မြေဧရိယာ (၄၁x၆၀)ပေ၊ ၀ဒသမ၀၅၆ကေပေါ်ရှိ (၁)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးသီဟ ၈-၅-၂၀၀၅တွင် ကွယ်လွန်ပြီးအမွေဆက်ခံပိုင်ဆိုင်သူဒေါ်လှကေသီထံမှကျွန်ုပ်မိတ်ဆွေကရောင်းဖိုးငွေ၏အချို့အဝက်ကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၂၂၉/က)၊ ဓမ္မာရုံလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၀၇၈၀၉၀၁၊ ၀၉-၃၄၀၀၂၆၀၁၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာစိန်ဝင်း၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးဘိုးလှ(ဦးလှလေး)အသက်(၉၂)နှစ်သည် ၂၆-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1981-86( 16th Batch) B.D.S မှ သွားနှင့်ခံတွင်း ဆရာဝန်များ**

## အနိစ္စ

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးလဗျနော်လုံး လျှပ်စစ်မှူး(ငြိမ်း)
### အင်ဂျင်နီယာဌာန၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်
### အသက်(၇၈)နှစ်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ကုက္ကိုတောရပ်ကွက်နေ (ဆရာကြီး ဦးလဗျနော်)-ဒေါ်နန်းဇိန်းလုတို့၏ ဒုတိယသား၊ ဦးလဗျခန်း-ဒေါ်ဖော်နပ် ဘောက်တောင်တို့၏ညီ၊ ဒေါ်လဗျခေါန်-ဦးမရန်ဂွန်ဂျာ၊ ဒေါ်လဗျနဲမ်ဘူ-ဦးမရန်ခွန်နောင်၊ ဦးလဗျလဒင်-ဒေါ်မရန်နန်တောင်၊ဒေါ်လဗျဂျီးဂျာ-(ဦးစိန်မောင်)၊ ဒေါ်လဗျထုတောင်-ဦးအောင်မင်း၊ ဦးလဗျတူးရိန်-ဒေါ်ကရိန်မေခေါန်နူး၊ဦးလဗျယော်ထုန်-ဒေါ်ဝရှာ့ခေါန်၊ ဦးလဗျခါးလီ-ဒေါ်လဘန်ရွယ်နူး၊ ဦးလဗျရှုရွယ်-ဒေါ်နီနီဝင်းတို့၏ အစ်ကို၊ အမှတ် ၈ (၆လွှာ)၊ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ သင်းထောက်ဆရာမ ဒေါ်ဝဂျယ်ဘောက်ဂျာ(သူနာပြုဆရာမကြီး၊ မျက်စိအထူးကုဆေးရုံကြီး(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလဗျဘရန်ဂျာ-ဒေါ်ခင်စန်း @Marip Lu San၊ ဦးလဗျနော်ဆန်း၊ ဒေါ်လဗျမိုင်းရာ-Mr Holger Oelke @ Maran Sut Naw Man (Gremany)၊ ဦးလဗျအောင်မိုင်-ဒေါ်ဖော်စင်ဆိုင်းဘူတို့၏ဖခင်၊ မလဗျဂရေ့စ်ခေါန်အောင်၊ မောင်လဗျဒန်နီယယ်ဆွတ်ဒေးအောင် တို့၏ ချစ်လှစွာသောအဘိုး ဦးလဗျနော်လုံး(လျှပ်စစ်မှူး၊ငြိမ်း၊ အင်ဂျင်နီယာဌာန၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း)သည် ၃၁-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၅၅ နာရီတွင် ရန်ကုန်မြို့၊ ရွှေလမင်းဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

(စမ်းချောင်းမြို့နယ် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိုက်ထွန်း
### CDC 7370
### သဘော်အရာရှိ
### အသက်(၆၅)နှစ်

ချစ်သူငယ်ချင်းဒေါ်ယုယုတင်(B.Ed.79) [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊အခြေခံပညာဦးစီးဌာန(၃)]၏ ချစ်လှစွာသော ခင်ပွန်း ဦးသိုက်ထွန်းသည် ၃၁-၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(B.Ed.79) သူငယ်ချင်းများ**
**ခင်သက်တင်(U.S.A)၊ နေဝင်းသော်-ခင်ချိုချို၊ ကြွယ်ကြွယ်၊ မြသီတာ၊**
**ကြည်ကြည်မြင့်၊ လွင်လွင်စိန်၊ ချိုချို၊ လှိုင်လှိုင်ကျော်**

## ဦးကျော်မောင်
### ပြည်မြို့
### အသက်(၅၉)နှစ်

မကွေးတိုင်းဒေသကြီး၊ ကိုးပင်မြို့နေ (ဦးသိန်းရွှေ-ဒေါ်သိန်းကြည်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ (ဦးတင်ငွေ)-ဒေါ်လှသွင်တို့၏ သားသမက်၊ ဒေါ်စန်းရီငွေး၏ခင်ပွန်း၊ ကိုကောင်းဦးကျော်-မစုရည်ဝင်းကျော်၊ မထက်ရည်လင်းကျော်တို့၏ ချစ်လှစွာသောဖခင်သည် ၂-၂-၂၀၂၀ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၀ရက်(စနေနေ့)နံနက်တွင် ပြည်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးချိုမြင့်[B.A(Law) LL.B]
### အုပ်ချုပ်မှုဒါရိုက်တာ (မြင့်မိသားစုကုမ္ပဏီလီမိတက်)၊ (မြတ်နန်းယုံ ကုမ္ပဏီလီမိတက်)
### မြတ်နန်းယုံ ဟိုတယ်(နေပြည်တော်/ မန္တလေး)
### (မြတ်နန်းယုံ ငွေရေးကြေးရေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်)
### အသက်(၆၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျွဲဆည်ကန်(၃)လမ်း၊ ဃ-၂၃၊ မြင့်ရိပ်မွန်နေ ဦးလှမြင့်-ဒေါ်ရီရီညွန့်(မြင့်မိသားစုကုမ္ပဏီ)တို့၏ချစ်လှစွာ သောသားကြီး၊ ဒေါ်ခင်ခင်မြင့်(အထက-၁၆၊ ငြိမ်း)၊ ဦးဇော်မြင့်(မြင့်မိသားစုကုမ္ပဏီ)-ဒေါ်မြပေါ်တိုး၊ ဦးကျော်ကျော်မြင့်(မြင့်မိသားစုကုမ္ပဏီ)-ဒေါ်ကြွယ်ကြွယ်၊ ဦးဝင်းမောင်(ရွှေနန်းသစ်ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်စိုးစိုးမြင့်၊ ဒေါ်စန္ဒာမြင့်(အထက-၁၆၊ ငြိမ်း)၊ ဦးမင်းထွဋ်ဟန်(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-(ဒေါ်ဥမ္မာမြင့်)၊ Capt.ဇော်ဟိန်း(wing air indonesia)-ဒေါ်ရီသန္တာမြင့်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်ခွဲ ၊ တေးနုယာဉ်လမ်း၊ ခြံအမှတ်(၄၅-F)နေ ဒေါ်စန္ဒာ(မြတ်နန်းယုံဟိုတယ်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၁-၂၀၂၀ရက် မွန်းလွဲ ၁၂:၁၈ နာရီတွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်ညီမများ မိသားစု**
**ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခင်နီလာဝင်း၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်မေသူဝင်း၊**
**ဒေါ်အိအိအောင်၊ ဒေါ်နှင်းနှင်းတိုး၊ ဒေါ်ယုံရင်၊ ဒေါ်မိုးမိုးလွင်၊**
**ဒေါ်မွန်မွန်အောင်၊ ဒေါ်ခင်စိုးမြင့်၊ ဒေါ်ကြည်ကြည်မြင့်**

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၆/၂၀၂၀) ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

**2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၆/၂၀၂၀) ကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။**

အစည်းအဝေးတွင် တက်ရောက်လာကြသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေ ပြည်နယ် ဝူဟန်မြို့မှ မြန်မာနိုင်ငံသား ပညာသင် ၆၃ ဦးအနက် ၅၉ ဦးသည် ယနေ့နံနက် ၄ နာရီတွင် ဝူဟန်မြို့မှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်းနှင့် ကျန်ရစ်ခဲ့သူများအနက် တစ်ဦးမှာ တရုတ်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ခြင်းကြောင့် လည်းကောင်း၊ တစ်ဦးမှာ ပြည်နယ်ပြင်ပ ရောက်ရှိနေသောကြောင့် လည်းကောင်း၊ ကျန်နှစ်ဦးမှာ ကိုယ်အပူချိန်မြင့်မားနေသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သောကြောင့် လည်းကောင်း လိုက်ပါလာနိုင်ခြင်း မရှိကြောင်း သတင်း ရရှိမှု။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည့် ကျောင်းသူကျောင်းသားများအား မန္တလေးမြို့ရှိ စာမျက်နှာ ၁၀ ကော်လံ ၁ ❋



2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၆/ ၂၀၂၀) ကျင်းပစဉ်။



ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် " သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀"ပွဲတော်ကြီးသို့ ဖေဖော်ဝါရီ ၂ ရက် (ဒုတိယနေ့)က လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

## သွေးချင်းတို့ရဲ့ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများ(၂)

စာ ၈

## အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအဖြစ် မြန်မာနှင့် တောင်ကိုရီးယားအသင်း ယနေ့ ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး တတိယအဆင့် ခြေစစ်ပွဲအုပ်စု ပထမနေ့ကို ဖေဖော်ဝါရီ ၃ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်တောင်ကိုရီးယားအသင်းနှင့် အဖွင့်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(က) ပွဲစဉ်များကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းသည် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် စာမျက်နှာ ၁၂ ကော်လံ ၅ ❖

